# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်၊ ၂၀၀၆ ခုနှစ်၊ ဩဂုတ် ၁၃ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၅)၊ အမှတ် (၃၁၄)


| နိုင်ငံရေးဦးတည်ချက်(၄)ရပ် | စီးပွားရေးဦးတည်ချက်(၄)ရပ် | လူမှုရေးဦးတည်ချက်(၄)ရပ် |
|---|---|---|
| * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး<br>* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး<br>* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး<br>* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး | * စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး<br>* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး<br>* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး<br>* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံ တော်နှင့် တိုင်းရင်းသား ပြည်သူ တို့၏ လက်ဝယ်တွင်ရှိရေး | * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး<br>* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး<br>* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး<br>* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |

## သိင်္ဂါလောဝါဒသုတ္တန် မှ တပည့်ကျင့်ဝတ်(၅)ပါး

မြတ်စွာဘုရားရှင်သည် သူကြွယ်သား သိင်္ဂါလလူငယ်အား "တောင်အရပ်မည်သော ဆရာတို့ကို တပည့်များအနေဖြင့် ပြုစုစောင့်ရှောက်အပ်သော တရားငါးပါးရှိကုန်သည်"ဟု ဟောကြားခဲ့ပါသည်။ တပည့်များအနေဖြင့် အောက်ပါတာဝန်ဝတ္တရားများကို ဆရာသမားများ အပေါ်တွင် ကျေပွန်စွာ ရှိသေမှုပြုကြရန် လိုအပ်ပါသည်–

- တပည့်တို့သည် ညီညီညွတ်ညွတ်ဖြင့် ထထကြွကြွ လုံ့လဝီရိယရှိကြခြင်းဖြင့်လည်းကောင်း၊
- ဆရာသမားများ၏ ဆိုဆုံးမသောစကားများကို ရှိသေစွာလိုက်နာခြင်းဖြင့်လည်းကောင်း၊
- ဆရာသမားများ ခရီးမှပြန်လာသည့်အခါတွင် ဆရာ၏ပစ္စည်းပစ္စယများကို ဆီးကြို၍ ခရီးဦးကြိုဆိုခြင်းဖြင့်လည်းကောင်း၊
- ဆရာသမားများထံတွင် အနီးကပ် ချဉ်းကပ် ခြေဆုပ်လက်နယ် ပြုစုလုပ်ကျွေးခြင်းဖြင့် လည်းကောင်း၊
- ဆရာသမားများသင်ကြားသည့် စာပေကျမ်းဂန်နှင့် အတတ်ပညာများကို အမြဲမပြတ် သင်အံ့ရွတ်ဆို ကျက်မှတ်ခြင်းဖြင့်လည်းကောင်း

မိမိတို့ ဆရာသမားများကို ပြုစုကြရကုန်၏။

**<u>တပည့်ကျင့်ဝတ်(၅)ပါး လင်္ကာ</u>**

**ညီညာထကြွ၊ ဆုံးမနာယူ**
**လာမူကြိုဆီး၊ ထံနီးလုပ်ကျွေး**
**သင်တွေးအံ့ရွတ်၊ တပည့်ဝတ်**
**မချွတ်ငါးခုသာ။**

ဆရာကို အစဉ်ရိုသေသောတပည့်သည် ကောင်းမြတ်သော မင်္ဂလာအပေါင်းနှင့် ပြည့်စုံနေမှုကြောင့် နတ်ကောင်းနတ်မြတ်တို့ စောင့်ရှောက်ကြကုန်၏။ လိမ္မာသောတပည့်များအား ဆရာကောင်း သမားကောင်းများက ချစ်ခင်သကဲ့သို့ သူတော်ကောင်းများကလည်း အစဉ်သဖြင့် နှစ်သက်ကြကုန်၏။ ထိုထိုသော ကောင်းမှုကံ အကြောင်းတရားများကြောင့် တပည့်အလိမ္မာများသည် အစဉ်သဖြင့် လောကီ လောကုတ္တရာ ကောင်းကျိုးနှစ်ဖြာပြည့်စုံ၍ အထွတ်အထိပ်သို့ ရောက်ကြရ၏။

**"ဆရာစကား နားထောင်ငြားက သံပြားကျောက်စောင်း ကျိုးသော်ပျောင်း၏"**ဟူ၍ ဆိုရိုးစကား ရှိခဲ့လေသည်။

သို့သော် ဆရာစကားကို နားမထောင်၊ ဆရာသမား၏ ကျေးဇူးကိုလည်း မသိတတ်သည့် တပည့်များသည် ဘေးဥပဒ်အန္တရာယ်နှင့် တွေ့ကြုံတတ်သည်ကို "ဆရာကာပြန်၊ အာခေါင်လှံစူး" ဆိုသည့် ပုံဝတ္ထုမှ သင်ခန်းစာယူဖွယ် တွေ့ရပါမည်။

အခါတစ်ပါး လူငယ်တစ်ယောက်သည် ဓား၊ လှံ လက်နက်တို့ဖြင့် ကျွမ်းကျင်စွာ ကစားပြနိုင်သည်ကို အားရလှသဖြင့် ဘုရင်မင်းမြတ်က ဆုလာဘ်များချီးမြှောက်ပြီးလျှင် အသင့်ဆရာ မည်သူနည်းဟု မေးမြန်းသောအခါ ၎င်း၏ဆရာ တိရစ္ဆာန်ဗျိုင်းငှက်သည် ငါးငယ်များကို မြှောက်တင်ဖမ်းယူစားသောက်သည်ကို အတုယူ၍ ဓား၊ လှံလက်နက်တို့ဖြင့် လေ့ကျင့်ကစားရာမှ တတ်မြောက်ခဲ့သည့် မြင်ဆရာ ဗျိုင်းငှက်၏ ဂုဏ်ပုဒ်ကို ထုတ်ဖော်ပြောဆိုခြင်း မပြုလိုသဖြင့် "ကျွန်ုပ်မှာ ဆရာမရှိ၊ မိမိဘာသာ လေ့ကျင့်တတ်မြောက်ပါသည်"ဟု ဖြေကြားခဲ့သည်။ ထိုမှသားစကား အကုသိုလ်ကံကြောင့် နောက်ဆုံးအကြိမ် ဓား၊ လှံ လက်နက်တို့ဖြင့် ကစားရာဝယ် ဆရာ့ကျေးဇူး မသိတတ်သည့်လူငယ် အာခေါင်လှံစူး၍ သေပွဲဝင်ခဲ့ရသည့်သာဓကကို သင်ခန်းစာယူ၍ ယခုခေတ် ဆရာကို မရိုသေတတ်သည့် တပည့်များ အထူးသတိထားရန် လိုအပ်ပေသည်။

**(သာသနာရေး)**





**ဝန်တံတား (မြို့ကွင်း)**

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း ဝန်တံတား (မြို့ကွင်း) တည်ဆောက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

# ဝန်တံတား(မြို့ကွင်း)စီမံကိန်း စံချိန်စံညွှန်းမီသတ်မှတ်ချိန်အတွင်းပြီးစီးရေးကြိုးပမ်း
# အမယ်သစ်သီးနှံ ငရုတ်ကောင်းကို တစ်နိုင်တစ်ပိုင်မှသည် တစ်အုပ်တစ်မစိုက်ပျိုး
# ခြံစည်းရိုးကြက်ဆူပင်များ ရည်မှန်းချက်ပြည့်မီကျော်လွန်အောင် ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၂**

ဧရာဝတီတိုင်း မြန်အောင်မြို့နယ်၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ဩဂုတ် ၁၀ရက် နံနက် ၈နာရီတွင် ပုသိမ်–မုံရွာလမ်း မိုင်တိုင် အမှတ် ၃၈/၁ ရှိ နယ်မြေခံတပ်နယ်၏ ကြက်ဆူပင်စိုက်ကွက်အမှတ်(၁)သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ကြက်ဆူပင်များ စိုက်ပျိုးထားမှုကို လိုက်လံရှင်းလင်း ပြသကြသည်။

***စာမျက်နှာ ၉ ကော်လံ ၁*** ●

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်)

# အာဟာရနှင့် မိခင်မေတ္တာ ပိုမိုရရှိနိုင်သော မိခင်နို့ရည်

မိခင်နို့တိုက်ကျွေးခြင်းသည် ကလေးသူငယ်များ၏ အသက်ရှင်သန်ကျန်းမာရေး၊ ကိုယ်ခန္ဓာ ကြီးထွား ဖွံ့ဖြိုးရေးတို့အတွက် အလွန်အရေးကြီးသည်။

**“တုနှိုင်းမမီ အမိနို့ရည်”**ဟု ဂုဏ်ပြုတင်စားကြသည့်အတိုင်း မည်သည့်နို့အစားထိုး အစားအစာမှ မိခင်နို့ထက် သာလွန်ကောင်းမွန်ခြင်းမရှိ။ မိခင်နို့ရည်နှင့် ဂုဏ်သတ္တိချင်းယှဉ်တု၍ မရနိုင်။ နွားနို့နှင့် လူနို့တွင်ပါဝင်သော အာဟာရဓာတ်များပါဝင်ပုံချင်း ကွဲပြားခြားနားသည်။ နွားလေးအတွက် နွားမကြီးထံမှ ရရှိသောနွားနို့သည် အကောင်းဆုံးဖြစ်ပြီး ကလေးများအတွက် ၎င်းမိခင်၏နို့သည်သာ အကောင်းဆုံး အာဟာရဖြစ်ကာ သဘာဝတရားကပေးသော လက်ဆောင်မွန်လည်း ဖြစ်သည်။

ခေတ်မီနည်းပညာများဖြင့် နွားနို့ကို မိခင်နို့နှင့်တူအောင် တိုးတက်ကြံဆောင် ထုတ်လုပ်ထားကြသော်လည်း မိခင်နို့ကို တူညီအောင် ပြုလုပ်နိုင်ခြင်း မရှိသေးပေ။ ကလေးသူငယ်များကို ရောဂါကာကွယ်ပေး နိုင်သော သက်ရှိဆဲလ်(သွေးဖြူဥ)များနှင့် ပဋိပစ္စည်းများသည် မိခင်နို့တွင်သာ ပါဝင်သည်။ ထို့ကြောင့် မိခင်နို့ကို သောက်စို့ခွင့်ရသော ကလေးများသည် ကလေးသူငယ်များတွင် အဖြစ်များသော ဝမ်းလျှော၊ ဝမ်းပျက်ရောဂါနှင့် အသက်ရှုလမ်းကြောင်းမှ ပိုးဝင်၍ဖြစ်သော အဆုတ်ရောင်ရောဂါများဖြစ်ပွားမှု သိသိသာသာ နည်းပါးသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် ကမ္ဘာ့ကျန်းမာရေး ညီလာခံကြီးက ရင်သွေးငယ်များအားလုံးကို မိခင်နို့တိုက်ကျွေးခဲ့လျှင် ကမ္ဘာပေါ်ရှိ ကလေးများ၏ သေဆုံးနှုန်းကို နှစ်စဉ် ၁ဒသမ၅သန်းထက်ပို၍ လျှော့ချနိုင်မည်ဟု ခန့်မှန်းတွက်ဆထားသည်။

မိခင်တစ်ယောက်သည် မိမိရင်သွေးကို ထွေးပိုက်ယုယစွာ နို့ချိုတိုက်ကျွေးနေခြင်းဖြင့် မိခင်က ကလေးအတွက် လိုအပ်သော အာဟာရဓာတ်များကိုသာမက မိခင်၏ ချစ်ခြင်းမေတ္တာကိုပါ ပိုမိုပေးစွမ်းနိုင်သည်။ ထို့ကြောင့် မိခင်နို့သောက်စို့ရသော ကလေးများသည် စိတ်ဓာတ်ကျန်းမာ ကြံ့ခိုင်စေသည်၊ မိခင်နှင့်ကလေး အပြန်အလှန်ချစ်ခင်တွယ်တာမှု သံယောဇဉ်ကို ပိုမိုတိုးပွားစေသည်။

သို့ဖြစ်၍ မိခင်များက ကလေးသူငယ်များအား မိခင်နို့ရည်ကို စနစ်တကျ တိုက်ကျွေးကြခြင်းဖြင့် မိခင်ထံမှကလေးအတွက် လိုအပ်သည့် အာဟာရဓာတ်သာမက ချစ်ခြင်းမေတ္တာကိုပါ ပိုမိုရရှိနိုင်မည် ဖြစ်ပေသည်။ ။



လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး လယ်ယာ-သစ်တောစိုက်ပျိုးရေး သင်တန်းကျောင်းတွင် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။ (လယ်ယာ/ဆည်မြောင်း)

## မြဝတီရုပ်မြင်သံကြား

**၁၃-၈-၂၀၀၆ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ ကျန်းမာရွှင်လန်း ယောဂအစွမ်း
၇:၁၅ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဆရာတော် ဦးဃောသိတ တရားတော် **“သောတာပန်စိတ်ထား အင်္ဂါ ခုနစ်ပါး”**

**နေ့လယ်ပိုင်း**

၁၂:၀၀ ၁။ မြဝတီအဖွင့်
၁၂:၀၅ ၂။ အဖွင့်သီချင်း
၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂:၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၂:၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **“သူငယ်ချင်း”**
၁၃:၅၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ လက်စွမ်းပြပဟန်ဂီတသံ
၄:၃၀ ၅။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၄:၅၀ ၆။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၀၀ ၇။ အမေးကမ္ဘာတွေးစရာ
၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၉။ နိုင်ငံတကာသတင်း
၆:၂၀ ၁၀။ မိုးလေဝသသတင်း
၆:၂၅ ၁၁။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၂။ လျှပ်တစ်ပြက်
၆:၄၅ ၁၃။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“လျှို့ဝှက်ချက်”** (အပိုင်း-၃)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၇။ ပဟေဠိနန်းတော်
၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၉။ အင်္ဂလိပ်ပရီမီယာလိဂ် EPL ဘောလုံးပွဲ [Community Shield] Liverpool Vs Chelsea

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။
(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမှိတ်မသုန် အကောင်အထည်ဖော်သွားမည်။
(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။
(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။
(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။
(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

## လယ်ယာ-သစ်တော စိုက်ပျိုးရေးသင်တန်းကျောင်း
## ၁၀ နှစ်မြောက် အခမ်းအနားကျင်းပ

နေပြည်တော် ဩဂုတ် ၁၂

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် ဂျပန်နိုင်ငံမှ အစိုးရမဟုတ်သော အဖွဲ့အစည်းအို့ုက်စကာ (OISCA) အဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် လယ်ယာ-သစ်တော စိုက်ပျိုးရေး သင်တန်းကျောင်း တည်ထောင်ဖွင့်လှစ်သည့်(၁၀)နှစ်မြောက် အခမ်းအနားကို ဩဂုတ်၆ရက်နံနက်၁၀နာရီက မကွေးတိုင်း ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ပခန်းကြီးကျေးရွာရှိ လယ်ယာ-သစ်တော စိုက်ပျိုးရေးသင်တန်းကျောင်း၌ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦး တက်ရောက်အမှာစကားပြောကြားသည်။**

### နှုတ်ခွန်းဆက်စကား

ရှေးဦးစွာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ဆက်လက်၍ ဂျပန်နိုင်ငံ သံအမတ်ကြီး Mr. Nobutake Odano က နှုတ်ခွန်းဆက် စကား ပြောကြားသည်။ ယင်းနောက် OISCA အဖွဲ့ဥက္ကဋ္ဌ Dr. Yoshiko Nakano နှင့် ဂျပန်ဧည့်သည်တော်များ ကိုယ်စား Mr.Masa Yuki Sugiura တို့က နှုတ်ခွန်း ဆက်စကား ပြောကြားကြသည်။

### ဂုဏ်ပြုလွှာပေးအပ်

ထို့နောက် OISCA အဖွဲ့ဥက္ကဋ္ဌနှင့် သင်တန်းကျောင်းအုပ်ကြီးတို့က မြန်မာနိုင်ငံရှိ OISCA လုပ်ငန်းများကို ကူညီဆောင်ရွက်ခဲ့ကြသော အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ ကျောင်းများအား ကျေးဇူးတင် ဂုဏ်ပြုလွှာများပေးအပ်ကြသည်။

### အမှတ်တရလက်ဆောင်ပေးအပ်

ဆက်လက်၍ ဂျပန်ဧည့်သည်တော်များကိုယ်စား Mr. Masa Yuki Sugiura က ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား အမှတ်တရလက်ဆောင်ပေးအပ်သည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးစီမံကိန်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွဋ်ဦးက ဂျပန်နိုင်ငံ သံအမတ်ကြီးနှင့် OISCA ဥက္ကဋ္ဌတို့အား အမှတ်တရလက်ဆောင် ပေးအပ်သည်။ **(သတင်းစဉ်)**


၂၀၀၆-၂၀၀၇ ပညာသင်နှစ်

**ကျောင်းကျန်းမာရေးသီတင်းပတ်**

၂၀၀၆ ခုနှစ်၊ ဩဂုတ်လ (၁၄)ရက်မှ (၁၉)ရက်
**အခြေခံပညာကျောင်းအားလုံး ပါဝင်ဆောင်ရွက်ကြပါစို့**

ပညာရေးဝန်ကြီးဌာန

## မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) ပညာပေးဟောပြောပွဲ အထက(၁) ကျောက်တန်း၌ကျင်းပ

**ရန်ကုန် ဩဂုတ် ၁၂**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)က ကျန်းမာရေးပညာပေးဟောပြောပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ကျောက်တန်းမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ကျင်းပရာ ဒေါ်ခင်နွယ်နွယ် ဦးဆောင်သော ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းနှင့် ရန်ကုန်တောင်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပညာရေးဌာနနှင့် ကျန်းမာရေးဌာနတို့မှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့်ကျောင်းသား ကျောင်းသူ ၅၀၀ခန့် တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါ်ခင်နွယ်နွယ်က ကျောင်းကျန်းမာရေးပညာပေးဟောပြောပွဲ ကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ဗဟိုအလုပ်အမှုဆောင် ဒေါ်သဇင်နွယ်က ကိုယ်ရည်ကိုယ်သွေးအစ တစ်ကိုယ်ရေကျန်းမာရေးကဟူသော အကြောင်းကိုလည်းကောင်း၊ ဗဟိုအလုပ်အမှုဆောင် ဒေါက်တာသန်းဦးက ကျောင်းကျန်းမာရေးနှင့်ပတ်သက်၍ စင်လေးစင်အကြောင်း ပညာပေးဟောပြောခြင်းနှင့်ဆန်းစစ်ခြင်းတို့ကိုလည်းကောင်း ဆောင်ရွက်ကာ ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဗဟိုအလုပ်အမှုဆောင် ဒေါ်ခင်နွယ်နွယ်က ဆုများချီးမြှင့်၍ ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်ရီက ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း(ဗဟို) မှ ကျန်းမာရေးပညာပေးဟောပြောပွဲကို ကျောက်တန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါ်သဇင်နွယ် ကျန်းမာရေးပညာပေး ဟောပြောစဉ်။** (မိခင်/ကလေး)

## (၁၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်

၁။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန် ထက်မြက်မြင့်မားရန်၊

၂။ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်၊

၃။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာ စစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်၊

၄။ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရန်၊

၅။ လူငယ်ထု၏စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရန်၊

၆။ တိုင်းတစ်ပါး ယဉ်ကျေးမှုလွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်၊

၇။ စစ်မှန်သောပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ပိုမိုရှင်သန် ခိုင်မာစေရန်။

## Symbol Rate ပြောင်းလဲဖမ်းယူနိုင်ရေးကြေညာ

**ရန်ကုန် ဩဂုတ် ၁၂**

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကို ဂြိုဟ်တုမှတိုက်ရိုက်ဖမ်းယူ ကြည့်ရှုသူများအတွက် လက်ရှိ Symbol Rate (12.5 Msym/sec) အစား (15.0 Msym/sec) သို့ပြောင်းလဲထုတ်လွှင့်မည်ဖြစ်သဖြင့် ဩဂုတ်၁၈ရက် နံနက်၁၀နာရီမှစတင်ကာ ပြောင်းလဲထည့်သွင်းဖမ်းယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်း အတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

**၂၀၀၆ ခုနှစ် ဩဂုတ်လအတွက်**

**(၁၃-၈-၂၀၀၆)ရက်နေ့**

**နှင့်**

**(၂၇-၈-၂၀၀၆)ရက်နေ့**

## ၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

## အတီးပြိုင်ပွဲဝင်များလေ့လာရန် သတ်မှတ်သော သီချင်းများ

**ယမန်နေ့ကအဆက်**

### ဆိုင်းတစ်ဦးချင်း

၁။ **ပညာရှင်အဆင့်**

(က) ဇမ္ဗူကျွန်းလုံး (သီချင်းခံ)
(ခ) တောင်ဇမ္ဗူပိုင် (ယိုးဒယား)
(ဂ) အောင်မင်္ဂလာ (ယိုးဒယား)
(ဃ) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)
(င) ပုံပမာ (ကြိုး)
(စ) ရွှေပန်းပန်နှင့်ကိုယ်တော်နှင်းနံ့ (လေးထွေသံကတ်)
(ဆ) ဘုန်းများများမင်း (ပတ်ပျိုး)
(ဇ) စိုးအမ္ဗုန်မှူး (ပတ်ပျိုး)

၂။ **ဝါသနာရှင်အဆင့်**

(က) ဘုန်းမိုးသွန်းလောင်း (သီချင်းခံ)
(ခ) ဆန်းနွေဦး (ယိုးဒယား)
(ဂ) ဂန္ဓမာရိပ်သာ (ပတ်ပျိုး)

၃။ **အဆင့်မြင့်ပညာအဆင့်**

(က) ယသော်ရောဓ (ယိုးဒယား)
(ခ) မင်းလမ်းစပ်ကာ (ကြိုး)
(ဂ) မှိုင်းမှိုင်းမြ (သီချင်းခံ)

၄။ **အခြေခံပညာ(၁၅-၂၀)အဆင့်**

(က) မှန်ရဝေ (ပတ်ပျိုး)
(ခ) နန်းဘုံသီဟာဇွေ (ယိုးဒယား)
(ဂ) ကျွန်းကျွန်းပိုင်သ (ကြိုး)

၅။ **အခြေခံပညာ(၁၀-၁၅)အဆင့်**

(က) ပြောင်ပြောင်ပြောင်နာဂန် (ကြိုး)
(ခ) ရွှေပြည်ကြီးဧရာ (ကြိုး)
(ဂ) သူရကန် (ပတ်ပျိုး)

၆။ **အခြေခံပညာ(၅-၁၀)အဆင့်**

(က) ထွေတလာ (ကြိုး)
(ခ) ဇေယျာမြို့ (ကြိုး)
(ဂ) သီဒါသီဒါမြသား (ကြိုး)

### မယ်ဒလင်

၁။ **ပညာရှင်အဆင့်**

(က) စိန်ကြောင်နီလာ (ပတ်ပျိုး)
(ခ) အောင်မြေမြမန်း (ပတ်ပျိုး)
(ဂ) နှင်းယွန်းခါဟေမန် (ယိုးဒယား)
(ဃ) တောဟေဝန်လယ် (ယိုးဒယား)
(င) ပြည်ပြည်မင်းပေါင်း (သီချင်းခံ)
(စ) ထောင်ရောင်နေကသာ (သီချင်းခံ)
(ဆ) မန္တလာဘုံ (ဘွဲ့)
(ဇ) ရီရီဆိုင်းဆိုင်း (ကြိုး)

၂။ **ဝါသနာရှင်အဆင့်**

(က) မြိုင်ခြေခိုင်ရွှေ (ပတ်ပျိုး)
(ခ) ဟေမဝန်ချာ (ဘွဲ့)
(ဂ) မင်းကုသ (ကာလပေါ်)

၃။ **အဆင့်မြင့်ပညာအဆင့်**

(က) ဟေဝန်မြိုင်လမ်း (ယိုးဒယား)
(ခ) ဘုန်းမိုးရွာစွေ (ကြိုး)
(ဂ) ဂုဏ်တော်ဖွင့် (ကာလပေါ်)

၄။ **အခြေခံပညာ(၁၅-၂၀)အဆင့်**

(က) အောင်မင်္ဂလာ (ယိုးဒယား)
(ခ) မင်္ဂလာသီရိ (ဘွဲ့)
(ဂ) ဖုတ်သွင်းရထား (ကာလပေါ်)

၅။ **အခြေခံပညာ(၁၀-၁၅)အဆင့်**

(က) ကန္တာတောခြေ (ယိုးဒယား)
(ခ) တီးရွှမ်းအောင်စည် (ကြိုး)
(ဂ) သုခုမ (ကာလပေါ်)

၆။ **အခြေခံပညာ(၅-၁၀)အဆင့်**

(က) ဇေယျာမြို့ (ကြိုး)
(ခ) သာယာ (ကြိုး)
(ဂ) ပျို့မောင်ဖုန်း (ကာလပေါ်)

### ဂီတာ

၁။ **ပညာရှင်အဆင့်**

(က) ချစ်သမျှကို (ပတ်ပျိုး)
(ခ) သာဆန်းရဂုံဘွေ (ပတ်ပျိုး)
(ဂ) ဆယ်ဆယ်ရောင် (ဒိန်းသံ)
(ဃ) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)
(င) အမင်းမင်းခရ (သီချင်းခံ)
(စ) မင်္ဂလာသီရိ (ဘွဲ့)
(ဆ) တောမြိုင်ခြေလမ်း (ယိုးဒယား)
(ဇ) မန်းတောင်လက်ယာ (ယိုးဒယား)

၂။ **ဝါသနာရှင်အဆင့်**

(က) ထူးမခြားနား (သီချင်းခံ)
(ခ) ခါနွေဆန်း (ယိုးဒယား)
(ဂ) ပတ္တမြားပလ္လင် (ကာလပေါ်)

၃။ **အဆင့်မြင့်ပညာအဆင့်**

(က) မှိုင်းရိပ်ကယ်တည့် (ကြိုး)
(ခ) ဆန်းဆန်းသဥ္ဇာကြာညောင် (ယိုးဒယား)
(ဂ) အန္တရာယ်ကင်း (ကာလပေါ်)

၄။ **အခြေခံပညာ(၁၅-၂၀)အဆင့်**

(က) ဇေယျာအောင်ချာ (ကြိုး)
(ခ) သောင်းသောင်းညံ (ယိုးဒယား)
(ဂ) အောင်နိမိတ် (ကာလပေါ်)

၅။ **အခြေခံပညာ(၁၀-၁၅)အဆင့်**

(က) လူမနော (ပတ်ပျိုး)
(ခ) မြန်ခန်းကျွန်းတွင်း (ကြိုး)
(ဂ) ပိတောက်ရွှေဝါ (ကာလပေါ်)

၆။ **အခြေခံပညာ(၅-၁၀)အဆင့်**

(က) ဘုံဆောင်မြင့် (ကြိုး)
(ခ) ဝေဘာဂီရိ (ကြိုး)
(ဂ) အမေ့အိမ် (ကာလပေါ်)

*(ဆက်လက်ဖော်ပြပါမည်)*

# ဗြိတိန်သို့ ပျံသန်းမည့် ဂျာမနီလေကြောင်းခရီးစဉ်များဖျက်သိမ်း

ဘာလင် ဩဂုတ် ၁၂

**ဗြိတိန်လေယာဉ်များကို ဖောက်ခွဲဖျက်ဆီးမည်ဟု အကြမ်းဖက်ခြိမ်းခြောက်မှုကြောင့် ဗြိတိန်နိုင်ငံသို့ နေ့စဉ်ပျံသန်း ပြေးဆွဲနေသော လေယာဉ်ခရီးစဉ်အားလုံးကို ဂျာမနီနိုင်ငံက ပယ်ဖျက်လိုက်ကြောင်း ဩဂုတ် ၁၀ရက်၌ သတင်း ထုတ်ပြန်လိုက်သည်။**



**ဂျာမနီနိုင်ငံ ဖရန့်ဖတ်လေဆိပ်တွင် ခရီးသည်များ စောင့်ဆိုင်းနေရသည်ကို ဩဂုတ်၁၀ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ–အင်တာနက်)

ဂျာမနီနိုင်ငံရှိ အကြီးမားဆုံးလေကြောင်းလိုင်းနှင့် ဥရောပ ဒုတိယ အကြီးမားဆုံး လေကြောင်းလိုင်းဖြစ်သော လုဖ်သန်ဆာ လေကြောင်းကုမ္ပဏီသည် ဩဂုတ် ၁၀ရက် မွန်းလွဲ ၂နာရီမတိုင်မီ ဗြိတိန်သို့သွားမည့် ၎င်း၏လေကြောင်းခရီးစဉ်အားလုံးကို ဖျက်သိမ်းခဲ့ကြောင်း ဒီပီအေသတင်းဌာနက သတင်းထုတ်ပြန်သည်။

**ရှင်းရှင်းလင်းလင်း**

ထိုသို့ ဆောင်ရွက်ခဲ့ရမှုမှာ ဗြိတိန်နိုင်ငံရှိ ဟီသရိုးလေဆိပ်တွင် လုံခြုံရေးအခြေအနေ ရှင်းရှင်းလင်းလင်း မသိရမှုကြောင့် ဖြစ်ကြောင်း လုပ်ဖ်သန်ဆာ လေကြောင်းကုမ္ပဏီမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

**ဖျက်သိမ်း**

ထိုစဉ်အတွင်း ဂျာမနီ လေကြောင်းလိုင်း တစ်ခုဖြစ်သော အဲယားဘာလင် လေကြောင်းလိုင်းကလည်း ဗြိတိန်သို့အသွားနှင့် ဗြိတိန်မှလာသော လေယာဉ်ခရီးစဉ်များကို လုံခြုံရေး အခြေအနေအရ ဖျက်သိမ်းလိုက်ကြောင်း သတင်းထုတ်ပြန်လိုက်သည်။

**အမ်အင်အေ၊ဆင်ဟွာ**

## မြန်မာ့အလင်း နိုင်ငံခြားသတင်းများ

# အမေရိကန်သို့ ကိုကင်းသယ်ဆောင်သူအား ဖမ်းဆီးရမိ

**အာရီဇိုးနား ဩဂုတ် ၁၂**

မက္ကဆီကိုနိုင်ငံမှ ဖြတ်၍ အမေရိကန်နိုင်ငံအတွင်းသို့ ကိုကင်း ၁၇၅ ပေါင် တင်ဆောင်လာသော ကားကို မောင်း၍ ဖြတ်သန်းဝင်ရောက်လာသူ အသက် ၈၁နှစ်ရှိသူတစ်ဦးအား အမေရိကန် နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ ဖမ်းဆီးရမိခဲ့ကြောင်း တာဝန်ရှိသူများက ဩဂုတ် ၉ရက်က ပြောကြားသည်။

**ဖမ်းဆီးခဲ့**

အာရီဇိုးနားပြည်နယ် နိုဂေးလ်ဒေသမှ ရဲအရာရှိများသည် ကိုကင်းများကိုတွေ့ရှိခဲ့ပြီး အသက်ကြီးသော ၎င်းယာဉ်မောင်းအား ဩဂုတ်၈ရက်က ဖမ်းဆီးခဲ့ခြင်း ဖြစ်ကြောင်း အကောက်ခွန်နှင့် နယ်စပ်ကာကွယ်စောင့်ရှောက်ရေးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ လီဗင်က ပြောကြားသည်။

**အမ်အင်အေ၊ရိုက်တာ**

# အာရှ အကြီးဆုံးရထားဘူတာရုံ တရုတ် ရှန်ဟိုင်းမြို့၌ တည်ဆောက်မည်

**ရှန်ဟိုင်း ဩဂုတ် ၁၁**

ယခုနှစ်တွင် အာရှ၌ အကြီးဆုံးရထားဘူတာရုံကြီးဖြစ်မည့် အဆောက်အအုံအား စတင်တည်ဆောက်တော့မည်ဖြစ်ကြောင်း ရှန်ဟိုင်း မြူနီစပါယ်အုပ်ချုပ်ရေးအဖွဲ့က ဩဂုတ်၁၀ရက်က ကြေညာခဲ့သည်။

ယင်းဘူတာရုံကြီးသည် ရှန်ဟိုင်းမြို့၏ အနောက်ပိုင်းတွင် တည်ရှိမည်ဖြစ်ပြီး မြေဧရိယာ ၁ဒသမ၃၃သန်း စတုရန်းမီတာ အကျယ်တည်ဆောက်မည်ဖြစ်ကြောင်း ရှန်ဟိုင်းမီးရထားဗျူရိုမှ ညွှန်ကြားရေးမှူး လုလန်ကျင်းက ပြောကြားသည်။

**ခန့်မှန်းထား**

တည်ဆောက်ခြင်းလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ဘီလီယံနှင့် ၁ဒသမ ၈ဘီလီယံအကြား ကုန်ကျမည်ဟု ခန့်မှန်းထားသည်။ လုပ်ငန်းများအားလုံး ၂၀၁၀ပြည့်နှစ်တွင် ပြီးစီးမည်ဖြစ်ကြောင်း၊ ဘူတာရုံသစ်ကြီးအတွက် ဒီဇိုင်းပုံစံကို ရေးဆွဲပြီးဖြစ်ကြောင်း လု၏ပြောကြားချက်အရ သိရသည်။

ပေကျင်းနှင့်ရှန်ဟိုင်း အမြန်ရထားလိုင်း၊ ရှန်ဟိုင်းနှင့်နင်ဘို အမြန်ရထားလိုင်းနှင့် ရှန်ဟိုင်းနှင့်ဟန်ကျိုး သံလိုက်ရထားလိုင်းများ အပါအဝင် အမြန်ရထားလိုင်း လေးလိုင်းပြေးဆွဲသွားမည်ဖြစ်သည်။ ယခုလောလောဆယ်တွင် အာရှတွင် ခရီးသည်အများဆုံး သယ်ယူပို့ ဆောင်ပေးနေသော ဘူတာရုံသည် ပေကျင်းအနောက်ပိုင်း ဘူတာရုံဖြစ်ပြီး မြေအကျယ် ၅၁၀၀၀၀ စတုရန်းမီတာပေါ်တွင် တည်ဆောက်ထားသည်။ ယင်းဘူတာရုံကို ၁၉၉၆ခုနှစ်က စတင်အသုံးပြုခဲ့ကြောင်း လုက ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# အီတလီ ဆာဒီနီယာကျွန်း၌ အခြေစိုက်သည့် ကန်ရေငုပ်သင်္ဘောစခန်း ၂၀၀၈၌ ပိတ်သိမ်းမည်

ရောမ ဩဂုတ် ၁၂

**အီတလီနိုင်ငံ ဆာဒီနီယာကျွန်း၌ အခြေစိုက်ထားသော အငြင်းပွားဖွယ် နျူကလီးယားရေငုပ်သင်္ဘောစခန်းကို ၂၀၀၈ ခုနှစ် ပထမနှစ်ဝက်တွင် အမေရိကန်ရေတပ်က ပိတ်သိမ်းမည်ဖြစ်ကြောင်း အီတလီကာကွယ်ရေးဝန်ကြီးဌာနက ဩဂုတ် ၉ ရက်၌ ပြောကြားသည်။**

အဆိုပါ နျူကလီးယားရေငုပ်သင်္ဘောစခန်း အခြေစိုက်ထားခြင်းကို ပိတ်သိမ်းရန် နှစ်နိုင်ငံအစိုးရများက မကြာသေးသည့်ရက်များက ဆွေးနွေးကြပြီး သဘောတူညီခဲ့ခြင်းဖြစ်ကြောင်း အီတလီကာကွယ်ရေးဝန်ကြီးဌာနမှ ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားသည်။

ယင်းနှစ်နိုင်ငံသည် ၁၉၇၀ပြည့်လွန်နှစ်များက မက်ဒါလီနာရှိ အခြေစိုက်စခန်းကို ပိတ်သိမ်းရန် ပြီးခဲ့သော နိုဝင်ဘာလက မူအားဖြင့်သဘောတူညီထားသည်။ **အမ်အင်အေ၊ရိုက်တာ**

# ချက်နိုင်ငံ၌ ရထားနှင့်ကားတိုက်မိ

ပရာ့ဂ် ဩဂုတ် ၁၂

**ချက်နိုင်ငံ ပွန်တိုဗစ်ဒေသတွင် ဩဂုတ်၁၁ရက်က ရထားနှင့်ကား တိုက်မိသဖြင့် ဘတ်စ်ကားပေါ်ပါ လူသုံးဦးသေဆုံးပြီး အခြားသူများ ဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။**

ယင်းဘတ်စ်ကားသည် ပြင်သစ်၊ မက္ကဆီကို၊ ကိုလံဘီယာ၊ ကိုရီးယားနှင့်ဂျပန်နိုင်ငံများမှ ကမ္ဘာလှည့် ခရီးသည် ၄၂ဦးအား တင်ဆောင်မောင်းနှင်လာစဉ် မီးရထားက ၎င်းဘတ်စ်ကားကို ဝင်ရောက်တိုက်မိခဲ့ခြင်းဖြစ်သည်။

**ဖော်ပြ**

ယင်းတိုက်ခိုက်မှုကြောင့် ဘတ်စ်ကားယာဉ်မောင်းနှင့် အခြားနှစ်ဦး သေဆုံးခဲ့ပြီး အချို့မှာ ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ သေဆုံးသူများနှင့်ပတ်သက်၍ ရဲတပ်ဖွဲ့က ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း အေပီသတင်းတွင် ဖော်ပြထားသည်။ **(အေပီ)**



**ချက်နိုင်ငံ ပွန်တိုဗစ်ဒေသတွင် ရထားနှင့်ဘတ်စ်ကားတိုက်မိထားသည်ကို ဩဂုတ်၁၁ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ–အင်တာနက်)

# နာဂျက်မြို့ဈေး၌ ဗုံးဖောက်ခွဲတိုက်ခိုက် ၃၅ဦး သေဆုံး

**ဘဂ္ဂဒက် ဩဂုတ် ၁၂**

အီရတ်နိုင်ငံ နာဂျက်မြို့ရှိ လူစည်ကားသော ဈေးတစ်ဈေးတွင် အသေခံဗုံးဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် ဩဂုတ် ၁၀ရက်က လူ၃၅ဦးသေဆုံးပြီး ၁၂၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း အီရတ်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ဗုံးဖောက်ခွဲရန်လာသူအား ရဲတပ်ဖွဲ့နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ရပ်တန့်ခိုင်းစဉ် နံနက် ၁၀နာရီခန့်တွင် ဈေး၏ဝင်ပေါက်ရှိ ရဲကွန်မန်ဒိုစစ်ဆေးရေးဂိတ်တွင် ဖောက်ခွဲလိုက်ခြင်းဖြစ်သည်။ ယင်းပေါက်ကွဲမှုကြောင့် လူ ၃၅ဦးသေဆုံးခဲ့ကာ ၁၂၂ ဦးဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ဈေးမျက်နှာစာရှိ စတိုးဆိုင်များ အားလုံး ပျက်စီးသွားခဲ့သည်ဟု ဆင်ဟွာ သတင်းတွင် ဖော်ပြထားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# အပစ်အခတ်ရပ်ရန် ကုလလုံခြုံရေးကောင်စီဆုံးဖြတ်ချက် အစ္စရေးနိုင်ငံဝန်ကြီးချုပ် အိုမတ် လက်ခံလိုက်ပြီ

**ဂျေရုဆလင် ဩဂုတ် ၁၂**

အစ္စရေးနှင့် ဟစ်ဇ်ဘိုလာတို့ အပြန်အလှန် ပစ်ခတ်တိုက်ခိုက်နေမှုများကို အမြန်ဆုံး အဆုံးသတ်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏တောင်းဆိုမှုကို အစ္စရေးဝန်ကြီးချုပ် အီဟတ်အိုမတ်က ဩဂုတ်၁၁ရက်က သဘောတူလက်ခံလိုက်ပြီ ဖြစ်သည်။

**တိုက်တွန်းမည်**

ထိုသို့ အပစ်အခတ်ရပ်စဲမှုကို အစ္စရေးအစိုးရအဖွဲ့က လက်ခံရန် ဩဂုတ်၁၃ရက်၌ ပြုလုပ်မည့် အစိုးရအဖွဲ့ အစည်းအဝေးတွင် အစ္စရေးဝန်ကြီးချုပ် အိုမတ်က ၎င်း၏ဝန်ကြီးများအား တိုက်တွန်းမည်ဖြစ်သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ကြောင့် တစ်လကြာ အပြန်အလှန်တိုက်ခိုက်နေသော အစ္စရေးနှင့် ဟစ်ဇ်ဘိုလာတို့၏ တိုက်ခိုက်မှုများမှာ ပြီးဆုံးတော့မည်ဖြစ်ကြောင်း၊ အစ္စရေးပြည်တွင်းထုတ်သတင်းစာတစ်စောင်၌ ဖော်ပြသည်။ အဆိုပါ ဆုံးဖြတ်ချက်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ ကန့်ကွက်မဲမရှိ အတည်ပြုဆုံးဖြတ်ခဲ့ခြင်း ဖြစ်ကြောင်း။

**ဖော်ပြ**

အစ္စရေးအရာရှိများက လောလောဆယ်တွင် ဟစ်ဇ်ဘိုလာတို့အား ဆက်လက်တိုက်ခိုက်မှုများကို ဆက်လက် ပြုလုပ်နေမည်ဖြစ်ကြောင်း၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ သတ်မှတ်ချိန်အထိတိုက်ခိုက်နေမည် ဖြစ်ကြောင်း ပြောကြားသည်ဟု အဆိုပါသတင်းစာ၌ ဖော်ပြသည်။ **(အမ်အင်အေ၊ဆင်ဟွာ)**



တရုတ်နိုင်ငံ ဟေနန်ပြည်နယ် ပန်းပုသင်တန်းကျောင်းတွင် သင်တန်းသူတစ်ဦး သစ်မြစ် ပန်းပုထုလုပ်နေသည်ကို ဩဂုတ် ၉ ရက်က တွေ့ရစဉ်။

**(ဓာတ်ပုံ–အင်တာနက်)**



အာဂျင်တီးနားလုံခြုံရေးတပ်ဖွဲ့ဝင်များ စက်ရုပ်များအသုံးပြု၍ ဗျူနို့အေရိစ် နိုင်ငံတကာလေဆိပ်တွင် လုံခြုံရေးစောင့်ကြပ်နေသည်ကို ဩဂုတ် ၁၀ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# ထောင့်သန်းနာ ဘက်တီးရီးယားပိုးပါသည့်စာအိတ် နယူးယောက်ရဲတပ်ဖွဲ့ စစ်ဆေးတွေ့ရှိ

နယူးယောက် ဩဂုတ် ၁၂

**သံသယဖြစ်ဖွယ်ရှိသည့် အဖြူရောင်အမှုန့်များထည့်ထားသော စာအိတ်တစ်အိတ်အား ဖွင့်လိုက်ပြီးနောက် ဩဂုတ် ၉ ရက်က စစ်ဆေးမှုပြုလုပ်ရန်အတွက် ရဲအရာရှိနှစ်ဦးအား ဆေးရုံသို့စေလွှတ်ခဲ့ကြောင်း နယူးယောက်ရဲတပ်ဖွဲ့မှ ပြောကြားသည်။**

## ဖွင့်မိခဲ့

ယင်းရဲအရာရှိနှစ်ဦးသည် မန်ဟက်တန်မြို့လယ်ရှိ ရဲဌာနချုပ်တွင် စာအိတ်များ စစ်ဆေးရေးဌာနတွင် တာဝန်ထမ်းဆောင်နေသူများ ဖြစ်ကြသည်။ ၎င်းတို့သည် ဆုံးဖြတ်ရန်ခက်သည့် အဖြူရောင်အမှုန့်များပါသော စာအိတ်ကို ဖွင့်ခဲ့မိကြောင်း ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ပေါ်ဘရုံးက ပြောကြားသည်။

ဆေးရုံသို့ ရောက်သောအခါ ကြိုတင်လုပ်ဆောင်သည့်အနေဖြင့် ဆေးရုံတွင် ရေဒီယိုသတ္တိကြွပစ္စည်းများကို ရှင်းလင်းဖယ်ရှားခြင်း လုပ်ဆောင်ခဲ့သည်။ယင်းအဖြူရောင်အမှုန့်များသည် ထောင့်သန်းနာ ဘက်တီးရီးယားပိုးများ ဖြစ်နေသည်ကို တွေ့ရှိရကြောင်း ဘရုံးကပြောကြားသည်။

## စတင်ဖြစ်ပေါ်

အမေရိကန်နိုင်ငံတွင် ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက်က ကုန်သွယ်ရေးအဆောက်အအုံအား လေယာဉ်အပိုင်စီး၍ တိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် ရက်သတ္တ တစ်ပတ်အတွင်း ထောင့်သန်းနာဖြင့် တိုက်ခိုက်မှု စတင်ဖြစ်ပေါ်ခဲ့သည်။

## အနာတရဖြစ်

များစွာသော မီဒီယာရုံးများနှင့် အထက်လွှတ်တော်အမတ်နှစ်ဦးထံသို့ ထောင့်သန်းနာဘက်တီးရီးယားပိုးပါသော စာအိတ်များကို စာတိုက်မှတစ်ဆင့် ပေးပို့ခဲ့သည်။ ယင်းတိုက်ခိုက်မှုကြောင့် လူငါးဦးသေဆုံးပြီး ၁၇ဦး အနာတရ ဖြစ်ခဲ့ရသည်။

**အမ်အင်အေ၊ရိုက်တာ**

# ကြွက်များကို နှိမ်နင်းရန် တရုတ်၌ မြွေခွေးများကို လေ့ကျင့်ပေး

ယူရုမ္ဘိုင် ဩဂုတ် ၁၂

**တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ရှင်ကျန်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဂါဘန်တန်ဂုတ်သဲကန္တာရသည် တရုတ်နိုင်ငံ၏ ဒုတိယအကြီးဆုံး သဲကန္တာရဖြစ်ပြီး သဲကန္တာရကိုဖြစ်စေသော ကြွက်များကိုနှိမ်နင်းရန် တောရိုင်း မြေခွေးများကို လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။**

## ကျယ်ဝန်းအောင်လုပ်

ကြွက်များသည် သဲကန္တာရအနီးရှိ ပေါက်ရောက်နေသော သီးပင်စားပင်များကို စားသောက်လျက် သဲကန္တာရ ကျယ်ပြန့်လာအောင် လုပ်နေကြောင်း၊ စိုက်ခင်းဟက်တာတိုင်းတွင် ကြွက်တွင်းပျမ်းမျှအားဖြင့် တွင်းပေါင်း ၂၁၀ရှိကြောင်း၊ ကြွက်တွင်းများ များပြားလာပြီး သဲကန္တာရကို ကျယ်ဝန်းလာအောင်လုပ်နေကြောင်း ရှင်ကျန်းမြေခွေး မွေးမြူရေးဌာနမှ တာဝန်ရှိသူ လီလျှောက်ပင်းက ပြောကြားသည်။

မြေခွေးအကောင် ၂၀ကို အဆိုပါကြွက်ပေါ်ရာဒေသသို့ ကြွက်ဖမ်းလွှတ်ရန် ၂၀၀၄ခုနှစ်ကတည်းက သင်ကြားပေးခဲ့ကြောင်း လီက ပြောကြားသည်။

မြေခွေးတစ်ကောင်သည်အကျယ်အဝန်း ၁၃၀၀ဟက်တာရှိ ကြွက်များကို ထိန်းချုပ်နိုင်စွမ်းရှိပြီး ယင်းမြေခွေးက ကြွက်များကိုစားသောက်လျက် အသက်ရှင်မှီခိုနိုင်ကြောင်းဖြင့်လည်း ၎င်းကပြောကြားသည်။

## လွှတ်ပေးမည်

အဆိုပါမြေခွေး မွေးမြူရေးဌာနက အဆိုပါဒေသသို့ နှစ်စဉ် ယခုနှစ်မှစ၍ ကြွက်ရန်နှိမ်နင်းရန် မြေခွေးအကောင် ၂၀၀လွှတ်ပေးသွားမည်ဟု ဆိုသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# ပါရီမြို့တော်၌ ပုံကျရွက်ဖျင်တဲများ ဖယ်ရှားမည်

**ပါရီ ဩဂုတ် ၁၂**

ပြင်သစ်နိုင်ငံ မြို့တော်ပါရီတွင် ယာဉ်သွားလာမောင်းနှင်မှု အန္တရာယ်ကင်းစေရန်အတွက် ပထမအဆင့်အနေဖြင့် မြို့တော်အတွင်း လမ်းများပေါ်တွင်ရှိနေသော ယာယီပုံကျရွက်ဖျင်တဲများကို ဖယ်ရှားပစ်မည်ဖြစ်ကြောင်း ပါရီမြို့တော် အာဏာပိုင်များက ပြောကြားသည်။

ပါရီမြို့တော်လမ်းများတွင် အိမ်ခြေမဲ့ပြီး အတည်တကျနေထိုင်ခြင်းမရှိသူ ၁၁၀၀ ကျော်အတွက် နေထိုင်မှုအဆင်ပြေအောင် ကူညီပေးသွားမည်ဖြစ်ကြောင်းလည်း မြို့တော်အာဏာပိုင်များက ပြောကြားသည်။

ထိုသို့ အိုးအိမ်မဲ့နေထိုင်သူများ အတွက် နေရာထိုင်ခင်းစီစဉ်ပေးမှုတွင် ကုန်ကျငွေမှာ ခန့်မှန်းခြေ ယူရိုငွေ ခုနစ်သန်းခန့်ရှိမည်ဖြစ်ကြောင်းလည်း ၎င်းတို့က ဆက်လက်ပြောကြားသည်။ လောလောဆယ် ယခုလ၌ ပါရီမြို့ရှိ ဆေးရုံသုံးခုတွင် အိုးအိမ်မဲ့များအတွက် နေရာထိုင်ခင်း ၁၀၀ ကျော်စီစဉ်ပေးထားရန် အဆင်သင့်ရှိနေသည်။

ယခုအခါ ပါရီမြို့လမ်းများပေါ်ရှိ ယာယီပုံကျရွက်ဖျင်တဲများ ဖယ်ရှားရန် အဆိုပါ အိမ်ရာမဲ့များက အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း သိရသည်။

**အမ်အင်အေ၊ရိုက်တာ**




# ဆက်သွယ်ရေးဂြိုဟ်တု လွှတ်တင်ရန် ဗီယက်နမ်စီစဉ်ဆောင်ရွက်နေ

ဟနွိုင်း ဩဂုတ် ၁၂

**ဗီယက်နမ်အစိုးရက ပထမဆုံးဆက်သွယ်ရေးဂြိုဟ်တု လွှတ်တင်ရန် ၂၀၀၈ခုနှစ် မေလတွင် သတ်မှတ်၍ သက်ဆိုင်ရာ အဖွဲ့အစည်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ညွှန်ကြားလိုက်ကြောင်း ဒေသဆိုင်ရာ မီဒီယာက ဩဂုတ် ၁၀ ရက်၌ သတင်းဖော်ပြသည်။**

အဆိုပါ ဂြိုဟ်တုကို အမေရိကန် ဂြိုဟ်တုထုတ်လုပ်တပ်ဆင်ရေးကုမ္ပဏီ လော့ဟီးဒ်မာတင်က အလတ်စားဂြိုဟ်တုတစ်လုံး ထုတ်လုပ်ပေးကာ ၂၀၀၈ခုနှစ် ဧပြီလတွင် ကမ္ဘာ့ပတ်လမ်းကြောင်းအတွင်း လွှတ်တင်ပေးမည်ဖြစ်ကြောင်း ဗီနာဆက်ဟု အမည်ပေးထားသော ဂြိုဟ်တုစီမံကိန်းဆိုင်ရာ ဗီယက်နမ်ဦးဆောင်ကော်မတီက ပြောကြားသည်။

ဗီယက်နမ်နိုင်ငံသည် ဂြိုဟ်တုထိန်းချုပ်ရေးစခန်းတစ်ခုကို ဟာဘေးပြည်နယ်မြောက်ပိုင်း တည်ဆောက်ရန် ပြင်ဆင်လျက်ရှိပြီး ဘင်ဒူရောင်းပြည်နယ်၌လည်း အရံထိန်းချုပ်ရေးစခန်း တည်ဆောက်ရန် ပြင်ဆင်လျက်ရှိကြောင်း ယင်းဗီနာဆက်ဂြိုဟ်တုစီမံကိန်းအတွက် ဗီယက်နမ်ဒေါင်ငွေ ၂၈၈၅ ဘီလီယံ(အမေရိကန် ဒေါ်လာ ၁၈၁ ဒသမ ၄)သန်း ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း ၎င်းကော်မတီက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# အစွန်းရောက်တို့ တိုက်ခိုက်မှုကြောင့် အရပ်သား ၁၀၀၀ ကျော်သေဆုံးခဲ့

**ဘေရွတ် ဩဂုတ် ၁၂**

အစ္စရေးတပ်များက လက်ဘနွန်နိုင်ငံအား တစ်လနီးပါးကြာ ထိုးစစ်ဆင် တိုက်ခိုက်မှုကြောင့် လက်ဘနွန်အရပ်သား ၁၀၀၀ကျော် သေဆုံးသွားပြီဖြစ်ကြောင်း လက်ဘနွန်နိုင်ငံက ဩဂုတ် ၁၀ရက်၌ ကြေညာသည်။

အဆိုပါ တိုက်ခိုက်မှုတွင် လက်ဘနွန်အရပ်သား ၁၀၀၂ဦး၊ စစ်သားနှင့် ရဲတပ်ဖွဲ့ဝင် ၃၀သေဆုံးကာ ၃၅၈၀ ဒဏ်ရာရရှိခဲ့ကြောင်း ၎င်းနိုင်ငံကထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# ကမ္ဘာတစ်လွှား ထူးထူးခြားခြား

## ကမ္ဘာ့အသေးငယ်ဆုံးငါး

**ကမ္ဘာပေါ်တွင် အသေးငယ်ဆုံးငါးလေးများကို တွေ့ရစဉ်။** (ယာပုံ)



အဆိုပါငါးလေးများကို လန်ဒန်ပြတိုက်၌ ထိန်းသိမ်းထားရှိသည်။ ၎င်းငါးလေးများ၏အရှည်မှာ ၂ ဒသမ ၁ မီလီမီတာသာရှိရာ ကမ္ဘာပေါ်တွင် အသေးငယ်ဆုံးငါးလေးအဖြစ် ဂင်းနက်စ် မှတ်တမ်းတွင် ဖော်ပြခြင်းခံရသည်။

ငါး၏အမည်မှာ စီနာရာ ဖြစ်ကြောင်း သိရသည်။

**(အင်တာနက်)**



## ကမ္ဘာ့အကြီးဆုံးဟမ်ဘာဂါ

**ကမ္ဘာ့အကြီးဆုံး ဟမ်ဘာဂါတစ်ခုကို တွေ့ရစဉ်။** (ဝဲပုံ)

အမေရိကန်နိုင်ငံ ပင်ဆာဗေးနီးယားပြည်နယ် ကလီယားဖီးမြို့ စားသောက်ဆိုင်တစ်ခုတွင် ပြုလုပ်ထားသော အသားညှပ် ဟမ်ဘာဂါကြီးတစ်ခုမှာ ၁၅ပေါင် ခန့်ရှိရာ ကမ္ဘာပေါ်တွင် အကြီးမားဆုံး ဟမ်ဘာဂါ ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

# မိခင်နို့ရည် တစ်မျိုးတည်း ခြောက်လအရွယ်အထိ တိုက်ကျွေး

✡ *ကျော်ဖုံးမှ*

ခြောက်လအထိ တိုက်ကျွေးရန် အထူးလိုအပ်သည်ဟုလည်း ယူနီဆက်ဖ်က တိုက်တွန်းထားသည်။

အဘယ်ကြောင့်ပါနည်း။ ရဲရဲနီသော သွေးမှ မိခင်မေတ္တာကြောင့် ဖွေးဖွေးဖြူသော နို့ရည်အဖြစ် ပြောင်းလဲလာမှုက သိပ္ပံပညာရှင်တို့လိုက်၍ မမီသော သဘာဝ၏ အံ့ဖွယ်တစ်ပါးဖြစ်ရာ ရင်သွေးငယ်တို့အတွက် တုနှိုင်းဖွယ် မရှိသည့် အစာအာဟာရဖြစ်ပေါ်လာခြင်းကြောင့် ဖြစ်သည်။

## ရောဂါဖြစ်ပွားနိုင်

ထိုသို့ ရင်သွေးငယ်များအတွက် တုနှိုင်းဖွယ်ရာမရှိသည့် မိခင်နို့ရည်ကို မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးရှိ မိခင် ၈၅ရာခိုင်နှုန်းက စနစ်တကျမတိုက်ကျွေးကြချေ။ မိခင်နို့ရည် အပြည့်အဝ မသောက်သုံးရသည့် ကလေးငယ်များ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အသက်ရှူလမ်းကြောင်းတွင်ဖြစ်ပွားသောရောဂါနှင့် အခြားရောဂါများဖြစ်ပွားနိုင်လေသည်။

ကမ္ဘာ့နိုင်ငံများတွင်နှစ်စဉ်ကလေးသေဆုံးမှု အနေအထားကို ဆန်းစစ်ပါက မိခင်နို့ရည်ကို အပြည့်အဝ မသောက်သုံးရသော ကလေးငယ်အများစု ပါဝင်နေကြောင်း တွေ့ရှိရသည်။ မိခင်နို့ရည်တစ်မျိုးတည်းကိုသာ ခြောက်လသားအရွယ်အထိ တိုက်ကျွေးသွားပါက ကမ္ဘာပေါ်တွင် နှစ်စဉ်ကလေးငယ် ၁၅သိန်းခန့် အသက်ကယ်ပြီးသားဖြစ်နေသည်ကို တွေ့ရှိရမည်ဖြစ်သည်။

## ပြည့်ပြည့်ဝဝ

ငယ်စဉ်က မိခင်နို့ရည်ကို ပြည့်ပြည့်ဝဝ သောက်သုံးခဲ့ရသည့် ကလေးငယ်များမှာ ရောဂါအဖြစ်နည်းခြင်း၊ ဉာဏ်ရည်ထက်မြက်ခြင်း၊ ကြီးထွားခြင်းနှင့်ကျန်းမာခြင်းဟူသောဆုလာဘ်များ ရရှိမည်ဖြစ်ရာ မိမိရင်သွေးငယ်အား ဖြစ်နိုင်လျှင် နှစ်နှစ်ကျော်သည်အထိ မိခင်နို့ရည်တိုက်ကျွေးသင့်လေသည်။ မိမိရင်သွေးအား ထိုဆုလာဘ်များကို ရယူသူတစ်ဦးဖြစ်စေရန် မိခင်များက သတိတရားကြီးစွာထားပြီး စနစ်တကျ နို့ရည်တိုက်ကျွေးသင့်ပေသည်။

ယနေ့ခေတ်သည် မြန်နှုန်းမြင့်ဆက်သွယ်ရေး ထွန်းကားသောခေတ်ဖြစ်သည်။ ခေတ်မီတိုးတက်သော သတင်းကွန်ရက်များမှတစ်ဆင့် ကမ္ဘာ့စီးပွားရေးကုမ္ပဏီကြီးများက မိခင်နို့အစားထိုး အစားအစာများကို ထုတ်လုပ်ကြော်ငြာ ရောင်းချနေကြသည်။ ဆန်းပြားသော ထုပ်ပိုးမှု၊ အမျိုးမျိုးသော ဆွဲဆောင်မှုနှင့် မက်လုံးများပေးကာ မိခင်နို့အစားထိုး ပစ္စည်းများကို လှိုင်လှိုင်ကြီး တွင်တွင်ကျယ်ကျယ် ရောင်းချလျက်ရှိသည်ကို တွေ့နေရသည်။

## ဝမ်းနည်းဖွယ်

အမှန်စင်စစ် ရင်သွေးငယ်များ၏ ကျန်းမာရေးရှုထောင့်မှကြည့်လျှင် ထိုအစားထိုးပစ္စည်းများသည် အကျိုးမရှိသည့်အပြင် ရောဂါရရှိမှုနှင့် ရင်သွေးငယ်အသက်ဆုံးရှုံးမှုအထိဖြစ်စေတတ်ကြောင်းလည်း ကုလသမဂ္ဂက သတိပေးထားသည်။ သို့သော် ရင်သွေးငယ်များအတွက် အကျိုးမရှိသည့် ထိုအစားထိုးပစ္စည်းများကိုပင် ကမ္ဘာ့နိုင်ငံအသီးသီးရှိ မိခင်များက လိုလိုလားလား သုံးစွဲနေကြသည်ကို ဝမ်းနည်းဖွယ်ရာ တွေ့ရှိရသည်။

## မှားယွင်းမှု

ထို့ကြောင့် ကမ္ဘာတစ်ဝန်းရှိ ရင်သွေးငယ်များ၏အကျိုး၊ ကမ္ဘာ့မျိုးဆက်သစ်များ၏ အနာဂတ်အတွက် မိခင်နို့ရည်အစားထိုးပစ္စည်းများဆိုင်ရာ ဥပဒေကို ထုတ်ပြန်ကာ တားဆီးရန် စီစဉ်နေပြီဖြစ်သည်။ သဘာဝတရားက ဖန်တီးပေးထားသော ရင်သွေးငယ်များအတွက် နို့ရည်ကိုပစ်ပယ်ကာ အစားထိုးအစာများ တိုက်ကျွေးခြင်းသည် မှားယွင်းမှုတစ်ခုပင်ဖြစ်ကြောင်း မှတ်ယူရမည်ဖြစ်သည်။

## အံ့ဖွယ်အကျိုး

မိခင်နို့ရည်အံ့ဖွယ်အကျိုးများကား စာဖွဲ့၍မကုန်နိုင်၊ ရင်သွေးငယ်မွေးဖွားပြီးစ ပထမဆုံးထွက်ရှိလာသော အဝါရောင်နို့ဦးရည်မှာ ရင်သွေးငယ်အတွက် ပထမဆုံးကာကွယ်ဆေးပင်ဖြစ်သည်။ အဖိုးတန်လွန်းသော သဘာဝတရား၏ ဆေးစွမ်းကောင်းတစ်လက်လည်း ဖြစ်သည်။ ရင်သွေးငယ်အတွက် တိုက်ကျွေးဖြစ်အောင် တိုက်ကျွေးသင့်သည့် နို့ဦးရည် ဖြစ်သည်။

မိခင်နို့တိုက်ကျွေးခြင်းသည် မိခင်နှင့် ရင်သွေးအကြား အထူးမေတ္တာတရားချည်နှောင်ခြင်းဖြစ်ရာ ကလေးငယ်၏ စိတ်ပိုင်းဆိုင်ရာ အကျိုးသက်ရောက်မှုကိုလည်း အထောက်အကူပြုပေသည်။ နွေးထွေးသောမိခင်မေတ္တာကို ရင်သွေးငယ် တိုက်ရိုက်ခံစားရသဖြင့် အကျိုးကျေးဇူးကြီးလှပေသည်။

## ဉာဏ်ရည်ကောင်း

ရင်သွေးငယ်တစ်ဦးအတွက် မိခင်နို့ရည်သာ အကောင်းဆုံးဖြစ်ကြောင်း ပညာရှင်များက တညီတညွတ်တည်း အတည်ပြုထားကြပြီဖြစ်သည်။ မိခင်နို့ရည်တွင် ရင်သွေးငယ် ခြောက်လအတွင်း အထူးလိုအပ်သော အသားဓာတ်၊ အဆီဓာတ်၊ သံဓာတ်နှင့် ဗီတာမင်ဓာတ်အားလုံးပါဝင်သည်။ အမြဲတမ်းလတ်ဆတ်ကာ အမြဲတမ်းအဆင်သင့်ရှိနေသည်။ ထို့အပြင်ရေနှင့် ဗီတာမင်များ အလုံအလောက်ပါရှိသဖြင့် ပူအိုက်သောရာသီ၌ပင် ရေနှင့်သစ်သီးဖျော်ရည်များတိုက်ကျွေးစရာမလိုအောင် မိခင်နို့ရည်ကစွမ်းဆောင်ဖြည့်ဆည်းပေးနိုင်သည်။ မိခင်နို့စို့ခဲ့သည့်ကလေးနှင့် အစားထိုးအစာများကိုစားသုံးကြီးပြင်းရသည့်ကလေးယှဉ်သော် မိခင်နို့စို့ခဲ့ရသည့် ကလေးက ဉာဏ်ရည်ပိုကောင်းသည်ဟု ဆိုပေသည်။

## တားဆီးဟန့်တား

မိခင်နို့ရည်သည် ကင်ဆာဖြစ်မှုမှလည်း ကာကွယ်ပေးနိုင်သကဲ့သို့ ဆီးချိုရောဂါနှင့် အခြားရောဂါမျိုးစုံများကိုပါ မဖြစ်ပွားအောင် တားဆီးဟန့်တားနိုင်သည်ဖြစ်ရာ မိမိရင်သွေးငယ်များကို အမှန်တကယ်ချစ်မြတ်နိုးလျှင် မိခင်နို့ရည်တစ်မျိုးတည်းကိုသာ ခြောက်လအရွယ်အထိ တိုက်ကျွေးပါဟု မိခင်တိုင်းအား တိုက်တွန်းရေးသားလိုက်ရပေသည်။ ။ (မြန်မာ့အလင်း)



အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း)နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် မိခင်ကြီး ဒေါ်ကြည်အား ရည်စူး၍ ရန်ကုန်တိုင်း မှော်ဘီမြို့ တပ်ကြီးကုန်းတောင်ပိုင်းလမ်းနေ ဦးစိန်အောင်မင်း-ဒေါ်သန်းမြင့်၊ သား၊ သမီး၊ မြေးမိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ကုသလ(M.A)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)



အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း)နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် ရန်ကုန်မြို့ လှိုင်မြို့နယ် ၁၃ ရပ်ကွက် သီရိမြိုင် (၂)လမ်း အမှတ် ၂၃ နေ ဦးအုန်းကြည်-ဒေါ်မြင့်ကြူ၊ သား သမီး မြေးများဖြစ်ကြသော ကိုကျော်ညွှန့်၊ မလွင်လွင်အုန်း၊ မသောဘီအုန်း၊ ကိုကျော်မင်းနှင့် မြေး ကျော်စွာညွှန့်၊ မေသူညွှန့်မိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ကုသလ (M.A)ထံ ဆက်ကပ်လှူဒါန်းစဉ်။

(က-ပ)

# မြန်မာစာညွှန့်ပေါင်းကျမ်းခုနစ်ကျမ်း(အေဒီ၁၉၁၆-အေဒီ၁၉၉၃) ဖော်ထုတ်ပြုစုမှုစာတမ်းဖတ်ပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် ဩဂုတ် ၁၂**

မြန်မာစာညွှန့်ပေါင်းကျမ်း ခုနစ်ကျမ်း(အေဒီ၁၉၁၆-အေဒီ ၁၉၉၃) ဖော်ထုတ်ပြုစုမှု စာတမ်းဖတ်ပွဲကို ဩဂုတ်၉ရက်က ရန်ကုန်တက္ကသိုလ်ရှိ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်များအဖွဲ့၌ကျင်းပရာ မြန်မာစာဆိုပညာရှင် ဒေါက်တာ ထီလာစစ်သူက မြန်မာစာညွှန့်ပေါင်းကျမ်း ခုနစ်ကျမ်း (အေဒီ ၁၉၁၆-အေဒီ ၁၉၉၃) ဖော်ထုတ်ပြုစုမှု စာတမ်းကို ဖတ်ကြားတင်သွင်းသည်။

## တက်ရောက်

အဆိုပါ စာတမ်းဖတ်ပွဲသို့ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်များအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးစိုင်းအောင်ထွန်း၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုအလုပ်အမှုဆောင်များ၊ စာရေးဆရာကြီးများ၊ သတင်းစာ ဆရာကြီးများ၊ မြန်မာစာဌာနမှ ပါမောက္ခနှင့် တာဝန်ရှိသူများ၊ ဧည့်သည်များ၊ မြန်မာစာနှင့် သမိုင်းဘာသာရပ်တို့တွင် ပါရဂူဘွဲ့ သင်တန်းတက်နေကြသူ ဆရာ ဆရာမများနှင့် စာပေမြတ်နိုးသူများ တက်ရောက်ကြသည်။

စာတမ်းဖတ်ပွဲတွင် သဘာပတိအဖြစ် မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်များအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဦးက ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်များအဖွဲ့ အမှုဆောင်အဖွဲ့ဝင် ဒေါ်ကြည်ကြည်လှ (ဒဿနိက ဗေဒဌာန၊ ပါမောက္ခအငြိမ်းစား)က ဆောင်ရွက်သည်။

## မိတ်ဆက်စကားပြော

ရှေးဦးစွာ သဘာပတိက စာတမ်းရှင်၏ အတ္ထုပ္ပတ္တိအကျဉ်းနှင့် စာတမ်းကို ပရိသတ်အား မိတ်ဆက်စကားပြောကြားသည်။

ထို့နောက် စာတမ်းရှင် မြန်မာစာဆိုပညာရှင် ဒေါက်တာ ထီလာစစ်သူက မြန်မာစာညွှန့်ပေါင်းကျမ်း ခုနစ်ကျမ်း(အေဒီ၁၉၁၆-အေဒီ ၁၉၉၃) ဖော်ထုတ်ပြုစုမှု စာတမ်းကို ဖတ်ကြားတင်သွင်းသည်။

ယင်းနောက် တက်ရောက်လာကြသူများက ပါဝင်ဆွေးနွေး မေးမြန်းကြရာ စာတမ်းရှင်က ပြန်လည်ရှင်းလင်းဖြေကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မီးတောင်ပေါက်ကွဲစဉ်နှင့် ငလျင်လှုပ်ချိန်ထွက်ပေါ်လာသော အသံများ တေးဂီတသံစဉ်များအဖြစ် ခံစားနားထောင်နိုင်ရန် ကြိုးစားနေ

ငလျင်လှုပ်မှုနှင့် မီးတောင်ပေါက်ကွဲမှုတို့မှ ထွက်ပေါ်လာသော အသံများကို ပြုပြင်ပြောင်းလဲကာ ခေတ်သစ် တေးဂီတသံစဉ်အဖြစ် ဖန်တီးရန် ဂီတသုတေသနပညာရှင်များက လေ့လာလျက်ရှိနေပြီဖြစ်သည်။

## အကြီးမားဆုံး

ဥရောပရှိအကြီးမားဆုံးမီးတောင်တစ်ခုဖြစ်သည့် အက်နာမီးတောင် ပေါက်ကွဲမှုဖြစ်ပွားစဉ် မြေပြင်ပေါ်၌ ကြားရသောအသံနှင့် မြေအောက်တွင် ကြားရသော အသံလှိုင်းများကို လေ့လာခဲ့ကြသော အီတလီသုတေသနပညာရှင်များက ထိုသို့မြည်ဟည်းနေသော သဘာဝအသံများကို အသံနှုန်းလျှော့ချကာ နားဝင်ချိုသော ဂီတသံစဉ်တစ်ရပ် ဖန်တီးပါက ဖြစ်နိုင်ကြောင်းသုံးသပ်ခဲ့ကြသည်ဟုဆိုသည်။

## တေးဂီတသံစဉ်

မီးတောင်ပေါက်ကွဲမှု ဖြစ်ပွားချိန်တွင် ထွက်ပေါ်လာသော အသံများကို တိုက်ရိုက်ဖမ်းယူကာ စတူဒီယိုအတွင်း သံစဉ် ပြုပြင်ပြောင်းလဲမှု အချို့ပြုလုပ်ပြီး မူရင်းမီးတောင် ပေါက်ကွဲမှု၏ သဘာဝအသံအတိုင်း မကွဲပြားအောင် ဆန်းသစ်တီတွင် ထုတ်လုပ်မည့် တေးဂီတ သံစဉ်သစ်ဖြစ်သည်။

ယခုအခါ အီတလီသုတေသနပညာရှင်များအနေဖြင့် အီကွေဒေါနိုင်ငံ တွန်ဂါရာဟွာမီးတောင်ပေါက်ကွဲမှုမှ ထွက်ပေါ်လာသော အသံများကို ရယူကာ ငြိမ့်ညောင်းသော သဘာဝတေးဂီတ သံစဉ်တစ်ရပ်ကို ပြုလုပ်နေပြီဖြစ်သည်။

ယခုကဲ့သို့ ငလျင်လှုပ်မှုနှင့် မီးတောင်ပေါက်ကွဲမှုတို့မှ ဖြစ်ပေါ်လာသောသဘာဝသံစဉ်များကို ညက်ညောသော တေးဂီတ သံစဉ်အဖြစ် ပြောင်းလဲ အသုံးပြုမှုသည် ပထမဆုံးဖြစ်ပြီး ကမ္ဘာတစ်ဝန်း ပရိသတ်များ လက်ခံလာအောင်နှင့် နားထောင်ခံစားနိုင်အောင် ကြိုးစားသွားမည်ဟု အီတလီ ဂီတသုတေသနပညာရှင်များက ပြောကြားသည်။

## ခံစားနိုင်အောင်

အီတလီ သုတေသနပညာရှင်များ အနေဖြင့် ယခုအခါ လက်ရှိပြုစုထားသော တေးဂီတဆိုင်ရာ အသေးစိတ် အချက်အလက်များကို ပြင်သစ်၊ အာဂျင်တီးနားနှင့် မက္ကဆီကို နိုင်ငံများသို့ ပေးပို့ကာ နိုင်ငံအလိုက် အသုံးပြုနိုင်အောင်နှင့် နားဆင်ခံစားနိုင်အောင် ဆောင်ရွက်ရေး ကြိုးစားသွားမည်ဟု သုတေသနအဖွဲ့ခေါင်းဆောင် ပါမောက္ခ ဘာဘီရာက ပြောကြားသည်။



**အင် တာ နက် သတင်း နှင့် ဓာတ်ပုံ**

**(ကိုးကား-အင်တာနက်)**

✻ *ကျော်ဖုံးမှ*

အရည်ပျော်ကျ

**အဆိုပါ ဂရင်းလန်းရေခဲပြင်ကြီးသည် တစ်နှစ်လျှင် ကုဗမိုင်ပေါင်း ၅၃ ဒသမ ၃ စံနှုန်းဖြင့် အရည်ပျော်ကျလျက်ရှိသည်ဟုဆိုသည်။**

မြင့်တက်လာ

**ထိုသို့ ရေခဲပြင်ကြီး အရည်ပျော်နှုန်း မြန်ဆန်လာသဖြင့် ကမ္ဘာ့ရာသီဥတုမှာလည်း ပို၍ပို၍ ပူနွေးလာသကဲ့သို့ ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင်မှာလည်း တစ်နှစ်ထက်တစ်နှစ် မြင့်တက်လာလျက်ရှိသည်။**

(ကိုးကား-အင်တာနက်)

# မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့အရောင်းဆိုင်အမှတ်(၀၂၀) မင်္ဂလာတောင်ညွန့်မြို့နယ် သမိန်ဗရမ်းလမ်းမကြီးပေါ်၌ဖွင့်လှစ်

ရန်ကုန် ဩဂုတ် ၁၂

**စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်အမှတ်(၀၂၀) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ပုသိမ်ညွန့်ရပ်ကွက် သမိန်ဗရမ်းလမ်းမကြီးပေါ်ရှိ အဆိုပါအရောင်းဆိုင်ရှေ့၌ကျင်းပရာ ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**

## ရှင်းလင်းတင်ပြ

ရှေးဦးစွာ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း အထွေထွေမန်နေဂျာ ဦးသိန်းဌေးက မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်နှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းလွင်နှင့် ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်တို့က မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်ကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းက အရောင်းဆိုင် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

## ကြည့်ရှုစစ်ဆေး

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့်ဧည့်သည်တော်များသည် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတို့က လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် မော်တော်ယာဉ်များအား သဘာဝဓာတ်ငွေ့ ဖြည့်သွင်းပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး မော်တော်ယာဉ် ယာဉ်မောင်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေး စကား ပြောကြားကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် တာဝန်ရှိသူများ မင်္ဂလာတောင်ညွန့်မြို့နယ် သဘာဝဓာတ်ငွေ့ အရောင်းဆိုင်(၀၂၀)၌ မော်တော်ယာဉ်များအား သဘာဝဓာတ်ငွေ့ ဖြည့်တင်းပေးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (စွမ်းအင်)



**ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် မြို့ပတ်လမ်းသွယ်(၁) ၂ရပ်ကွက် အမှတ် ၂၉/၃၉၅ နေ ဦးချစ်သိန်း – ဒေါ်ကျင်ဆိုက်တို့အား ရည်စူး၍ မိသားစုတို့က ဆွမ်းပဒေသာပင် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။**

(က–ပ)

## ဝါတွင်းမိုးကုတ် တရားစခန်းပွဲ

**ရန်ကုန် ဩဂုတ် ၁၂**

ဧရာဝတီတိုင်း ဖျာပုံမြို့နယ် (၁၂)ရပ်ကွက် သိမ်ကုန်းကျောင်းတိုက် အတွင်း၌ မိုးကုတ် ဝိပဿနာ တရားစခန်းပွဲကြီးကို ဩဂုတ် ၃၁ရက်မှ စက်တင်ဘာ ၆ရက် (တော်သလင်း လဆန်း၉ရက်မှ တော်သလင်းလပြည့်နေ့)အထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲကြီးကို ဖျာပုံမြို့ မင်းကျောင်း ပရိယတ္တိစာသင်တိုက်မှ မိုးကုတ် နယ်လှည့်ဓမ္မကထိက တရားဟော တရားနည်းပြ ကမ္မဋ္ဌာနာစရိယ ဖျာပုံအရှင်ဝိလာသ(ဓမ္မာစရိယ) က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

## မင်္ဂလာဗျူဟာပရဟိတအဖွဲ့သက်ကြီးပူဇော်ပွဲ

**ရန်ကုန် ဩဂုတ် ၁၂**

ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ်၏ မင်္ဂလာဗျူဟာပရဟိတအဖွဲ့ ကိုးနှစ်ပြည့် အထိမ်းအမှတ်အဖြစ် ဒုတိယအကြိမ် အသက် (၁၀၀)နှင့်အထက် ဘိုးဘွားများအား ပူဇော်ပွဲကို ဩဂုတ်၂၀ရက် မွန်းလွဲ ၁နာရီတွင် ကျင်းပမည်ဖြစ်သည်။ အပူဇော်ခံ ဘိုးဘွားများ၏ အမည်၊ အမျိုးသားမှတ်ပုံတင်နံပါတ်၊ နေရပ်လိပ်စာတို့ကို လျှောက်လွှာတွင် ရေးသား၍ သန်းခေါင်စာရင်းမိတ္တူ၊ ပို့စကတ်အရွယ်ဓာတ်ပုံတစ်ပုံ၊ နေထိုင်ရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ထောက်ခံချက်နှင့်အတူ မင်္ဂလာဗျူဟာပရဟိတအဖွဲ့သို့ စာရင်းပေးသွင်းကြရန်နှင့် မတက်ရောက်နိုင်သည့် ဘိုးဘွားများအား အမှူးဆောင်များက အိမ်တိုင်ရာရောက် ကန်တော့မည်ဖြစ်ရာ အဘိုးအဘွားများအတွက် လှူဒါန်းလိုပါက မင်္ဂလာဗျူဟာပရဟိတအဖွဲ့ ဖုန်း–၃၇၀၉၅၈ သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(၃၅၂)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးပြပွဲကျင်းပရန်စီစဉ် အလွတ်တန်းဝတ္ထုတို၊ ဆောင်းပါး၊ ကာတွန်း၊ ပိုစတာ၊ ဒစ်ဂျစ်တယ်ပိုစတာ၊ဓာတ်ပုံ စည်းကမ်းချက်များထုတ်ပြန်

**ရန်ကုန် ဩဂုတ် ၁၂**

၁။ ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက ကြီးမှူးကျင်းပမည့် တတိယအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ပြပွဲ၊ ပြိုင်ပွဲကို ၂၀၀၆ ခုနှစ် နိုဝင်ဘာတွင် ရန်ကုန်မြို့၌ကျင်းပရန် စီစဉ်လျက်ရှိသည်။

၂။ အဆိုပါပြိုင်ပွဲတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အလွတ်တမ်း ဝတ္ထုတို၊ ဆောင်းပါး၊ ကာတွန်း၊ ပိုစတာ၊ ဒီဂျစ်တယ်ပိုစတာနှင့် ဓာတ်ပုံပြိုင်ပွဲများကိုကျင်းပသွားမည်ဖြစ်ရာ ဝတ္ထုတို၊ ကာတွန်း၊ ပိုစတာ၊ ဒစ်ဂျစ်တယ်ပိုစတာနှင့် ဓာတ်ပုံပြိုင်ပွဲအတွက် အောက်ပါဦးတည်ချက်များဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(က) ယာဉ်စည်းကမ်း လမ်းစည်းကမ်း ဦးတည်ရန်၊
(ခ) ယာဉ်အန္တရာယ် ကင်းရှင်းရေး ဦးတည်ရန်၊
(ဂ) ယာဉ်စည်းကမ်းကို ယာဉ်မောင်းအပြင် ခြေကျင်သွားသူများကိုပါ လိုက်နာစေရန်၊
(ဃ) ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးဦးတည်ရန်။

၃။ ဆောင်းပါးပြိုင်ပွဲအတွက် အောက်ပါခေါင်းစဉ်များဖြင့် ကြိုက်နှစ်သက်သလိုရေးသားရန်–

(က) စုပေါင်းကာကွယ် လမ်းအန္တရာယ် ထိခိုက်မှုမှ ကင်းစေမယ် (Road Safety is No Accident)၊
(ခ) အသိနဲ့ပြင် သတိနဲ့ယှဉ်၊
(ဂ) ယာဉ်အန္တရာယ်ကင်းရှင်းရေး လမ်းကြောင်းမှန်မောင်းနှင်ရေး၊
(ဃ) အများတစ်ချက် အသက်ပေါင်းများစွာ။

၄။ စာစီစာကုံးပြိုင်ပွဲကို အမှတ် (၃) အခြေခံပညာဦးစီးဌာနမှ အထက်တန်းကျောင်းသား ကျောင်းသူများဖြင့်သာ ယှဉ်ပြိုင်စေပြီး ခေါင်းစဉ်အဖြစ် **“ပြိုင်ပွဲဝင်ရန် သတ်မှတ်ခေါင်းစဉ်”** သတ်မှတ်ထားပါသည်။ အခြေခံပညာဦးစီးဌာန အနေဖြင့်သာ ယှဉ်ပြိုင်ခြင်း၊ ရွေးချယ်ခြင်းတို့ကို ဆောင်ရွက်ပြီး ပထမ၊ ဒုတိယ၊ တတိယရရှိသူသုံးဦးနှင့် နှစ်သိမ့်ဆုရရှိသူငါးဦး၏ အမည်စာရင်းအား ဆုချီးမြှင့်ရေးဆပ်ကော်မတီသို့ အောက်တိုဘာလ တတိယပတ်အတွင်း ပေးပို့ရန်ဖြစ်ပါသည်။

## ပါဝင်ယှဉ်ပြိုင်နိုင်

၅။ စာမူများကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်နှိပ်စက်ဖြင့် ဖြစ်စေ၊ ရှင်းလင်းပီသသည့် လက်ရေးဖြင့်ဖြစ်စေ စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ မူရင်းနှင့်မိတ္တူတစ်စောင် တင်သွင်းရမည်။ စာလုံးရေသတ်မှတ်ချက်မှာ ၅၀၀၀ မှ ၁၀၀၀၀ အတွင်းဖြစ်ပြီး ပြိုင်ပွဲဝင်တစ်ဦးလျှင် ဝတ္ထုတိုတစ်ပုဒ်နှင့် ဆောင်းပါးတစ်ပုဒ် ပါဝင်ယှဉ်ပြိုင်နိုင်သည်။

၆။ ကာတွန်းနှင့် ပိုစတာပြိုင်ပွဲအတွက် ပုံများကို (၁၅ X ၂၀ )လက်မ အရွယ်အစား နှစ်သက်ရာ စက္ကူ၊ ဆေး ရေးနည်းတို့ဖြင့် အကန့်အသတ်မရှိ သရုပ်ဖော်ရေးဆွဲနိုင်ပြီး ရေးဆွဲသူ၏လက်မှတ်ကို ပြိုင်ပွဲဝင်ပုံ၏နောက်ကျောတွင် ရေးထိုးရမည်။ ပုံ၏အောက်ခြေတွင် လက်မှတ်ရေးထိုးခြင်း မပြုရ။

## ပြည့်စုံစွာပေးပို့

၇။ ဒစ်ဂျစ်တယ်ပိုစတာပြိုင်ပွဲအတွက် သင့်လျော်သည့်ကွန်ပျူတာဖြင့် ရေးဆွဲ၍ ပိုစတာပန်းချီများကို Floppy Disk သို့မဟုတ် Compact Disk (CD-ROM)တို့ဖြင့် သိမ်းဆည်း၍ လိုအပ်သောအချက်အလက်များ ပြည့်စုံစွာဖြင့် ပေးပို့ရမည်။

၈။ ဓာတ်ပုံပြိုင်ပွဲအတွက်မှာ ပုံများကို အစက်အပြောက်ဖာထေးခြင်းမှအပ အခြားပြုပြင်ခြင်း၊ ဖန်တီးခြင်း ဒစ်ဂျစ်တယ်နည်းဖြင့် ပြုပြင်ခြင်းများ မပြုလုပ်ရ၊ ပုံနှင့်ပတ်သက်၍ အရှုပ်အရှင်း တစ်စုံတစ်ရာ ပေါ်ပေါက်ပါက သက်ဆိုင်ရာပြိုင်ပွဲဝင်သူ၏ တာဝန်သာဖြစ်သည်။ မည်သည့်ကင်မရာ အမျိုးအစားနှင့်မဆို ရိုက်ကူးတင်သွင်းနိုင်သည်။ သို့သော် ဒစ်ဂျစ်တယ်ကင်မရာဖြင့် ရိုက်ကူးပါက အရောင်နှင့် Contrast ပြုပြင်ခြင်းမှအပ မည်သည့်ပြုပြင်မှုမျိုးမှ မပြုလုပ်ရ။ ဆုရလျှင် Original File info တင်ပြနိုင်ရမည်။ ပြိုင်ပွဲဝင်ပုံများကို ပြန်ပေးမည်မဟုတ်ဘဲ ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းကိစ္စများတွင် အသုံးပြုမည် ဖြစ်ပါသည်။ ထိုသို့ အသုံးပြုရာတွင် သက်ဆိုင်ရာဓာတ်ပုံပညာရှင်၏ အမည်ကိုဖော်ပြပေးမည် ဖြစ်ပါသည်။ ဆုရရှိသူများကို သတင်းစာမှတစ်ဆင့် ကြော်ငြာပေးမည်ဖြစ်ပြီး ခုနစ်ရက်အတွင်း ဆုရဓာတ်ပုံများ၏ နဂ္ဂတစ် သို့မဟုတ်၊ ဆလိုက် သို့မဟုတ် ဒစ်ဂျစ်တယ်ကင်မရာဖြင့် ရိုက်ကူးထားသောပုံဖြစ်ပါက Resolution 300 dpi နှင့် ခြောက်လက်မ ကိုးလက်မအရွယ်ရှိသော Original Tiff File ကို CD ဖြင့် ထည့်သွင်းပေးပို့ရမည် ဖြစ်ပါသည်။ သတ်မှတ်ရက်အတွင်း ပေးပို့ခြင်းမရှိသော ပုံများကို ဆုရစာရင်းမှပယ်ဖျက်၍ ယင်းနေရာတွင် အောက်မှပုံများကို အစဉ်အတိုင်း အစားထိုးမည် ဖြစ်ပါသည်။ အဆိုပါ ဆုရပုံများကို ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီမှ မူပိုင်အဖြစ် လိုအပ်သလို အသုံးပြုမည် ဖြစ်ပါသည်။ ယခင်ပြိုင်ပွဲများတွင် ဆုရရှိပြီးသောပုံများကို တင်သွင်းယှဉ်ပြိုင်ခြင်းမပြုရပါ။ ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ ၁၀ လက်မ X ၁၄ လက်မ (ဆေးရောင်စုံဓာတ်ပုံ) ဖြစ်ပါသည်။

## ဉာဏ်စမ်းပဟေဠိ

၉။ ယခုနှစ်တွင် ရန်ကုန်တိုင်းအတွင်းရှိ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းသား၊ ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကိုပါ ကျင်းပသွားမည်ဖြစ်ပါသည်။ ခရိုင်အဆင့်ပြိုင်ပွဲကို ဩဂုတ်လ(နောက်ဆုံး)ပတ်တွင် ယှဉ်ပြိုင်မည်ဖြစ်ပြီး ကျောင်းများတွင် ထုတ်ပေးထားသော **“စည်းကမ်းလိုက်နာ ဘေးကင်းကွာ”** ရုပ်ပြစာအုပ်မှ မေးမြန်းမည် ဖြစ်ပါသည်။ ဗဟိုအဆင့်ပြိုင်ပွဲကို စက်တင်ဘာ နောက်ဆုံးပတ်တွင် အပြီးယှဉ်ပြိုင်မည် ဖြစ်ပါသည်။

၁၀။ ပြိုင်ပွဲအားလုံးအတွက် ပြိုင်ပွဲဝင်သူ၏ ပတ်စ်ပို့အရွယ် ဓာတ်ပုံနှစ်ပုံ၊ အမည်ရင်း၊ ကလောင်အမည်၊ မိဘအမည်၊ နိုင်ငံသားမှတ်ပုံတင်အမှတ်၊ ပညာအရည်အချင်း၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ၊ ကိုယ်ရေးအတ္ထုပ္ပတ္တိ အကျဉ်းချုပ်ဖော်ပြပြီး ပင်ကိုရေးဖြစ်ကြောင်းနှင့် ပုံနှိပ်ဖော်ပြခြင်း မရှိခဲ့ဖူးကြောင်း ဝန်ခံချက်ပါရှိရမည်။

## ပေးပို့

၁၁။ ပြိုင်ပွဲဝင်ဝတ္ထုတို၊ ဆောင်းပါး၊ ကာတွန်းနှင့် ပိုစတာများကို ရန်ကုန်တိုင်း၊ ကြိုးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး၊ ဒုတိယရဲမှူးကြီးအောင်နိုင် (၅၁)လမ်း၊ ပုဇွန်တောင်မြို့နယ် ဖုန်း–၂၉၈၆၅၁ သို့လည်းကောင်း၊ ပြိုင်ပွဲဝင် ဒစ်ဂျစ်တယ်ပိုစတာပုံများကို ဦးစိုးမြင့် ကွန်ပျူတာ တက္ကသိုလ် (လှိုင်နယ်မြေ) ဖုန်း–၆၆၄၂၅၄၊ ၆၁၀၆၂၂ လိုင်းခွဲ ၂၀၆ သို့ လည်းကောင်း၊ ဓာတ်ပုံများကို မြန်မာနိုင်ငံဓာတ်ပုံအသင်း အမှတ် (၂၇/၂၉) ၃၅ လမ်းအောက်–ပထမထပ် ကျောက်တံတားမြို့နယ်၊ ဖုန်း–၃၇၃၁၆၇ သို့ လည်းကောင်း ပေးပို့ရမည်။

၁၂။ ပြိုင်ပွဲဝင်ပုံများနှင့် စာမူများအားလုံးကို ၂၀၀၆ ခုနှစ် အောက်တိုဘာလ ၁၅ ရက် ညနေ ၃ နာရီ နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်ပါသည်။ ပါဝင်ယှဉ်ပြိုင်သည့် စာမူနှင့်ပုံများကို ရွေးချယ်ခံရသည်ဖြစ်စေ၊ ရွေးချယ်မခံရသည်ဖြစ်စေ ပြန်လည်ပေးပို့မည်မဟုတ်ကြောင်းနှင့် ဆုရရှိသူများအား ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သီးနှံအလိုက် အထွက်နှုန်းတိုးပြီး ပန်းတိုင်ရည်မှန်းချက်အောင်မြင်ရေး အကောင်အထည်ဖော် စိုက်ပျိုးကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်သည်ထက်တိုးတက်အောင် ဌာနဆိုင်ရာများကွင်းဆင်း တောင်သူလယ်သမားများ တိုးတက်ပြောင်းလဲနေသောနည်းပညာများ လေ့လာစိုက်ပျိုး

# လက်မှုလယ်ယာမှ စက်မှုလယ်ယာကူးပြောင်းရေး အလေးထားပါဝင်ဆောင်ရွက်လုပ်ကိုင်

နေပြည်တော် ဩဂုတ် ၁၂

ပဲခူးတိုင်း၏ ၂၀၀၆–၂၀၀၇ ခုနှစ် မိုးစပါးရေတော်မိုးတော်ထွန်တုံးပိတ်ပွဲ၊ ကောက်စိုက်စွမ်းရည်ပြိုင်ပွဲနှင့် မျိုးစေ့ချကိရိယာဖြင့် တိုက်ရိုက်မျိုးစေ့ချစွမ်းရည်ပြိုင်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီ ၄၅ မိနစ်က တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ရန်ကုန်–မန္တလေးလမ်း မိုင်တိုင်အမှတ် ၁၅၈/၂ ဝွေးတောက်ခင်ကျေးရွာ၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း တက်ရောက်၍ အမှာစကားပြောကြားပြီး ဆုများချီးမြှင့်သည်။





**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ပဲခူးတိုင်း၏ ၂၀၀၆–၂၀၀၇ ခုနှစ် မိုးစပါးရေတော်မိုးတော်ထွန်တုံးပိတ်ပွဲ၊ ကောက်စိုက်စွမ်းရည်ပြိုင်ပွဲနှင့် မျိုးစေ့ချကိရိယာဖြင့် တိုက်ရိုက်မျိုးစေ့ချ စွမ်းရည်ပြိုင်ပွဲကို ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)

## အခိုင်အမာချမှတ်

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အမှာစကားပြောကြားရာတွင် ယနေ့နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်နေသည့် ကာလလည်းဖြစ်ကြောင်း၊ နိုင်ငံတော်ကြီး အမြန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအားဖြင့် နိုင်ငံတော်တစ်ခုလုံး အေးချမ်းသာယာပြီး တရားဥပဒေစိုးမိုးရေး၊ နိုင်ငံတော်၏ စီးပွားရေး တိုးတက်ခိုင်မာရေးနှင့် လူသားအရင်းအမြစ်များ တိုးတက်ဖွံ့ဖြိုးရေး စသည့် အခြေခံ အချက်ကြီးသုံးချက်သည် အရေးကြီးဆုံး ဖြစ်ကြောင်း၊ ထိုရည်ရွယ်ချက်များ အောင်မြင်ရေးအတွက် နိုင်ငံတော်အနေနှင့် စီမံကိန်းကြီးသုံးရပ်ကို အခိုင်အမာ ချမှတ်လုပ်ဆောင်ပေးလျက်ရှိကြောင်း၊ ထိုစီမံကိန်းကြီးများမှာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ပြည်ထောင်စုအတွင်း ဖွံ့ဖြိုးရေး ဒေသကြီး ၂၄ ခု စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်စီမံကိန်းကြီးများ ဖြစ်ကြောင်း။

နိုင်ငံတော်အနေနှင့် ဒီစီမံကိန်းကြီးများကို အကောင်အထည်ဖော်ပြီး မြို့များမှာသာမက နယ်စပ်ဒေသနှင့် ကျေးလက်ဒေသများအထိ တိုးတက်အောင် တိုးတက်မှု ကွာဟချက်များ ကျဉ်းမြောင်းသည်ထက် ကျဉ်းမြောင်းပြီး တစ်ပြည်လုံး အတိုင်းအတာနှင့် ဒေသအနှံ့ ဖွံ့ဖြိုးအောင် ဆောင်ရွက်ပေးနေကြောင်း။

## တောင့်တင်းခိုင်မာ

နိုင်ငံတော်၏ စီးပွားရေးသည် အဓိကအားဖြင့် စိုက်ပျိုးရေးအပေါ်၌ မူတည်လျက်ရှိကြောင်း၊ အလားတူစွာ အများစုဖြစ်သည့် ကျေးလက်နေပြည်သူများ၏ စီးပွားရေး တိုးတက်မှုသည်လည်း စိုက်ပျိုးရေးအပေါ်၌ မူတည်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးတိုးတက်မှ ပြည်တွင်း စားသုံးမှုဖူလုံပြီး ပိုလျှံသည့် သီးနှံများအား နိုင်ငံခြားသို့ တင်ပို့နိုင်မှသာ နိုင်ငံတော်၏ စီးပွားရေးသည်လည်း တောင့်တင်းခိုင်မာလာမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းစားသုံးမှုအတွက် အရေးကြီးသည့် အပြင် ပြည်ပ ပို့ကုန်ဖြစ်သည့် အဓိကသီးနှံ ၁၀ မျိုး၊ အမယ်သစ် သုံးမျိုး၊ နှစ်ရှည်သီးနှံ သုံးမျိုးကို ပြည်နယ်နှင့်တိုင်းများအတွက် နှစ်စဉ် လျာထားသတ်မှတ်ချက်များချပေးပြီး စီမံကိန်းနှင့်အညီ တိုးတက်အောင် စိုက်ပျိုးပေးလျက်ရှိကြောင်း။

## အချိန်မီစိုက်ပျိုး

အဓိကသီးနှံ ၁၀ မျိုးအနက် နိုင်ငံတော်အတွက် အရေးကြီးဆုံး သီးနှံသည် စပါးဖြစ်ပြီး မိုးစပါးသည် ပို၍ အရေးကြီးကြောင်း၊ ထို့ကြောင့် မိုးစပါးကို ကြည့်မည်ဆိုလျှင် မိုးစပါးဧက ၃၇ သိန်း စိုက်နိုင်ခဲ့သည့် ဧရာဝတီတိုင်းပြီးလျှင် မိုးစပါးဧက သိန်း ၃၀ စိုက်နိုင်သော ပဲခူးတိုင်းသည် မြန်မာနိုင်ငံအတွက် ဒုတိယ အများဆုံးစိုက်နိုင်သည့် တိုင်းဖြစ်ကြောင်း၊ ပဲခူးတိုင်းအနေနှင့် ၂၀၀၄–၂၀၀၅ ခုနှစ်တွင် ဧက ၂၆ သိန်း စိုက်နိုင်ခဲ့ပြီး ၂၀၀၅–၂၀၀၆ ခုနှစ်တွင် ဧက ၂၈ သိန်း၊ ၂၀၀၆–၂၀၀၇ ခုနှစ်တွင် နောက်ထပ်ဧက နှစ်သိန်းတိုးပြီး ဧက သိန်း ၃၀ စိုက်နိုင်အောင် တစ်နှစ်ပြီးတစ်နှစ် တိုးတက်ကြိုးပမ်းစိုက်ပျိုးနေတာတွေ့ရကြောင်း၊ ယခုနှစ် မိုးစပါးဧက သိန်း ၃၀ တိုးချဲ့စိုက်ပျိုးရန် သတ်မှတ်ခဲ့ပြီး ရည်မှန်းချက် ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ပဲခူးတိုင်း(အရှေ့)တွင် ၁၇ သိန်းကျော်၊ ပဲခူးတိုင်း(အနောက်တွင်) ၁၂ သိန်းကျော် တာဝန်ပေးပြီး စိုက်ပျိုးဆောင်ရွက်စေခဲ့ရာ ယနေ့သည် ပဲခူးတိုင်းတစ်ခုလုံးအနေဖြင့် ရေတော်မိုးတော် မိုးစပါး ၂၉ သိန်းကျော် ပြီးစီးနိုင်ခဲ့၍ အလွန်ဝမ်းမြောက် ဂုဏ်ယူဖွယ်ရာကောင်းကြောင်း ပြောကြားလိုကြောင်း၊ ထိုအောင်မြင်မှုကို ကျေနပ်မနေဘဲ ကျန်ဧကများကို အချိန်မီစိုက်ပျိုးနိုင်အောင် ဆက်လက် ကြိုးပမ်းပြီး ယခုနှစ် ပဲခူးတိုင်း တစ်ခုလုံးအတွက် နိုင်ငံတော်က သတ်မှတ်ပေးထားသည့် မိုးစပါးဧက သိန်း ၃၀ ပြည့်မီရုံတင်မက ကျော်လွန်အောင် စိုက်ပျိုးနိုင်ရေးကိုလည်း တာဝန်ရှိသူများက ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် အလေးအနက် တိုက်တွန်းပြောကြားလိုကြောင်း။

နွေစပါးအနေဖြင့်လည်း ပဲခူးတိုင်းအတွင်း ၂၀၀၆–၂၀၀၇ ခုနှစ် ဧကလေးသိန်း စိုက်ပျိုးရန် သတ်မှတ်ထားရာ ရည်မှန်းချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ယခုအချိန်ကတည်းက ပြင်ဆင်စရာရှိသည်များကို ကြိုတင်လုပ်ဆောင်ထားရန် လိုအပ်ကြောင်း၊ ထို့အပြင် နှစ်ရှည်သီးနှံ သုံးမျိုးဖြစ်သည့် ဆီအုန်း၊ ရော်ဘာ၊ သစ်ဆိမ့်တို့အနက် ပဲခူးတိုင်းအတွင်း ဖြစ်ထွန်းသည့် ရော်ဘာနှင့် သစ်ဆိမ့်များအားလည်းကောင်း၊အမယ်သစ်သီးနှံသုံးမျိုးဖြစ်သည့် လက်ဖက်၊ ကော်ဖီနှင့် ငရုတ်ကောင်းတို့အနက် ကော်ဖီနှင့် ငရုတ်ကောင်းကိုလည်း စိုက်ပျိုးဖြစ်ထွန်းမည့်နေရာများတွင် စီမံကိန်းချမှတ်ပြီး စီးပွားဖြစ် ကြိုးပမ်းစိုက်ပျိုးကြရန်နှင့် ခြံစည်းရိုးကြက်ဆူပင်ကိုလည်း အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး တိုင်းအတွင်း ရည်မှန်းချက် ပြည့်မီကျော်လွန်အောင် စိုက်ပျိုးကြရန် မှာကြားလိုကြောင်း။

## အလေးထားဆောင်ရွက်

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ပဲခူးတိုင်းသည် စိုက်ပျိုးရေးကဏ္ဍတွင် အားကိုးရသည့် တိုင်းဖြစ်သည့်အတွက် စိုက်ပျိုးရေးကို တိုးတက်သည်ထက် တိုးတက်အောင် ကြိုးပမ်းစိုက်ပျိုးကြပါ၊ နိုင်ငံတော်က ချမှတ်ပေးထားသည့် သီးနှံအလိုက် အထွက်နှုန်းတိုးတက်ရေး ပန်းတိုင်ရည်မှန်းချက်များ အောင်မြင်အောင် အကောင်အထည်ဖော်ကြပါ၊ ဌာနဆိုင်ရာများကလည်း စိုက်ပျိုးကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်သည်ထက် တိုးတက်အောင် အောက်ခြေအဆင့်ထိ ကွင်းဆင်းပြီး လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးကြပါ၊ နိုင်ငံတော်တိုးတက်ရေးအတွက် သစ္စာရှိရှိ၊ စေတနာရှိရှိ ကြိုးစားလုပ်ကိုင်ကြပါ၊ တောင်သူလယ်သမားများအနေဖြင့်လည်း တိုးတက်ပြောင်းလဲနေသည့် နည်းပညာများကို လေ့လာမှတ်သားစိုက်ပျိုးကြပါ၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းရေးအတွက် အလေးထားပါဝင်ဆောင်ရွက်လုပ်ကိုင်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက အမှာစကားပြောကြားရာ၌ ယခုနှစ်တွင် မိုးစပါးဧကသိန်း ၃၀ ပြည့်အောင် ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် ပဲခူးတိုင်း၏ စပါးသီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် ဆောင်ရွက်နေသော အဓိကလုပ်ငန်းများကို တောင်သူများအားအသိပေးလိုကြောင်း၊ မိုးစပါးသီးနှံကို ရေကြီးကွင်း ရေနက်ကွင်းများတွင် စက်ယန္တရားများနှင့် ရေနုတ်မြောင်းများ တူးပြီး မိုးစပါးတိုးချဲ့စိုက်ပျိုးခြင်း၊ သီးနှံပြောင်းလဲစိုက်ပျိုးခြင်း စသည့် နည်းလမ်းပေါင်းစုံနှင့် ဆောင်ရွက်နေသည့်အပြင် ယခုနှစ်တွင် တောရိုင်းမြေရိုင်းများတွင် ခုတ်ထွင်ရှင်းလင်းပြီး ဒေသနှင့် သင့်တော်မည့် မျိုးများကို တိုးချဲ့စိုက်ရန် အထူးကြိုးပမ်း ဆောင်ရွက်ခဲ့ကြောင်း၊ ထို့ကြောင့် ရေတော် မိုးတော်ဧကများ ထွန်တုံးပိတ် စိုက်ပျိုးရုံနှင့်မပြီးသေးဘဲ တစ်တိုင်းလုံး သိန်း ၃၀ ကျော် ပြည့်မီအောင် စိုက်ပျိုးနိုင်ရန်အတွက် ခရိုင်အလိုက်၊ မြို့နယ်အလိုက် ရည်မှန်းချက်များ ပြည့်မီကျော်လွန်အောင် အစွမ်းကုန်ကြိုးစားပြီး ဆက်လက် စိုက်ပျိုးကြရန် အထူးမှာကြားလိုကြောင်း၊ ဧရိယာတိုးချဲ့ရေးအပြင် အထွက်နှုန်းတိုးတက်ရေးအတွက်လည်းတိုင်းအတွင်း ရေမြေသဘာဝ အခြေခံကောင်းသည့် နေရာများကို ရွေးချယ်ပြီး နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှာကြားထားသည့် တစ်ဧက တင်း ၁၀၀ ပန်းတိုင် အထွက်နှုန်းရရှိရေးကို မြို့နယ်အလိုက် ဧကခြောက်သိန်း စီမံဆောင်ရွက်လျက်ရှိကြောင်း အသိပေးလိုကြောင်း။

## ဝိုင်းဝန်းကြိုးပမ်း

သီးနှံထုတ်လုပ်မှု အရှိန်အဟုန်ဖြင့် တိုးတက်ထုတ်လုပ်ရေးအတွက် နိုင်ငံတော်အကြီးအကဲက စပါးအပါအဝင် အဓိကသီးနှံ ၁၀ မျိုးကို ပန်းတိုင်အထွက်နှုန်းများ သတ်မှတ်ထားပြီး ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် ဆောင်ရွက်ရမည့်နည်းလမ်းလေးသွယ်ကိုလည်း လမ်းညွှန်မှာကြားပြီး ဖြစ်ကြောင်း၊ စိုက်စနစ်မှန်ကန်ရေး၊ သီးနှံအလိုက် အထွက်ကောင်းမျိုးသုံးစွဲရေး၊ ဓာတ်မြေဩဇာနှင့် ဒေသထွက်မြေဩဇာများ ပေါင်းစပ်သုံးစွဲရေးနှင့် ရေတော် မိုးတော် စိုက်ဧကများ တိုးတက်ဖြစ်ပေါ်လာရေး စသည့် နည်းလမ်းလေးသွယ်နှင့် ဆောင်ရွက်ရာတွင် စပါးသီးနှံ၏ ပန်းတိုင်အထွက်နှုန်းသည် တစ်ဧကတွင် တင်း ၁၀၀ ထွက်ရှိရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိုးစပါးကို လျာထားချက်ပြည့်မီအောင် စိုက်ပျိုးရုံနှင့် မပြီးသေးပါဘူး၊ အထွက်နှုန်းကောင်းရန်အတွက် ဆက်လက်ပြီး တာဝန်ရှိသူများ တက်ညီလက်ညီနှင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရဦးမည်ဖြစ်ကြောင်း မှာကြားလိုကြောင်း၊

နိဂုံးချုပ်အနေနှင့် ရေတော်မိုးတော် ဧကများ ယခုလို ရာသီချိန်မီ ထွန်တုံးပိတ် စိုက်ပျိုးနိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြသည့် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်မှ ပုဂ္ဂိုလ်များနှင့် စပါးစိုက် တောင်သူလယ်သမားကြီးအားလုံးကိုလည်း အထူးမှတ်တမ်းတင်ဂုဏ်ပြုပါကြောင်းနှင့် ယနေ့ ခရိုင်အလိုက် ကိုယ်စားပြုပြီး အားကြိုးမာန်တက် ယှဉ်ပြိုင်ကြသည့် ကောက်စိုက် လုံမေများ၊ လယ်ယာလုပ်သားများကိုလည်း စိုက်စနစ်မှန်ဖြင့် အနိုင်ရရှိအောင် ယှဉ်ပြိုင်ကြပြီး မိမိတို့ဒေသ အခြေအနေပေးသည့် နေရာများတွင် ယခုလိုစနစ်မျိုးတွေ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားကြရန် တိုက်တွန်း မှာကြားကြောင်း ပြောကြားသည်။

ဆက်လက်၍ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုထံ တောင်ငူခရိုင်ထွန်တုံးပိတ် အစီရင်ခံစာကို တောင်ငူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးသိန်းဌေးကလည်းကောင်း၊ ပဲခူးခရိုင် ထွန်တုံးပိတ်အစီရင်ခံစာကို ပဲခူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မင်းကလည်းကောင်း၊ ပြည်ခရိုင် ထွန်တုံးပိတ်အစီရင်ခံစာကို ပြည်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းအေးကလည်းကောင်း၊ သာယာ

● **ရှေ့ဖုံးမှ**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ခြံစည်းရိုး ကြက်ဆူပင်များကို မြေလွတ်မြေလပ်များတွင် ပိုမိုစိုက်ပျိုးသွားရန်မှာကြားသည်။

အဆိုပါ စိုက်ကွက်အမှတ်(၁)၌ ကြက်ဆူပင်ဧက ၅၀ ကို စိုက်ပျိုးသွားမည်ဖြစ်ရာ ယခုအခါ ဧက ၂၀ စိုက်ပျိုးပြီးဖြစ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ကြက်ဆူပင်စိုက်ခင်း အမှတ်(၇)၌ ကြက်ဆူပင်များ စိုက်ပျိုးထားမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

**တိုးချဲ့စိုက်ပျိုး**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ကွင်းကောက်နယ်မြေခံ တပ်နယ်ခန်းမ၌ အရာရှိ စစ်သည် မိသားစုများအား တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ဒေသခံပြည်သူများနှင့် တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ရေး၊ မိသားစု သက်သာချောင်ချိရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများတွင် တစ်နိုင်တစ်ပိုင်မှသည် တစ်အုပ်တစ်မအထိ ဆောင်ရွက်ကြရေး၊ ဇီဝလောင်စာဆီ အလွယ်တကူထုတ်ယူနိုင်သည့် ခြံစည်းရိုးကြက်ဆူပင်များကို ယခုစိုက်ပျိုးထားသည်ထက် မြေလွတ်မြေလပ်များတွင် တိုးချဲ့စိုက်ပျိုးရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်းအမှတ်(၄)နှင့် တပ်နယ်ပျိုးဥယျာဉ်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

အဆိုပါ ပျိုးဥယျာဉ်၌ ခြံစည်းရိုးကြက်ဆူပင်၊ ငရုတ်ကောင်းနှင့် အခြားစားပင်နှင့် ရာသီပင်များကို ပျိုးထောင်ထားရှိသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် အဖွဲ့ဝင်များလိုက်ပါ၍ ကွင်းကောက်-မြို့ကွင်း-ဟင်္သာတလမ်းရှိ အင်္ဂပူ မြို့နယ်မှ တောင်သူလယ်သမားများ ထွန်ယက်စိုက်ပျိုးထားသည့် မိုးစပါးများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၄)က တာဝန်ယူဆောက်လုပ်လျက်ရှိသည့် ငဝန်တံတား(မြို့ကွင်း)တည်ဆောက်ရေးစီမံကိန်းကို သွားရောက်ကြည့်ရှုစစ်ဆေးရာ လက်ထောက်အင်ဂျင်နီယာ ဦးအောင်ခိုင်က ပင်မတံတားအောက်ခြေ၊ ချဉ်းကပ်တံတား(ဟင်္သာတဘက်ကမ်း)နှင့် (အင်္ဂပူဘက်ကမ်း)တို့၌ လုပ်ငန်းများ ဆောင်ရွက်ထားမှုကို ရှင်းလင်းတင်ပြသည်။

**ဝိုင်းဝန်းကြိုးပမ်း**

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ယခု ငဝန်တံတား(မြို့ကွင်း)တည်ဆောက်ရခြင်းမှာ လက်ရှိအသုံးပြုနေသော မြို့ကွင်းမီးရထားတံတားသည် မီးရထားနှင့် ကားများအသုံးပြုလျက်ရှိပြီး သက်တမ်းအားဖြင့် (၉၈)နှစ်ကျော်ပြီဖြစ်၍လည်းကောင်း၊ တစ်နေ့တခြားများပြားလာသော ယာဉ်များ အခြေအနေအရလည်းကောင်း တည်ဆောက်ရခြင်းဖြစ်၍ စံချိန်စံညွှန်းပြည့်မီပြီး ဒေသခံပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေမည့် တံတားကြီးတစ်စင်းဖြစ်ပေါ်လာရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တံတားတည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ငဝန်တံတား(မြို့ကွင်း)သည် တံတားအရှည်၂၈၃၅ပေ၊ တံတား အကျယ် ၃၄ ပေနှင့် ယာဉ်သွားလမ်း အကျယ် ၂၈ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်သုံးပေစီဖြင့် သတ်မှတ်ချိန်အတွင်းပြီးစီးရေး ကြိုးပမ်းတည်ဆောက်လျက်ရှိကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် အဖွဲ့ဝင်များနှင့်အတူ မြို့ကွင်း-ဟင်္သာတလမ်းရှိ ဟင်္သာတမြို့နယ်မှ တောင်သူလယ်သမားများ ထွန်ယက်စိုက်ပျိုးထားသည့် မိုးစပါးများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဟင်္သာတမြို့ရှိ ဆည်မြောင်းဦးစီးဌာန ဧည့်ရိပ်သာ၌ ဧရာဝတီမြစ်၏ ရေကာတာများနှင့် စပ်လျဉ်း၍ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။ ရှေးဦးစွာ ဧရာဝတီတိုင်းဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ဆန်းက ဧရာဝတီမြစ်နှင့် ငဝန်မြစ်တို့၏ ရေကာတာများပြုပြင်ထိန်းသိမ်းမှုနှင့် မြစ်ရေကြီးခြင်းမှ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုတို့ကို ရှင်းလင်းတင်ပြသည်။

**ကြိုတင်ပြင်ဆင်**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ဟင်္သာတရေကာတာ၊ မြန်အောင်ရေကာတာ၊ ငဝန်မြစ်ရေကာတာနှင့် ဧရာဝတီအရှေ့ ရေကာတာများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆည်မြောင်းဦးစီးဌာနမှ ဝန်ထမ်းအနေဖြင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်များ၊ ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ ခိုင်လုံကောင်း မွန်အောင် ဆောင်ရွက်သွားကြရန်၊ မိုးရာသီရောက်ရှိလာပြီဖြစ်သဖြင့် ရေဘေးန္တရာယ် ကြိုတင်ကာကွယ်ရေးစီမံချက်ကို ကြိုတင်ပြင်ဆင် ဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဟင်္သာတမြို့ မြို့တော်ခန်းမ၌ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်နှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံသည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ ဟင်္သာတခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဗိုလ်မှူးချစ်မြိုင်က ခရိုင်နှင့် ပတ်သက်သည့်အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အမှာစကားပြောကြားရာတွင် ဧရာဝတီတိုင်းသည် နိုင်ငံတော်အတွက် အရေးပါသည့် တိုင်းကြီးခြောက်တိုင်းတွင် ပါဝင်သကဲ့သို့ ဧရာဝတီတိုင်းအတွင်း ပါဝင်သည့် ဟင်္သာတခရိုင်သည်လည်း အရေးပါသည့် ခရိုင်တစ်ခုဖြစ်ကြောင်း၊ အလားတူခရိုင်တွင်ပါဝင်သည့်မြို့နယ် ခြောက်မြို့နယ်သည်လည်း အရေးပါကြောင်း၊ မိုးစပါး၊ နွေစပါး၊ ဆောင်းသီးနှံ စသည်ဖြင့် သီးထပ်၊ သီးညှပ်များ စိုက်ပျိုးကာ စိုက်ပျိုးစွမ်းအားမြင့်သည့် ခရိုင်ဖြစ်ကြောင်း၊ နိုင်ငံတော်ကလည်း စိုက်ပျိုးရေးနှင့် ပတ်သက်၍ လိုအပ်သည့် နည်းပညာဖြင့် ပံ့ပိုးကူညီလျက်ရှိကြောင်း၊ စိုက်ပျိုးရေရရှိရေးအတွက် ကွန်း၊ နန်ကသူဆည်များ ဖွင့်လှစ်ပေးခဲ့ပြီး မမြနှင့် ကညင်ဆည်များကိုလည်း တည်ဆောက်နေဆဲဖြစ်ကြောင်း၊ ကဇွန်ခုံ၊ ငပိဆိပ်၊ မြစ်ကျိုးနှင့် မြို့ကွင်း လျှပ်စစ်ရေတင်စီမံကိန်းများကို တည်ဆောက်ပေးလျက်ရှိကြောင်း၊ ထို့အပြင် အဓိကသီးနှံ ၁၀ မျိုးကို တတ်နိုင်သမျှ တိုးတက်စိုက်ပျိုးရန်လိုကြောင်း၊ အမယ်သစ်သီးနှံ ငရုတ်ကောင်းကိုလည်း တစ်နိုင်တစ်ပိုင်မှ တစ်အုပ်တစ်မ စိုက်ပျိုးကြရန်လိုကြောင်း၊ အထူးသဖြင့် ဇီဝလောင်စာဆီထုတ်ယူနိုင်မည့် ခြံစည်းရိုးကြက်ဆူပင်များကို ရည်မှန်းချက်ပြည့်မီကျော်လွန်အောင် စိုက်ပျိုးကြရန်လိုကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်နှင့်အညီ ကျေးလက်များ ဖွံ့ဖြိုးရေးကို ဆောင်ရွက်ရန် တာဝန်ရှိသူများအနေဖြင့် အောက်ခြေအထိကွင်းဆင်းပြီး ဒေသခံများနှင့် ပူးပေါင်းဆောင်ရွက်ပေးရန်လိုကြောင်း၊ ယခုအခါ မိုးရာသီရောက်ရှိနေပြီဖြစ်ရာ မြစ်ရေကြီးမှုအန္တရာယ်မှ ကင်းဝေးစေရန် ကာကွယ်ရေးလုပ်ငန်းများကို နိုင်ငံတော်အပိုင်းက စီမံဆောင်ရွက်ပေးသကဲ့သို့ ဒေသခံပြည်သူများကလည်း အသိစိတ်ဓာတ်ရှိရှိဖြင့် နိုးကြားတက်ကြွစွာ လက်တွဲပါဝင်ကြရန်လိုကြောင်းနှင့် မိမိတို့မြို့ရွာ သန့်ရှင်းသပ်ရပ်လှပရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ကောက်စိုက်စွမ်းရည်ပြိုင်ပွဲတွင် ပထမဆုရ ပဲခူးခရိုင်ကိုယ်စားပြု ညောင်လေးပင်မြို့နယ်အသင်းအား ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)

ဝတီခရိုင် ထွန်တုံးပိတ်အစီရင်ခံစာကို သာယာဝတီခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်ဝင်းက လည်းကောင်း အသီးသီးပေးအပ်ကြသည်။

ထို့နောက် ပြိုင်ပွဲဝင်များက ကွင်းအတွင်းသတ်မှတ်နေရာအသီးသီး၌ နေရာယူကြပြီး ပြိုင်ပွဲကို စတင်ရန် ချိန်မှတ်ဒိုင်က အချက်ပေးလိုက်သည်နှင့် ပြိုင်ပွဲဝင်များက စတင်ယှဉ်ပြိုင်ကြသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များသည် ပြိုင်ပွဲ ယှဉ်ပြိုင်မှုကို လိုက်လံကြည့်ရှုအားပေးပြီး လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ပြခန်းများကို ကြည့်ရှုသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ကောက်စိုက်ပြိုင်ပွဲ ယှဉ်ပြိုင်ဆုရ တောင်ငူခရိုင် ကိုယ်စားပြု ဖြူးမြို့နယ်အသင်းနှင့် တိုက်ရိုက်မျိုးစေ့ချပြိုင်ပွဲ ယှဉ်ပြိုင်ဆုရ တောင်ငူခရိုင် ကျောက်ကြီးမြို့နယ်အသင်းအား မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးလှမျိုးကလည်းကောင်း၊ ကောက်စိုက်ပြိုင်ပွဲ ယှဉ်ပြိုင်ဆုရ ပဲခူးခရိုင် ကိုယ်စားပြု ဝေါမြို့နယ်အသင်းနှင့် တိုက်ရိုက်မျိုးစေ့ချ ပြိုင်ပွဲယှဉ်ပြိုင်ဆုရ ပဲခူးခရိုင်ကိုယ်စားပြု ကဝမြို့နယ်အသင်းအား တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် (၂) တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်ဒိုင်းကလည်းကောင်း၊ ကောက်စိုက်ပြိုင်ပွဲ ယှဉ်ပြိုင်ဆုရ တောင်ငူခရိုင် ကိုယ်စားပြု အုတ်တွင်းမြို့နယ်အသင်းနှင့် တိုက်ရိုက်မျိုးစေ့ချပြိုင်ပွဲ ယှဉ်ပြိုင်ဆုရ တောင်ငူခရိုင် ကိုယ်စားပြု ထန်းတပင်မြို့နယ်အသင်းအားလည်းကောင်း၊ ကောက်စိုက်ပြိုင်ပွဲတွင် တတိယဆုရ တောင်ငူခရိုင်ကိုယ်စားပြု ရေတာရှည်မြို့နယ်အသင်းနှင့် တိုက်ရိုက်မျိုးစေ့ချပြိုင်ပွဲ တတိယဆုရ တောင်ငူခရိုင် ကိုယ်စားပြု တောင်ငူမြို့နယ်အသင်းတို့အား ဆုများချီးမြှင့်ကြသည်။

**ဆုချီးမြှင့်**

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက ကောက်စိုက်ပြိုင်ပွဲ ဒုတိယဆုရ ပဲခူးခရိုင် ကိုယ်စားပြု ဒိုက်ဦးမြို့နယ်အသင်းနှင့် တိုက်ရိုက် မျိုးစေ့ချပြိုင်ပွဲတွင် ဒုတိယဆုရ ပဲခူးခရိုင် ကိုယ်စားပြု ပဲခူးမြို့နယ်အသင်းတို့အား ဆုများချီးမြှင့်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ကောက်စိုက်ပြိုင်ပွဲ ပထမဆုရ ပဲခူးခရိုင် ကိုယ်စားပြု ညောင်လေးပင်မြို့နယ် အသင်းနှင့် တိုက်ရိုက်မျိုးစေ့ချ ပြိုင်ပွဲတွင်ပထမဆုရ ပဲခူးခရိုင် ကိုယ်စားပြု ကျောက်တံခါးမြို့နယ်အသင်းတို့အား ဆုချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

# အိုင်အိုဒင်းချို့တဲ့မှုပပျောက်ရေးအစီအစဉ် ခိုင်ခိုင်မာမာပေါ်ပေါက်ရန် အရေးတကြီးလုပ်ဆောင်ရမည့်လုပ်ငန်း ရေရှည်စီမံချက်ချဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၂

**ကျန်းမာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ အိုင်အိုဒင်းချို့တဲ့မှုပပျောက်ရေး ဗဟိုကော်မတီ၏(၁/၂၀၀၆)အစည်းအဝေးကို ယမန်နေ့မွန်းလွဲ၂နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အမျိုးသားကျန်းမာရေးကော်မတီ အစည်းအဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။**

**တက်ရောက်**

အဆိုပါအစည်းအဝေးသို့ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ကျန်းမာရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် အိုင်အိုဒင်းချို့တဲ့မှု ပပျောက်ရေး ဗဟိုကော်မတီဝင်များ၊ ဝန်ကြီးဌာန အသီးသီးနှင့် စည်ပင်သာယာရေးကော်မတီတို့မှ ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ဆားလုပ်ငန်းရှင် အသင်းကိုယ်စားလှယ်များနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သဘာပတိဗဟိုကော်မတီ ဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အဖွင့်အမှာစကားပြောကြားရာတွင် ၂၀၀၆ ခုနှစ်မှစ၍ တစ်နိုင်ငံလုံး အိုင်အိုဒင်းချို့တဲ့မှုပပျောက်စေရန်အတွက် အိုင်အိုဒင်းဆားကိုသာ စားသုံးသည့် နည်းဗျူဟာကို ကျင့်သုံးခဲ့ရာ စားသုံးသူ ၉၀ရာခိုင်နှုန်းကျော်နေပြီဖြစ်ကြောင်း၊ သို့သော်အချို့နေရာ ဒေသများတွင် အားနည်းနေသေးသည်ကို တွေ့ရကြောင်း၊ ကျန်းမာရေးဦးစီးဌာနနှင့် မြန်မာ့ဆားလုပ်ငန်းတို့သည် ဒေသအာဏာပိုင်အဖွဲ့အစည်းများ၏ ပံ့ပိုးမှုကိုရယူပြီး ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် အိုင်အိုဒင်းစားသုံးရေး ပညာပေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခြင်း၊ လက်ကားဆိုင်များ၊ ဂိုဒေါင်များမှာ အရည်အသွေး မပြည့်မီကြောင်း စစ်ဆေးတွေ့ရှိရသော ဆားများကို အိုင်အိုဒင်းဖြည့်ပြီးမှ ရောင်းချခွင့်ပြုခြင်း စသည့် လုပ်ငန်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်သည့်အတွက် ယခုနှစ် အဆိုပါဒေသများတွင် အိုင်အိုဒင်းဆား စားသုံးမှုနှင့် အိုင်အိုဒင်းစွန့်ထုတ်မှုအခြေအနေများ တိုးတက်လာသည်ကို တွေ့ရကြောင်း၊ အိုင်အိုဒင်း ချို့တဲ့မှုလက္ခဏာတစ်ခုဖြစ်သော လည်ပင်းကြီးရောဂါ ဖြစ်ပွားမှုနှုန်းသည်လည်း ၂၀၀၅ ခုနှစ်တွင် ၅ ဒသမ ၅ ရာခိုင်နှုန်းအထိ ကျဆင်းသည်ကိုတွေ့ရကြောင်း၊ ယခင်က လည်ပင်းကြီးရောဂါ အဖြစ်များသော ပြည်နယ်၊ တိုင်းတို့မှာလည်း လည်ပင်းကြီးရောဂါဖြစ်ပွားနှုန်း သိသိသာသာ ကျဆင်းနေသည်ကို တွေ့ရသည့်အတွက် ရည်မှန်းထားသည့် ငါးရာခိုင်နှုန်းအောက်ကို မကြာမီရောက်ရှိသွားမည်ဟု ယုံကြည်ကြောင်း၊ ယနေ့ကော်မတီအစည်းအဝေးတွင် အိုင်အိုဒင်းချို့တဲ့မှုပပျောက်မှုအခြေအနေ ဆက်လက်ထိန်းသိမ်းနိုင်မည့် အစီအစဉ်တစ်ရပ် ခိုင်ခိုင်မာမာ ပေါ်ပေါက်ရေးဆိုသော ရည်မှန်းချက်နှစ်ရပ်အတွက် အရေးတကြီး လုပ်ဆောင်ရမည့်လုပ်ငန်းများကို ရေရှည်စီမံချက်ချပြီး ဆောင်ရွက်ရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသွားသည်။

**ဆွေးနွေးတင်ပြ**

အစည်းအဝေးတွင် ဗဟိုကော်မတီ အတွင်းရေးမှူး ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မြန်မာနိုင်ငံ အိုင်အိုဒင်းချို့တဲ့မှု ပပျောက်ရေး အတွက် ဆောင်ရွက်မှုများနှင့် ရေရှည်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ အိုင်အိုဒင်းဆား ထုတ်လုပ်ဖြန့်ဖြူးရေး ဥက္ကဋ္ဌ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက လွန်ခဲ့သည့်နှစ်အတွင်း ဆောင်ရွက်ခဲ့သည့် အိုင်အိုဒင်းဆား ထုတ်လုပ်ရေးလုပ်ငန်းများကို လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တွဲဖက်အတွင်းရေးမှူး ညွှန်ကြားရေးမှူး (ပြည်သူ့ကျန်းမာ)က ၂၀၀၆ ခုနှစ် စက်တင်ဘာတွင် ပြုလုပ်မည့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုများ တင်ပြချက်များအပေါ် တက်ရောက်လာသူများက ဆွေးနွေးကြပြီး ဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**စေတနာထားဆောက်လုပ်**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဟင်္သာတအစိုးရနည်းပညာကောလိပ် သုံးထပ်ဆောင်အဆောက်အအုံဆောက်လုပ်ရေးစီမံကိန်းလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးရာ System Engineering ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်ကျော်စိုးက ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းများကို လိုက်လံရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ သတ်မှတ်ကာလအတွင်း ပြီးစီးဆောင်ရွက်ရေး ကျောင်းသား ကျောင်းသူ ၃၀၀၀ ခန့် တက်ရောက်ပညာသင်ကြားရေး အဆင်ပြေစေရန် စေတနာထား၍ အချိန်မီပြီးစီးအောင် ဆောက်လုပ်ပေးရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဟင်္သာတအစိုးရနည်းပညာကောလိပ် ကျောင်းအုပ်ကြီး ဦးဇာနည်လင်းနှင့် ဆရာ ဆရာမများအားတွေ့ဆုံ၍ ပညာသင်ကြားရေးဆိုင်ရာကိစ္စများကို ဆွေးနွေးမှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်တို့သည် အဖွဲ့ဝင်များနှင့်အတူ ဟင်္သာတမြို့နယ် နတ်မော်ကျေးရွာ၌ တည်ထားကိုးကွယ်သည့် တိလောကဦးသျှောင်ရှင်သာလျောင်း ဗုဒ္ဓရုပ်ပွားတော်အား သွားရောက် ဖူးမြော်ကြည်ညိုကြပြီး ပန်း၊ ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အလှူငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် တိလောကဦးသျှောင်ရှင်သာလျောင်း ဗုဒ္ဓရုပ်ပွားတော်၏ပုံတော်ကို ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဟင်္သာတမြို့ ရွှေကူရပ်ကွက်ရှိ ဆည်မြောင်းဦးစီးဌာန၏ ဟင်္သာတရေကာတာ ရေကင်းအမှတ်(၈)ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြစ်ရေကြီးမှုအန္တရာယ် ကင်းဝေးစေရန် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို နေ့ညမပြတ် သတိရှိစွာဖြင့် ဆောင်ရွက်ရေး မှာကြားသည်။

**ဖူးမြော်ကြည်ညို**

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် အဖွဲ့ဝင်များနှင့်အတူ ဇလွန်မြို့သို့ရောက်ရှိပြီး မာရ်အောင်မြင်ပြည်တော်ပြန်ဘုရားအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက မာရ်အောင်မြင်ပြည်တော်ပြန်ဘုရားအား ရွှေသင်္ကန်းကပ်လှူ၍ ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အလှူငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် မာရ်အောင်မြင်ပြည်တော်ပြန် ဘုရား၏ပုံတော်တို့ကို ပြန်လည်ပေးအပ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဇလွန်မြို့နယ် သံလွင်ကွင်း ဧက၁၀၀စံပြကွက်နှင့် သီးနှံအထွက်တိုးစခန်းသို့သွားရောက်၍ တောင်သူလယ်သမားကြီးဦးသန်းစိုး စိုက်ပျိုးထားသည့် တစ်မိုးနှစ်သီး ထွန်းသီရိစပါးမျိုး သမန်းနှိုးခြင်းနှင့် စုပေါင်းဓာတ်မြေဩဇာကြဲခြင်းကို ကြည့်ရှုအားပေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက သီးနှံအထွက်တိုးရေးနှင့်စပ်လျဉ်း၍ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် သံလွင်ကွင်း သီးနှံအထွက်တိုးစခန်း၌ ဖွင့်လှစ်ရောင်းချလျက်ရှိသည့် လယ်ယာသီးနှံစိုက်ပျိုးရေးသုံးပစ္စည်းများနှင့် ဆေးများကို ကြည့်ရှုစစ်ဆေးပြီး ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

# စာကြည့်တိုက်နိုင်ငံ၏ လူတိုင်းအတွက်ပညာရေး

**"တောသားရန်အောင်၊ ခြသေ့်ယောင်သို့**
**မရှောင်ပညာ၊ တင်းတင်းမာ၍**
**ပညာရဲရင့်၊ပွဲလယ်တင့်လိမ့်"**

(ရှင်မဟာရဋ္ဌသာရ)

စာကောင်းပေမွန်များသည် မှန်ကန်သော အသိအမြင်၊ တည့်မတ်သော အတွေးအခေါ်၊ ရင့်ကျက်သော စိတ်နေစိတ်ထားတို့ကို ရရှိပိုင်ဆိုင်နိုင်ပါသည်။

စာပေဟူသည် သုတ၊ ရသ ဖွံ့ဖြိုးရေးအတွက် ကူညီပေးပါသည်။ လူသားတို့၏ မိတ်ဆွေစစ်အဖြစ်လည်း ထာဝစဉ်ရပ်တည်နေပါသည်။ ဘဝကို အလွယ်တကူ အရှုံးမပေးစေရန် အားပေးလှုံ့ဆော်နိုင်စွမ်းလည်းရှိပါသည်။

စာဖတ်သူများသည် စာပေမျိုးစုံကို နေ့စဉ်ဖတ်ရှုကြပါသည်။ ထိုကဲ့သို့ စာပေကို ဖတ်မှတ်သောအခါတွင် ကဏ္ဍအလိုက် အသိဉာဏ်၊ ဗဟုသုတများကို ရရှိစေသဖြင့် အသိဉာဏ်ကိုရရှိပိုင်ဆိုင်စေသော ဂုဏ်သတ္တိလည်း ရှိပါသည်။ စာပေကို ဖတ်ရှုလေ့လာရာ၌ စွမ်းအားရှိသော စာပေမျိုးကို ရွေးချယ်ဖတ်ရှုရန် လိုအပ်ပါသည်။ စွမ်းအားဆိုင်ရာတွင် သဒ္ဒါစွမ်းအားနှင့် အနက်စွမ်းအားဟူ၍ ကွဲပြားပါသည်။ စွမ်းအားနှစ်မျိုးလုံးပြည့်ဝသော စာပေသည် လောက၏ အကျိုးစီးပွားကို ဖြစ်ပေါ်စေပြီး လူသားများ၏ မျှော်မှန်းချက်များကို ပြည့်ဝစေပါသည်။

စာဖတ်ခြင်းကြောင့် သာယာမှုအတွက်၊ တန်ဆာဆင်မှုအတွက်၊ တတ်စွမ်းမှု အတွက် အကျိုးတရားများဖြစ်ထွန်းနိုင်ပါသည်။ လူသားတို့၏ အရည်အသွေး ပြည့်ဝရေးအတွက် အထောက်အကူပြုနိုင်သည့် အကြီးမားဆုံး အထောက်အကူ တစ်ခုမှာ **"စာပေဖတ်ရှုခြင်း"**ပင် ဖြစ်ပါသည်။

ထို့ကြောင့်လောက၏ အကျိုးစီးပွားကို ရရှိနိုင်စေရန် စာကောင်းပေမွန်များကို ခွဲခြားဖတ်ရှုတတ်ပြီး ကိုယ်တိုင်ကိုယ်ကျ အကျိုးရှိစွာ အသုံးချတတ်ရန် လိုအပ်လှပါသည်။

မြန်မာစာပေသမိုင်းကို လေ့လာကြည့်လျှင် မြန်မာနိုင်ငံ၌ အလွန်ခိုင်မာသော ကိုယ်ပိုင်ဒေသနစာပေများရှိပြီးဖြစ်ပါသည်။ ပုဂံခေတ်မှစ၍ အနော်ရထာမင်းနှင့် ရှင်အရဟံမထေရ်မြတ်တို့ သာသနာပြုခဲ့ချိန်မှစ၍ ထေရဝါဒ ဗုဒ္ဓဒေသနစာပေ စတင်ရောက်ရှိလာခဲ့ပါသည်။ ပါဠိ၊ သင်္သကရိုက်၊ ပျူစာပေများ လေ့လာပွားများရာမှ မြန်မာစာပေဟူ၍ ထွန်းတောက်လာခဲ့ပါသည်။

မြန်မာတို့တွင် ခိုင်မာသော ကိုယ်ပိုင်ဒေသနရှိသောကြောင့် သတ္တိရှိသည်။ စိတ်ထားဖြူစင်သည်။ အမြင်ကြည်လင်သည်။ မိမိအကျိုးစီးပွားနှင့် အမျိုးသားအကျိုးစီးပွားကို ယှဉ်တွဲနားလည်တတ်သည်။ မိမိနိုင်ငံနှင့် မိမိလူမျိုးအတွက် ပြတ်သားသော ပန်းတိုင်ရှိသည်။

မြန်မာနိုင်ငံ၌ ခိုင်မာသော ဒေသနစာပေများမှာ ပိဋကတ်တော်များပင် ဖြစ်ပါသည်။ ပိဋကတ်စာပေ မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့သည်မှာ နှစ်ပေါင်း ၁၀၀၀ကျော်ပြီဖြစ်သည်။ ပိဋကတ်စာပေသည် ပါဠိဘာသာမှစတင်၍ မြန်မာ၊ မွန်၊ ရှမ်းတိုင်းရင်းသားဘာသာများဖြင့် တည်ရှိလာပြီး အရေးအသားပုံစံများမှာလည်း စကားပြေ၊ ကဗျာ၊ လင်္ကာတို့ဖြင့် စုံလင်လှပါသည်။

ယနေ့အချိန် ပညာရေးကဏ္ဍနှင့် ယှဉ်တွဲလျက် စာပေဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်က အင်တိုက်အားတိုက် ဖြည့်ဆည်းပေးလျက်ရှိပါသည်။ ပညာရေးစနစ် တွင် အစဉ်သင်ယူနေသော မြန်မာ့လူ့ဘောင်ကို ဖော်ဆောင်ခြင်း၊ စာပေမျိုးစုံကို ပုံနှိပ်ထုတ်ဝေခြင်း၊ စာပေဆုမျိုးစုံချီးမြှင့်၍ စာပေအဆင့်အတန်းကို မြှင့်တင်ခြင်း၊ ပညာသင်ဆဲကျောင်းသူ၊ကျောင်းသားထုများကြား စာစီစာကုံးပြိုင်ပွဲ၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်းပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ များကို အခါအားလျော်စွာ ကျင်းပပေးလျက်ရှိပါသည်။

နိုင်ငံတော်က နိုင်ငံအတွင်း ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုများကို မကြုံစဖူး ခိုင်ခိုင်မာမာ တည်ဆောက်ပေးနေသကဲ့သို့ စိတ်ပိုင်းဆိုင်ရာဖြစ်သော စာပေယဉ်ကျေးမှု ကိစ္စများကိုလည်း တည်တံ့ဖွံ့ဖြိုးအောင် အားပေးတည်ဆောက်ပေးနေခြင်းကို အားလုံးအသိပင် ဖြစ်ပါသည်။

စာပေလောက ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံနှင့်လူမျိုးအတွက် အရေးကြီးသည်။ စာပေသည် အမျိုးသားယဉ်ကျေးမှု အနုပညာများ ဖြာထွက်ရာ ပင်စည်ကြီး ဖြစ်သကဲ့သို့ အမျိုးသားယဉ်ကျေးမှုပုံရိပ်ထင်ရာ ကြေးမုံပြင်ကြီးလည်း ဖြစ်သည်။

မြန်မာနိုင်ငံ၏ စာပေကြေးမုံပြင်ကြီးထဲတွင် မြန်မာ့အတွေးအခေါ်၊ မြန်မာ့စိတ်ထားနှင့် မြန်မာ့ကြိုးပမ်းမှုများ သဲကွဲစွာ ပုံရိပ်ထင်ပြီး ရှိနေပါသည်။ ဤပုံရိပ်များထဲတွင် မြန်မာ့လူမှုလေ့တည်ဆောက်မှု၊ မြန်မာတို့၏ မျိုးချစ်စိတ်နှင့် နိုင်ငံချစ်စိတ်ရှိမှု၊ လွတ်လပ်ရေးကို လိုလားမှု၊ ပြည်ထောင်စု စိတ်ဓာတ်ထားရှိမွေးမြူမှုတို့သည် သမိုင်းဖြစ်ရပ်များအဖြစ် အထင်အရှား တည်ရှိနေပါသည်။ ယခုကဲ့သို့ စာပေတွင် ပုံရိပ်ထင်ဟပ်သည့် မြန်မာ့လူမှုစိတ်ထားများ ဆက်လက်ဖွံ့ဖြိုးခိုင်မာလာအောင် စာပေနည်းဖြင့်ပင် တစ်ဖက်တစ်လမ်းက ကြိုးပမ်းတည်ဆောက်ကြရမည်ဖြစ်ပါသည်။

စာပေမှ တစ်ဆင့် ရုပ်ရှင်၊ တေးဂီတ၊ သဘင်၊ ဓာတ်ပုံ၊ ရုပ်မြင်သံကြားစသည့် လူထုဆက်သွယ်ရေး နည်းလမ်းများအထိ ပေါင်းစပ်ဖြစ်ပေါ်နေသည်၊ ကူးပြောင်းနိုင်သည့် မီဒီယာခေတ်ကြီးထဲသို့ ရောက်ရှိလာပြီဖြစ်ပါသည်။

မြန်မာစာပေလောကသည်အစဉ်အလာကောင်းများ ရှိပြီးသားဖြစ်ပါသည်။ ယင်းတို့မှာ ရေးသားဖွဲ့ဆိုမှု အစဉ်အလာ၊ အသိအလိမ္မာပေးပြီး စည်းရုံးပညာပေးနိုင်သည့် အစဉ်အလာနှင့် တိုင်းကျိုးပြည်ပြု အစဉ်အလာတို့ ဖြစ်ပါသည်။

မျက်မှောက်ခေတ်သည် နိုင်ငံတကာနှင့် နိစ္စဓူဝ ကူးလူးဆက်ဆံရသည့် ခေတ်ကာလဖြစ်သည့်အတွက် စာပေနှင့် စာနယ်ဇင်းလုပ်ငန်းနယ်ပယ်တွင် အခြားသောနိုင်ငံများနှင့် လက်ရာယှဉ်ပြိုင်မှုများ၊ အတွေးအခေါ်ယှဉ်ပြိုင်မှုများနှင့် အနုပညာရသယှဉ်ပြိုင်မှုများကို တရားသဖြင့် ပြုလုပ်နိုင်ရေး ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်ပါသည်။ မြန်မာတို့၏ ရုပ်တည်မှု စိတ်ထားရုပ်သွင်ကို နိုင်ငံတကာအထိ ထိုးဖောက်တင်ပြနိုင်စွမ်းရှိအောင် ရည်မှန်းပြီး အားထုတ်ရေးသား၊ ထုတ်ဝေ၊ ဖြန့်ချိနိုင်သည်အထိ လုပ်ဆောင်သွားကြရမည် ဖြစ်ပါသည်။

လူတိုင်းစာတတ်မြောက်ရေးကို ကြိုးပမ်းဆောင်ရွက်နေချိန်တွင် စာတတ်သူတိုင်း စာဖတ်နိုင်အား မြင့်မားစေရေးအတွက် အခြေခံကောင်းများ ဖန်တီးပေးကြရမည်ဖြစ်ပါသည်။ စာတတ်သူတိုင်း မှတ်သားဖွယ်စာပေများကို ရှာဖွေဖတ်ရှုနိုင်ရေး အားပေးဖြည့်ဆည်းကြရပါမည်။

ဘဝတွင် အောင်မြင်နိုင်ရေးအတွက် ပညာသာလျှင် မြင့်မားသောအသိဒေသနဖြစ်ပါသည်။ ပိုင်းခြားဝေဖန်တတ်မှု၊ တီထွင်ကြံဆတတ်မှု၊ အကောင်းအဆိုး၊ အကျိုးအပြစ် ရွေးချယ်တတ်မှု၊ မှန်ကန်မြင့်မားစွာ အကောင်းမြင်တတ်မှု၊ လူ့လောကကြီး တိုးတက်အောင် ကြံဆတတ်မှုတို့သည် ပညာ၌အခြေခံတည်ရှိနေပါသည်။ လောဘ၊ ဒေါသ၊ မောဟ၊ အဝိဇ္ဇာ၊ အမှောင် တို့ကို ပညာအလင်းဖြင့် ရှင်းလင်းစေကာ အခက်အခဲကို ကျော်လွှားနိုင်ပါသည်။

အသိပညာဗဟုသုတလေ့လာရန်နှင့် ပွားများစေရန်အတွက် ပညာဗဟုသုတနှင့်ရသခံစားမှုများ ဖြန့်ဝေပေးရာစာကြည့်တိုက်များကိုလည်း နိုင်ငံတော်က ကျေးရွာများအထိ ထူထောင်ဖြည့်ဆည်းပေးလျက် ရှိနေပါသည်။ နီးစပ်ရာ စာကြည့်တိုက်များမှ စာအုပ်စာပေများကို ဖတ်ရှုလေ့လာခြင်းဖြင့် ဆည်းပူးရန် လိုအပ်ပါသည်။

**"ဖတ်ဖန်များက၊သားမယားပင်၊သိမြင်ကင်းကွာ၊ မလိမ္မာလည်း၊ စာပေစကား၊ နေ့တိုင်းကြားက၊ ထူးခြားလိမ္မာ၊ ရှိသည်သာတည်း"** ဆိုသကဲ့သို့ အိမ်သူအိမ်သား မိသားစုများ အသိအမြင် ကျယ်ရုံသာမက အသိုင်းအဝိုင်းကြားတွင်ပါ အသိအမြင်တိုးလာခြင်း၊ အကျင့်စာရိတ္တကောင်းမွန်လာခြင်း အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။

စာပေဗဟုသုတနှင့် သူတော်ကောင်းပညာရှိတို့၏ နည်းနာအဆုံးအမတို့ကိုလေ့လာ၍ ပညာဖြင့် လူသားတိုင်း၏ဘဝကို မြှင့်တင်ကြရပါမည်။

**"ပညာရွှေအိုး လူမခိုး"** ဆိုသကဲ့သို့ စာပေပညာရှင်များ၊ စာပေနှင့် စာနယ်ဇင်းသမားများကလည်း မိမိတတ်သော စာပေပညာကို မိမိတို့ ကိုယ်နှုတ်နှလုံးတွင်သာ မဆုံးစေဘဲ ဖြန့်ဖြူးခြင်း၊ ဝေငှခြင်း၊ အလင်းပေးခြင်းတို့ဖြင့် ဒါနပြုလျက် ရှိကြပါသည်။

စာကောင်းပေမွန်များ ရေးသားထုတ်ဝေခြင်းဖြင့် အစဉ်သင်ယူနေသော မြန်မာ့လူ့ဘောင် ဖြစ်ထွန်းအောင် ဝိုင်းဝန်းဆောင်ရွက်ကြရပါမည်။ တွေးခေါ် မြော်မြင်မှုနှင့် ဉာဏ်ရည်ဉာဏ်သွေးတိုးပွားမြင့်မားစေနိုင်သည့် စာအုပ်စာစောင်များ ပိုမိုပြန့်ပွားအောင် ဆောင်ရွက်ကြရပါမည်။

စာဖတ်ခြင်းသည် တတိယမျက်လုံးကို ရရှိစေသကဲ့သို့ ဆဋ္ဌမအာရုံကို အကျိုးရှိစေပါသည်။

**"ပညာကိုလိုသော် – ပညာရှိကိုယှဉ်**
**မေးစဉ်နေ့ညမပြတ် အဖတ်အအံ အကြံအရေး**
**ရေးရေးထုံးကိုဆောင်၊ ရူးကျွန်မူ၍ကပ်**
**သူ့ကျွန်မူ၍ချောင်း"**

ဟူ၍ ကန်တော်မင်းကျောင်း ဆရာက လောက၌ နေတတ်၊ ထိုင်တတ်၊ ပြောတတ်စေရန် စာပေဖြင့် အသိအလိမ္မာများကို သင်ကြားလမ်းညွှန်ခဲ့ပါသည်။

စာဖတ်ပရိသတ်များ စာဖတ်ကျင့်ရရေး၊ ဖတ်စရာစာအုပ်စာစောင်များနှင့် လက်လှမ်းမီစေရေးတို့အပြင် စာပေမှတစ်ဆင့် မှန်ကန်သော အသိပညာများရရှိရေးအတွက် တိုင်းနှင့်ပြည်နယ်အလိုက် ကျေးရွာအဆင့်အထိ စာကြည့်တိုက်များ ဖွင့်လှစ်မှုအရှိန်ရလျက် ရှိနေပါသည်။

ယခုအခါ မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ရာခိုင်နှုန်းကျော် နေထိုင်သော ကျေးလက်ဒေသများတွင် ကျေးရွာအနှံ့ စာကြည့်တိုက်များ ထူထောင်၍ မြန်မာနိုင်ငံကို စာကြည့်တိုက်နိုင်ငံအဖြစ် ထူထောင်ပေးနေပါသည်။

နိုင်ငံတော်က မ,တည်ချီးမြှောက်လိုက်သောအခါ ပြည်သူများကလည်း ဟန်ချက်ညီစွာ လိုက်ပါလာကြ၍ ယနေ့အခြေအနေအရ တစ်နိုင်ငံလုံး စာကြည့်တိုက်ပန်းများ ဖြန့်ကြဲလိုက်သကဲ့သို့ အလှပန်းများ ဝေဆာနေသည်ကို ထင်ရှားစွာ မြင်တွေ့ရမည်ဖြစ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာနက တစ်ပြည်လုံးအတွက် ကူညီထူထောင်ပေးနေသော ကျေးလက်စာကြည့်တိုက်ပေါင်း ယခုအခါ ၅၄၇၀၇ ရှိနေပြီ ဖြစ်ပါသည်။ စာကြည့်တိုက်များမှတစ်ဆင့် အရွယ်မရွေး လူသားအရင်းအမြစ်ဖွံ့ဖြိုးအောင် ပြုလုပ်နိုင်ရေးကိစ္စမှာ စာရေးသူများ၏ စေတနာနှင့် ကြိုးစားအားထုတ်မှုအပေါ် မူတည်နေပါသည်။

ဤလုပ်ငန်းသည် **"လူတိုင်းအတွက် ပညာရေး"** (Education ˚for ˚all) ဆိုသည့် ပညာခေတ်ထူထောင်မှုလုပ်ငန်းကြီးနှင့် တစ်သားတည်း ဆက်စပ်နေပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## မိုးထက်မြင့် (မြစ်ဝကျွန်းပေါ်)

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် ညီလာခံကို ၁–၇–၂၀၀၆ရက်နေ့တွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက **"မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့အနေဖြင့် အမျိုးသားရေးနှင့် အမျိုးသားအကျိုးစီးပွားကို မိမိတို့ကိုယ်တိုင် အသိအမြင်ခံယူချက် ခိုင်ခိုင်မာမာ မှန်မှန်ကန်ကန်ဖြင့် ကာကွယ်စောင့်ရှောက်ရေး၊ စာပေလောကသားများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး စသည့် လုပ်ငန်းကြီးသုံးရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။**

**ပထမလုပ်ငန်းဖြစ်သည့် အမျိုးသားရေးနှင့် အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရာတွင် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ကို အခြေခံ၍ ဒို့တာဝန်အရေးသုံးပါးကို ပြည်သူအတွင်း စွဲမြဲစွာခံယူထိန်းသိမ်းနိုင်ရေးနှင့် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေးကိစ္စများတွင်လည်း အမျိုးသားရေးအမြင်ဖြင့် ချိန်ထိုးညှိနှိုင်း ဆောင်ရွက်သွားနိုင်ရေး ပညာပေးလှုံ့ဆော်စည်းရုံးကြရမည် ဖြစ်ကြောင်း။**

**ဒုတိယလုပ်ငန်းဖြစ်သည့် စာပေလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာစာပေ၏ ကောင်းမွန်မြတ်နိုးအပ်သည့် အချက်များကို ထိန်းသိမ်းပြီး ခေတ်နှင့် အညီ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထုတ်ဝေသူများ၊ ပုံနှိပ်သူများအနေဖြင့်လည်း စာအုပ်စာစောင်များကို အသွင်သဏ္ဌာန် လှပခံ့ညား တင့်တယ်သပ်ရပ်အောင်၊ စာဖတ်သူကို ဆွဲဆောင်မှုရှိအောင်၊ ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ မြန်မာစာပေ ကမ္ဘာသို့ ထိုးဖောက်နိုင်စေရန် မြန်မာစာပေများကို မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ အဆင့်မီမီ ဘာသာပြန်ဆိုနိုင်ရေး၊ နိုင်ငံခြားမှ စာကောင်းပေမွန်များကိုလည်း မြန်မာဘာသာသို့ ပြေပြေပြစ်ပြစ် အဆင့်မီမြန်မာဘာသာပြန်ဆိုနိုင်ရေး အတွက် ပညာရှင်များ ပေါ်ထွန်းလာစေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ် ပါကြောင်း၊ သို့မှသာ မြန်မာစာပေလောက ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း။**

**တတိယလုပ်ငန်းဖြစ်သည့် စာပေလောကသားများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးတွင် အထက်ပါလုပ်ငန်းများ အောင်မြင်စေရန် ဆောင်ရွက်နိုင်ပြီး စာပေလောက ဖွံ့ဖြိုးလာပါက စာပေလောကသားများ၏ ဘဝမှာလည်း လိုက်ပါတိုးတက်လာမည်သာဖြစ်ကြောင်း"** အမှာစကား ပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံက မျှော်မှန်းဆောင်ရွက်နေသော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရေးတွင် စာပေနယ်သားများအားလုံးက နိုးကြားတက်ကြွစွာ ပါဝင်ပူးပေါင်း ဆောင်ရွက်ရန် တာဝန်ရှိနေပါသည်။



ရန်ကုန်မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော ခရိုင်အတွင်းရှိ စီမံ(၁)နှင့် ဌာနခွဲစာရေးကြီးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး မွမ်းမံသင်တန်းကို ဩဂုတ် ၁၀ရက်က အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းနိုင်က အမှာစကား ပြောကြားစဉ်။ (ဝ၄၆)



ဒဂုံမြို့သစ် (မြောက် ပိုင်း) မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန နယ်လှည့် စာကြည့်တိုက် နံ့ရုံကပ် စာစောင်၊ ဓာတ်ပုံ ပြပွဲ၊ ဟောပြော ပွဲ နှင့် ဖွင့် ပွဲ အ ခမ်း အ နား ကို ဩဂုတ် ၁၁ရက်က အမှတ်(၂၈)ရပ်ကွက် ဘဝမြင့် စာကြည့်တိုက်ရှေ့တွင် ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှလှဌေးနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဦးချစ်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)





# သဃ်န်းကျွန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးမှူး အမှိုက်၊ ခြင်၊ ဆေးလိပ်ကင်းစင်ကျောင်း သတ်မှတ်ခြင်း အခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၁၂

**ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ ကလေးများအတွက် ကျန်းမာသောပတ်ဝန်းကျင်နှင့် အမှိုက်၊ ခြင်၊ ဆေးလိပ်ကင်းစင်သော ကျောင်းသတ်မှတ်ခြင်း၊ သက်ကြီး ဘိုးဘွားများအား ထောက်ပံ့ခြင်းနှင့် ကလေးများအား အာဟာရကျွေးမွေးခြင်းအခမ်းအနားကို ယမန်နေ့ နံနက် ၇နာရီက သဃ်န်းကျွန်းမြို့နယ် အမှတ်(၅)အခြေခံပညာမူလတန်းကျောင်း၌ကျင်းပရာ ရှေးဦးစွာ သဃ်န်းကျွန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်ချိုမာသိန်းက အမှိုက်၊ ခြင်၊ ဆေးလိပ်ကင်းစင်ကျောင်းအဖြစ် သတ်မှတ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။**

## ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ရန်ကုန်တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးအေးကြူနှင့် ရန်ကုန် အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့် ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

## စက်ခလုတ်နှိပ်ဖွင့်လှစ်

ယင်းနောက် ရန်ကုန်တိုင်းအေး ချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက အမှိုက်ကင်းစင်၊ ခြင်ကင်းစင်နှင့် ဆေးလိပ်ကင်းစင် ကျောင်းဆိုင်းဘုတ် များကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေး သည်။**(အပေါ်ပုံ)**

ထို့နောက်အခမ်းအနားကိုကျောင်း ခန်းမ၌ ဆက်လက်ကျင်းပရာ ရှေးဦး စွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့် ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက ကလေးများအတွက်ကျန်းမာသောပတ် ဝန်းကျင် ဖြစ်စေရေးအတွက် ဆောင် ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

## ပေးအပ်လှူဒါန်း

ဆက်လက်၍ ကျောင်းကျန်းမာ ရေးလုပ်ငန်းများအတွက် သဃ်န်းကျွန်း မြို့နယ်အတွင်းရှိ စက်မှုလက်မှု လုပ်ငန်းရှင်များက ငွေကျပ် ၅၁၅၀၀၀၊ ဦးတင်မောင်ဝင်း (ILBC)နှင့် ဦးဖိုး ကြည်(လှပယိုစုံလုပ်ငန်း)တို့ကငွေကျပ် ၃၀၀၀၀၀စီ၊ မြို့နယ်ဆီလုပ်ငန်းရှင် များအသင်းက ငွေကျပ် ၁၅၀၀၀၀၊ ဦးချစ်မွှေး(သပြေညိုအိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေး)က ငွေကျပ်တစ်သိန်း၊ ဦးစိုးမြင့် (ပေါ်ပြူလာ ပလတ်စတစ် လုပ်ငန်း)၊ Orange Super Market ၊ YPI အထည်ချုပ်စက်ရုံနှင့် ဦးစံလုံးမိသားစုတို့က ငွေကျပ် ၅၀၀၀၀ စီတို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး က လက်ခံသည်။

ထို့နောက် တိုင်းမှူးနှင့် တိုင်းမိခင် နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ် ရေးအဖွဲ့ဥက္ကဋ္ဌတို့က မြို့နယ်အတွင်းရှိ ရပ်ကွက်မိခင်နှင့်ကလေးစောင့်ရှောက် ရေးအသင်းခွဲများသို့ သန့်ရှင်းရေး လုပ်ငန်းသုံး ပစ္စည်းများကို အသင်းခွဲ ဥက္ကဋ္ဌများထံ ပေးအပ်ကြသည်။

## အသင်းဝင်အဆိုပြုလွှာ

ဆက်လက်၍ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ချိုမာသိန်းက ရာသက်ပန် အသင်း ဝင် အဆိုပြုလွှာများကို ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌထံ ပေးအပ် သည်။

ထို့နောက် တိုင်းကျန်းမာရေးဦးစီး ဌာနမှူး ဒေါက်တာလှမြင့်နှင့် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ချိုမာသိန်းတို့က ရပ်ကွက် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းခွဲများနှင့် မြို့နယ်အတွင်းရှိ မူလတန်းကြိုကျောင်း တစ်ကျောင်း အပါအဝင် အခြေခံပညာကျောင်းများ အတွက် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး ပညာပေးပိုစတာ များကို တာဝန်ရှိသူများထံ ပေးအပ် ကြသည်။

## ရှင်းလင်းတင်ပြ

ယင်းနောက် မြို့နယ်ကျောင်း ကျန်းမာရေး ဆရာဝန် ဒေါက်တာ ဒေါ်ကျော့ကျော့က ကျောင်းကျန်း မာရေး လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အခမ်း အနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် တိုင်းမှူး၊ တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ် ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ဧည့်သည်များသည် ကျောင်းရှိ စာသင်ခန်းများကို လိုက်လံ ကြည့်ရှု၍ ကျောင်းသား ကျောင်းသူ များ၏ ကျောင်းကျန်းမာရေး အသိ ပညာ နားလည်မှု စွမ်းရည်ပြသမှုကို ကြည့်ရှုအားပေးကြသည်။

## ကြည့်ရှုအားပေး

ယင်းနောက် တိုင်းမှူးနှင့် တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့သည် ကျောင်းခန်းမ၌ သက်ကြီးဘိုးဘွားများ အား ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ပေးအပ်ကြပြီး အဘိုးအဘွားများအား ကျန်းမာရေးစောင့်ရှောက်မှု ပေးနေမှု ကိုလည်းကောင်း၊ အသက်ခြောက်လမှ သုံးနှစ်အထိ အာဟာရလိုအပ်သော ကလေးများအား ဂျုံဖြင့်ပြုလုပ်သော အာဟာရမုန့်များ ကျွေးမွေးနေမှုကို လည်းကောင်း၊ သဃ်န်းကျွန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ၏ လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို လည်းကောင်း၊ ကျောင်းသားများ၏ ယင်လုံအိမ်သာ စနစ်တကျအသုံးပြု နည်း သရုပ်ပြသမှုကို လည်းကောင်း ကြည့်ရှုအားပေးကြကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

# ကြွခိုင်ဖွံ့ဖြိုးရေးအသင်းနှင့် လူမှုရေးအသင်းအဖွဲ့များပူးပေါင်း အခြေခံပညာမူလတန်းကျောင်းများသို့ စာသင်ခုံများလှူဒါန်း

နေပြည်တော် ဩဂုတ် ၁၂

**အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ယမန်နေ့ နံနက် ၇ နာရီက မန္တလေးတိုင်း ကျောက်ဆည်စက်မှုဒေသရှိ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၏ အဆင့်မြင့် မီးခံအုတ်စက်ရုံ(ကျောက်ဆည်)သို့ရောက်ရှိ၍ ထုံးကျောက်သိုက်တောင်များနှင့် စပ်လျဉ်း၍ တည်နေရာပြမြေပုံများကို ကြည့်ရှုစစ်ဆေးသည်။**

## ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် အုတ် ရိုက်စက်ဌာနသို့ ရောက်ရှိ၍ တန် ၁၂၀၀ ဖိအားရှိ ဖိသိပ်စက်များဖြင့် အဆင့်မြင့် မီးခံအုတ်ပုံစံရိုက်ခြင်း လုပ် ငန်းများကို လည်းကောင်း၊ ရိုက်ပြီးမီးခံ အုတ်များကို လည်းကောင်း ကြည့်ရှု စစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည်မြန်မာ့ အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း၏ အပ်ချုပ်စက်ရုံ (ကျောက်ဆည်)သို့ရောက်ရှိ၍ အပ်ချုပ် စက်ရုံ(တိုးချဲ့)စက်ရုံဖွင့်ပွဲအတွက် ပြင် ဆင်ထားမှုအခြေအနေများကို လည်း ကောင်း၊ အပ်ချုပ်စက်အပိုပစ္စည်းများ ထုတ်လုပ်မှုအခြေအနေများကို လည်း ကောင်း၊ သွပ်ပုံသွင်းပုံဖိဌာနရှိ သွပ်ပုံ သွင်းခြင်းလုပ်ငန်းများကိုလည်းကောင်း စက်ပြင်အလုပ်ရုံ၌ တွင်ခုံလုပ်ငန်းများ ကိုလည်းကောင်း၊ စက်ရုံပင်မ အလုပ် ရုံ၌ စက်ရုံထုတ်စက်အပိုပစ္စည်းများ ကို လည်းကောင်း၊ သဲပုံလောင်းခြင်း လုပ်ငန်းများကို လည်းကောင်း၊ သံရည် လောင်းခြင်း လုပ်ငန်းများကို လည်း ကောင်း ကြည့်ရှုစစ်ဆေးသည်။

## တက်ရောက်ချီးမြှင့်

မန္တလေးတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်း တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ခင်ဇော်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး အမှတ် (၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင် သောင်းတို့သည် ကျောက်ဆည်မြို့ မြို့တော်ခန်းမ၌ ကျင်းပသော ပြည် ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း ၍ အခြေခံပညာ မူလတန်းကျောင်း များသို့ စာသင်ခုံများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့် ကြသည်။

## ပေးအပ်လှူဒါန်း

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်ခင်ဇော် က ကျောက်ဆည်မြို့နယ် အခြေခံပညာ မူလတန်းကျောင်း ၃၅ ကျောင်းနှင့် အခြေခံပညာအလယ်တန်းကျောင်း တစ်ကျောင်းတို့အတွက် စာသင်ခုံ ၂၅၂ လုံးကို လည်းကောင်း၊ မြစ်သားမြို့နယ် အခြေခံပညာမူလတန်းကျောင်း ၃၅ ကျောင်းနှင့်အခြေခံပညာအလယ်တန်း ကျောင်း တစ်ကျောင်းတို့အတွက် စာသင်ခုံ ၂၅၂ လုံးကိုလည်းကောင်း ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍အတွင်းရေးမှူးဝန်ကြီး ဦးအောင်သောင်းက စဉ့်ကိုင်မြို့နယ်



အခြေခံပညာ မူလတန်းကျောင်း ၄၅ ကျောင်းတို့အတွက် စာသင်ခုံ၄၆၄ လုံး ကို ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

ထို့နောက် မန္တလေးတိုင်း အမျိုး သမီးရေးရာအဖွဲ့ နာယက မန္တလေး တိုင်း မိခင်နှင့်ကလေး စောင့်ရှောက် ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဒေါ်ခင်ပြုံး ဝင်းက တံတားဦးမြို့နယ်အခြေခံပညာ မူလတန်းကျောင်း ပေါင်း ၅၀ နှင့် အခြေခံပညာ အလယ်တန်းကျောင်း တစ်ကျောင်းတို့အတွက် စာသင်ခုံ ၂၅၂ လုံးကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ အလှူရှင်များ၏ ကိုယ်စားလှယ်များက အလှူငွေကျပ် သိန်း၂၀ကိုမန္တလေးတိုင်းပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်း ရေးမှူး ဦးတင်မောင်ဦးထံ ပေးအပ် လှူဒါန်းကြသည်။

## စက်ဘီးစက်ရုံ(ကျောက်ဆည်)

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်ဝန်ကြီး တို့သည် ကျောက်ဆည်စက်မှုဒေသရှိ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်း ရေးစက်မှုလုပ်ငန်းများ၏ စက်ဘီး စက်ရုံ (ကျောက်ဆည်)သို့ရောက်ရှိ ကြ၍ ထုတ်လုပ်ပြီး စက်အပိုပစ္စည်း များကိုလည်းကောင်း၊ လျှပ်စစ်စက်ဘီး အပိုပစ္စည်းများကိုလည်းကောင်း၊ ထုတ် လုပ်ပြီး စက်ဘီးများနှင့် လျှပ်စစ် စက်ဘီးများကိုလည်းကောင်း၊ ချိန်းဖုန်း ဌာနနှင့် ရွှံ့ကာဌာနတို့၌ ချိန်းဖုန်းနှင့် ရွှံ့ကာထုတ်လုပ်မှု လုပ်ငန်းများကို လည်းကောင်း ကြည့်ရှုစစ်ဆေးကြ သည်။

## စွပ်ကျယ်စက်ရုံ(ကျောက်ဆည်)

ဆက်လက်၍ တိုင်းမှူးနှင့်ဝန်ကြီး တို့သည် မြန်မာ့ အထည်အလိပ် လုပ်ငန်း၏ စွပ်ကျယ်စက်ရုံ (ကျောက် ဆည်)သို့ ရောက်ရှိပြီး စက်ရုံထုတ် တီရှပ်များ၊ စွပ်ကျယ်များနှင့် စပို့ရှပ် များကို လည်းကောင်း ကြည့်ရှုစစ်ဆေး ကြကြောင်းသတင်းရရှိသည်။

**(သတင်းစဉ်)**

# ရှမ်းပြည်နယ်(မြောက်ပိုင်း)အမျိုးသမီးရေးရာအဖွဲ့ကြီးမှူး ပန်းအလှ၊ သစ်သီးအလှပြင်သင်တန်းနှင့် ပညာသင်ဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၁၂

**ရှမ်းပြည်နယ်(မြောက်ပိုင်း)အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ ပန်း အလှ၊ သစ်သီးအလှပြင်သင်တန်းနှင့် ပညာသင်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၁ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ရုံး၌ ကျင်းပသည်။**

အခမ်းအနားသို့ ရှမ်းပြည်နယ်(မြောက်ပိုင်း)အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ချယ်ရီ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ သင်တန်းသူများ စုစုပေါင်းအင်အား ၂၅၀ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)အမျိုးသမီးရေးရာအဖွဲ့ နာယကက အမှာစကားပြောကြားပြီး ဆေးတက္ကသိုလ်ကျောင်းသူကျောင်းသား လေးဦးအား ပညာသင်ဆုများချီးမြှင့်ပေးကြပြီး သင်တန်းပို့ချပေးသော ဆရာ ဆရာမများအား ဂုဏ်ပြုလက်ဆောင် ချီးမြှင့်ကြသည်။

သစ်သီးအလှ၊ ပန်းအလှပြင်သင်တန်းသို့ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ စုစုပေါင်း ၄၁ ဦး တက်ရောက် ကြသည်။

**(က–ပ)**

**ဒေါ်ခင်စန္ဒာ(ခ) ဝါဝါအား ရည်စူး၍ သူငယ်ချင်းများက လှူဒါန်းသော အောက်စီဂျင် အသက်ရှူစက်နှင့် ခွဲစိပ်စက်တို့ကိုကွယ်လွန်သူ၏ မိသားစုက ရန်ကုန်ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီးဒေါ်နုနုသာမှတစ်ဆင့် ဦးနှောက်နှင့် အာရုံကြော အထူးကု ဆေးရုံကြီးသို့ ပေးအပ် လှူဒါန်းစဉ်။** (က–ပ)



# ချမ်းအေးသာစံမြို့နယ် အနောက်ထီးလင်းတိုက် မြတ်လေးကျောင်း နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ဘဒ္ဒန္တသြဘာသ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၏

## ထေရုပ္ပတ္တိအကျဉ်း

### ဖွားမြင်တော်မူခြင်း



ဆရာတော်လောင်းလျာသည် မန္တလေးတိုင်း မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် ဒါန့်ကျင်းရွာ ခမည်းတော် ဦးကျော်လှိုင်– မယ်တော် ဒေါ်မယ်စိန်တို့မှ ၁၂၈၀ပြည့်နှစ် တန်ဆောင်မုန်းလဆန်း ၁၅ ရက် (တနင်္ဂနွေနေ့)တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၂၈၉ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့တွင် ကျောက်ပန်းတောင်းမြို့နယ် ဒါန့်ကျင်းကျေးရွာ ဒါန့်ကျင်းကျောင်း ဆရာတော်ဦးကေသရကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ ၁၃၀၀ပြည့်နှစ် တန်ဆောင်မုန်းလဆန်း ၁၅ ရက် နံနက် ၉ နာရီတွင် မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် သီရိဟေမာ အနောက်ရပ်ကွက် အနောက်ထီးလင်းတိုက် ခဏ္ဍာသိမ် မစိုးရိမ်တိုက် အဘိဓမ္မနယပဒေသကျောင်း ဆရာတော် ဦးပညာဝံသာဘိ ကဝိဓဇကို ဥပဇ္ဈာယ်ပြု၍ မန္တလေးတိုင်း မန္တလေးမြို့ တရုတ်တန်းရပ် အေးဗိမာန်ပုံနှိပ်တိုက်ပိုင်ရှင် ဦးအေးမောင်–ဒေါ်ကြည်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာမြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

### ပရိယတ္တိစာပေ သင်ယူဆည်းပူးတော်မူခြင်း

ဆရာတော် လောင်းလျာသည် မန္တလေးမြို့ မစိုးရိမ်တိုက် ဆရာတော် ဘဒ္ဒန္တပညာဝံသာဘိကဝိဓဇ ဘဒ္ဒန္တပဏ္ဍိစ္စာဘိဝံသ၊ မိုးကောင်းတိုက် ဝါးတန်းစာချကျောင်းဆရာတော် ဘဒ္ဒန္တဉာဏာဘိဝံသ၊ ချမ်းသာကြီးမြောက်တိုက် ဆရာတော် ဘဒ္ဒန္တလက္ခဏ၊ မဟာဝေယံဘုံသာတိုက် ဆရာတော် ဘဒ္ဒန္တကလျာဏ၊ တောင်သမန်တိုက်ဆရာတော် ဘဒ္ဒန္တဝိမလ စသောဆရာတော်တို့ထံ၌ ပိဋကတ်ကျမ်းစာ၊ ပါဠိအဋ္ဌကထာများကို သင်ယူဆည်းပူးတော်မူခဲ့ပြီး သာသနဓဇ ဓမ္မာစရိယဘွဲ့ကို ရရှိအောင်မြင်တော်မူခဲ့ပါသည်။

### စာပေပို့ချခြင်းနှင့် သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ၁၃၄၂ ခုနှစ်မှ စ၍ မိမိသီတင်းသုံးရာ သီရိဟေမာရပ်ကွက်အတွင်းရှိ ကျောင်းသားကျောင်းသူ ၁၀၀ ကျော်တို့အား ယဉ်ကျေးမှုသင်တန်းများကို နှစ်စဉ်ပြသဆောင်ရွက်တော်မူခြင်း၊ မိမိ၏ မွေးရပ်ဇာတိဖြစ်သော ဒါန့်ကျင်းကျေးရွာ၌ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းကို ဆရာတော်ကိုယ်တိုင် ဦးဆောင်၍ ၁၀နှစ်တိုင်တိုင်ဖွင့်လှစ်သင်ကြားခဲ့ခြင်း စသည်ဖြင့် သာသနာရေးတာဝန်များကို ဆောင်ရွက်တော်မူ၍လည်းကောင်း၊ နိုင်ငံတော်သြဝါဒါစရိယအဖြစ်ဖြင့်လည်းကောင်း၊ သာသနာရေးတာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

### ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူပြီး လဇ္ဇီပေသလ၊ သိက္ခာကာမစသော ဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော်ကြီးအား နိုင်ငံတော်အစိုးရက ၁၃၆၁ ခုနှစ်(၂၀၀၀ ပြည့်နှစ်)တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ပါသည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုးထမ်းဆောင်တော်မူရင်းမှ သက်တော်(၈၈)နှစ်၊ သိက္ခာတော်(၆၈)ဝါအရ ၁၃၆၈ ခုနှစ် ဝါခေါင်လပြည့်ကျော် ၄ ရက် (၁၂–၈–၂၀၀၆ ရက်)စနေနေ့ နံနက် ၉ နာရီ အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူပြီး ၁၃၆၈ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၀ ရက် (၁၈–၈–၂၀၀၆ ရက်)သောကြာနေ့တွင် အန္တိမဈာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

# တပ်မတော်စိုက်ပျိုးရေးသင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် သြဂုတ် ၁၂**

တပ်မတော်စိုက်ပျိုးရေး သင်တန်းအမှတ်စဉ် (၅၇) သင်တန်းဆင်းပွဲကို သြဂုတ်၁၁ရက် နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့ မြန်မာ့ဆန်စပါး သုတေသနဌာန သင်တန်းခန်းမ ဆောင်၌ ကျင်းပရာ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအုန်းသန်း တက်ရောက်၍ သင်တန်းဆင်းအမှာ စကားပြောကြားသည်။

ဆက်လက်၍ ဦးဆောင်ညွှန်ကြားရေးမှူးက ထူးချွန်ဆုများနှင့် သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။ **(သတင်းစဉ်)**

# နိုင်ငံတော်သြဝါဒါစရိယဆရာတော်ဘဒ္ဒန္တသြဘာသပျံလွန်တော်မူ

**ရန်ကုန် သြဂုတ် ၁၂**

နိုင်ငံတော်သြဝါဒါစရိယ မန္တလေးတိုင်း မန္တလေးခရိုင် ချမ်းအေးသာစံမြို့နယ် အနောက်ထီးလင်းတိုက် မြလေးကျောင်းမှ ပဓာန နာယကဆရာတော် သက်တော်(၈၈)နှစ် သိက္ခာတော်(၆၈)ဝါရှိ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသြဘာသသည် ယနေ့နံနက် ၉ နာရီတွင် သီတင်းသုံးတော်မူရာ မြလေးကျောင်း၌ ဘဝနတ်ထံပျံလွန်တော်မူသွားပြီး သြဂုတ် ၁၈ ရက်တွင် အန္တိမဈာပန သဘင်ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**



# ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဆွမ်းဆက်ကပ်လှူဒါန်း

**ရန်ကုန် သြဂုတ် ၁၂**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် ဇနီး ဒေါ်ကျင်ခိုင်တို့အား အမှူးထား၍ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) မှ သင်ကြားစီမံဆရာ တော်အပါး၇၀ နှင့် စာသင်သားသံဃာတော်အပါး ၃၈၀ စုစုပေါင်း သံဃာတော် ၄၅၀ တို့အား ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ တစ်နေ့တာဆွမ်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့တွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)ရှိ မိုးကုတ်ဆွမ်းစားဆောင်၌ ကျင်းပရာ ဒုတိယနာယကချုပ် ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဥတ္တမထံမှ ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြပြီး စည်ပင်သာယာရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးဝင်း၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်ဝင်းနှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်း၍ တစ်နေ့တာ ဆွမ်းအလှူတော် ငွေကျပ် ၃၃၇၅၀၀ကို နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)သို့ ပေးအပ်လှူဒါန်းသည်။

### ဆက်ကပ်

ထို့နောက် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး ဆရာတော်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

**(သတင်းစဉ်)**

# ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ဝါဆိုသင်္ကန်းဆက်ကပ်

**ရန်ကုန် သြဂုတ် ၁၂**

ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ၏ (၁၅)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ယင်းတက္ကသိုလ်ရှိ အုန်းတောခန်းမဆောင်၌ ကျင်းပရာ စာဘူးတောင်းကျေးရွာ ကုသလာရာမ ချမ်းမြေ့ရိပ်သာကျောင်း ဆရာတော်ဦးကုသလထံမှ ပရိသတ်တို့က သီလခံယူ ဆောက်တည်ကြပြီး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသော ဦးလှမြင့်ဦးနှင့် ဦးဝင်းအောင်၊ ပါမောက္ခချုပ် ဦးဝင်းမောင်နှင့်ဇနီးနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းမိသားစုများနှင့် သင်တန်းသားသင်တန်းသူများက ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ဝန်းကျင်ရှိ ဘုန်းတော်ကြီးကျောင်း ၅၂ ကျောင်းတို့မှ ပင့်သံဃာတော် ၂၇၁ ပါးတို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၃–၈–၂၀၀၆ (တနင်္ဂနွေနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | ပြည်နယ်ဂုဏ်ဆောင် ငွေတောင်ဆည် |
| ၇း၁၅ | တေးဂီတအစီအစဉ် |
| ၇း၂၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၇း၃၀ | ရွှင်မြူးသံဖြာ ကလေးကဗျာ |
| ၇း၄၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၇း၅၀ | တေးဂီတအစီအစဉ် |
| ၇း၅၅ | ဆီးချို၊ သွေးချိုနှင့် အင်ဆူလင် အသုံးပြုပုံအကြောင်း(အပိုင်း–၄) (ဒေါက်တာသန်းသန်းအေး) |
| ၈း၁၅ | မိုးလေဝသခန့်မှန်းချက် |
| ၈း၂၀ | Sunday Talk [မျိုးမြတ်သူ၊ ကိုကို (စက်မှုတက္ကသိုလ်)] |
| ၉း၁၅ | တေးဂီတအစီအစဉ် |
| ၉း၂၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၃၀ | ဘေးမဲ့တောလေး တည်တံ့ဖို့ ဝိုင်းဝန်းထိန်းသိမ်းစို့ |
| ၉း၄၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၄၅ | နိုင်ငံတကာအနုပညာရေးရာ |
| ၁၀း၁၀ | တေးဂီတအစီအစဉ် |
| ၁၀း၁၅ | စာပေပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း (ဆရာချစ်စံဝင်း) |
| ၁၀း၃၅ | တေးဂီတအစီအစဉ် |
| ၁၀း၄၀ | Myanmar Video Rhythm |
| ၁၁း၃၅ | တေးဂီတအစီအစဉ် |
| ၁၁း၄၀ | စီးပွားဖြစ် သစ်ခွစိုက်ကြရအောင် |
| ၁၁း၅၅ | တေးဂီတအစီအစဉ် |
| ၁၂း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

### F.A Community Shield ဘောလုံးပွဲစဉ်

| ညပိုင်း | အစီအစဉ် | လိုင်း |
|---|---|---|
| ၇း၃၀ | ကွန်မြူနတီဒိုင်း ပွဲကြိုသုံးသပ်ချက် | 5-Sports |
| ၇း၅၀ | ပွဲကြိုသုံးသပ်ချက်(၁) | 5-Sports (Live) |
| ၈း၀၀ | ပွဲကြိုသုံးသပ်ချက်(၂) | 5-Sports (Live) |
| ၈း၂၀ | Chelsea-Liverpool | 5-Sports (Live) |

# ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းအား အိန္ဒိယနိုင်ငံသံအမတ်ကြီးတွေ့ဆုံ

**နေပြည်တော် သြဂုတ် ၁၂**

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းအား ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhaskar Kumar Mitra သည် သြဂုတ် ၁၀ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဝန်ကြီးနှင့်အတူ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့် ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဆရာများသင်ကြားမှုအရည်အသွေးတိုးတက်အောင် နွေရာသီသင်တန်းများဖွင့်လှစ်လေ့ကျင့်ပေးခဲ့ ကျောင်းသားများ၏ပညာရည်မြင့်မားရေးကြိုးပမ်း

ရန်ကုန် သြဂုတ် ၁၂

**ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းနှင့် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် အထက်တန်းပြ ဆရာဆရာမများ တွေ့ဆုံပွဲကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ရှိ အမှတ်(၃)အခြေခံပညာဦးစီးဌာန၌ကျင်းပရာ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် အထက်တန်းပြ ဆရာ ဆရာမများ တက်ရောက်ကြသည်။**

### ကြိုးပမ်းဆောင်ရွက်

တွေ့ဆုံပွဲတွင် ဒုတိယဝန်ကြီးက လာမည့်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက် တိုးတက်မြင့်မားရေးအတွက် သတ်မှတ်ထားသောစာသင်ချိန်အတိုင်း သင်ရိုးကုန်အောင် သင်ကြားပေးရမည်ဖြစ်ကြောင်း၊ ကျောင်းသားကျောင်းသူများ ကျောင်းခေါ်ကြိမ် ၇၅ရာခိုင်နှုန်း ပြည့်မီအောင် တက်ရောက်ကြရမည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများ သင်ကြားမှုအရည်အသွေး မြင့်မားရေးအတွက် နွေရာသီသင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ကျောင်းသားကျောင်းသူများ တတ်မြောက်အောင် သင်ကြားပေး ရမည်ဖြစ်ကြောင်း၊ ဆရာဆရာမများ သင်ကြားမှုများနှင့်စပ်လျဉ်း၍ မြို့နယ်ပညာရေးမှူးများနှင့် ကျောင်းအုပ်ကြီးများက ကြပ်မတ်စစ်ဆေးရမည် ဖြစ်ကြောင်း၊ မြို့နယ်ပညာရေးမှူးများနှင့် ကျောင်းအုပ်ကြီးများ အရည် အသွေး မြင့်မားရေးကို ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ဘာသာရပ်နှင့်ကိုက်ညီအောင် ခန့်ထားပေးသော ပညာရေး နည်းပညာအထူးသင်တန်းဆင်း ဆရာဆရာမများအား သင်ကြားမှုအရည်အသွေး မြင့်မားအောင် ဆက်လက်လေ့ကျင့်ပေးကြရမည်ဖြစ်ကြောင်းနှင့် လူသားအရင်းအမြစ်များဖြစ်သည့် ကျောင်းသားကျောင်းသူများ၏ ပညာရည်မြင့်မားရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် မှာကြားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

### ရွာရန်ရာနှုန်း ၈၀

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။**



**ဦးအေးချို (ဝင်းဆံသ)အား ရည်စူး၍ တိုက်(ဒီ/၃) အခန်း(၀၀၁) အောင်ချမ်းသာအိမ်ရာ ဗဟန်းမြို့နယ်နေ ဒေါ်သန်းကြည်နှင့် သားသမီးများက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် ကျပ်နှစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်က လက်ခံယူစဉ်။**

(က–ပ)

# ဆေးဗက်စတားနှင့် ပတ်ဂျီဆန်တို့ မန်ယူအသင်းနှင့် စာချုပ်ထပ်မံချုပ်ဆိုပြီ

**ရေးသားတင်ပြသူ**
**မြင့်မောင်ခိုး**

**လန်ဒန် ဩဂုတ် ၁၂**

မန်ချက်စတာယူနိုက်တက်အသင်းမှ မိုက်ကယ် ဆေးဗက်စတားနှင့်ပတ်ဂျီဆန်တို့သည် မန်ယူတွင် ဆက်လက်ကစားသွားနိုင်ရန်အတွက် စာချုပ်များအသီးသီး ထပ်မံချုပ်ဆိုလိုက်သည်။

**ချုပ်ဆို**

ဆေးဗက်စတားသည် ၂၀၀၉ခုနှစ်အထိ လည်းကောင်း၊ ပတ်ဂျီဆန်မှာ ၂၀၁၀အထိလည်းကောင်း မန်ယူ၌ ဆက်ကစားရန် ထပ်မံ၍ စာချုပ်များတိုး ချုပ်ဆိုခဲ့သည်။

ပြင်သစ်နာမည်ကြီး ဆေးဗက်စတားသည် မန်ယူသို့ ဗီဒစ်နှင့် အီဗရာတို့ ရောက်လာသော်လည်း ၎င်း၏ နေရာအတွက် အခိုင်အမာနေရာယူ ကစားသွားဖွယ်ရှိသည်။



**မန်ယူနှင့် ထပ်မံစာချုပ်လိုက်သော ပြင်သစ်မှဆေးဗက်စတား။**

**ပြောင်းရွှေ့ခဲ့**

အသက် ၂၉နှစ်ရှိ ဆေးဗက်စတားသည် ၁၉၉၉ ခုနှစ်က အင်တာမီလန်မှ မန်ယူသို့ ပေါင်လေးသန်းဖြင့် ပြောင်းရွှေ့လာခဲ့သည်။

ဆေးဗက်စတားဟာ မန်ယူအသင်း၏ အဓိကအရေးကြီးသည့် အဖွဲ့ဝင်ကစားသမားအဖြစ် ကစားနေတာ ယခုအထိ ခုနစ်နှစ်ရှိနေပါပြီဟု မန်ချက်စတာယူနိုက်တက် မန်နေဂျာ ဆာအလက်ဇ်ဖာဂူဆန်က ပြောကြားသည်။

၎င်းကစားသမားသည် အတွေ့အကြုံရင့်ကျက်ပြီး လူငယ်ကစားသမားတွေကို တွဲခေါ်သွားမည့်သူဖြစ်ကြောင်း ဖာဂူဆန်က ဆက်လက်ပြောကြားသည်။

**ပတ်ဂျီဆန်**

အသက် ၂၅နှစ်အရွယ်ရှိ တောင်ကိုရီးယားတိုက်စစ်မှူး ပတ်ဂျီဆန်သည် အိုင်ဟိုဗင်အသင်းမှ ပေါင်လေးသန်းဖြင့် ခေါ်ယူခဲ့ပြီးနောက် ပထမဆုံးရာသီအဖြစ် ယမန်နှစ်က ခြေစွမ်းပြကစားနိုင်ခဲ့သူဖြစ်သည်။

ပတ်ဂျီဆန်အား မန်ယူတွင် ယခုဆယ်စုနှစ်ကုန်အထိ ဆက်ထားလိမ့်မည်ဖြစ်ကြောင်း ဖာဂူဆန်ကပြောကြားသည်။

အဆိုပါ ကစားသမားသည် ပရီမီယာလိဂ်တွင် အကောင်းဆုံးဘောလုံးသမားများတွင် ပါဝင်လာကြောင်းဖြင့်လည်း ဖာဂူဆန်က ပြောကြားသည်။ **(အင်တာနက်)**

## ဂရိနှင့်အင်္ဂလန်ကစားမည့်ချစ်ကြည်ရေးပွဲ အက်ရှ်တန်အားတိုက်စစ်မှူးအဖြစ်ရွေးချယ်

**လန်ဒန် ဩဂုတ် ၁၂**

ဝက်စ်ဟမ်းအသင်းမှ တိုက်စစ်မှူး ဒိန်းအက်ရှ်တန်သည် အင်္ဂလန်အသင်းနှင့် ဂရိအသင်းတို့ ဩဂုတ် ၁၆ ရက်၌ကစားမည့် ချစ်ကြည်ရေးပွဲတွင် အင်္ဂလန်အသင်း တိုက်စစ်မှူးအဖြစ် နည်းပြသစ် မက်ကလာရင်က သူ၏ ပထမဆုံးသောပွဲစဉ်၌ ရွေးချယ်ထားသည်။

ယင်းပွဲတွင် အင်္ဂလန်အသင်း၌ အသင်းခေါင်းဆောင်ဟောင်း ဘက်ခမ်းနှင့် ရွှန်နေတို့ ပါဝင်ကစားရန် နည်းပြသစ်က မရွေးခဲ့ပေ။

**ပါဝင်**

ထို့အပြင် ကင်းဘဲလ်နှင့် ဒေးဗစ်ဂျိမ်းစ်တို့လည်း ပါဝင်လိမ့်မည် မဟုတ်ပေ။ သို့ရာတွင် ဂျာမိန်းဒီဖိုး၊ နဗီးလ်၊ ဘရောင်းနှင့် ခရစ်ကာလင်းတို့ အသင်းတွင် ပြန်လည်ပါဝင်လာသည်။ လုခ်ယန်း၊ ရစ်ချတ်ဆင်၊ ဒါရင်းဘန့်နှင့် ရိုက်ဖီးလစ်တို့လည်း ပါဝင်ကြောင်း သိရသည်။

ဂိုးသမားအဖြစ် ကမ္ဘာ့ဖလားတွင် အရန်ထိုင်ခုံ၌သာ ရှိခဲ့သော တော့တင်ဟမ်မှ မိုက်ကယ်ဒေါ်ဆင်နှင့် မန်ယူမှ ဘင့်ဖော်စတာတို့အား ရွေးထားသည်။

**အဓိက**

မက်ကလာရင်က အင်္ဂလန်အသင်းခေါင်းဆောင်အဖြစ် ချယ်လ်ဆီးမှ ဂျွန်တယ်ရီကိုတင်ထားပြီး ဒီဖိုးနှင့် အက်ရှ်တန်တို့ကို အဓိကအားထားကစားမည့် အနေအထားရှိသည်။ **(အင်တာနက်)**



**နည်းပြသစ်မက်ကလာရင် ရွေးလိုက်သော အင်္ဂလန်တိုက်စစ်မှူးသစ် အက်ရှ်တန်။**



**မန်စီးတီးကို စွန့်ခွာ၍ ပို့စ်မောက်ဂိုးပေါက်သို့ လာစောင့်သော ဂိုးသမားဒေးဗစ်ဂျိမ်းစ်။**

## မန်စီးတီးဂိုးသမားဂျိမ်းစ် ပို့စ်မောက်အသင်းသို့ရောက်

**လန်ဒန် ဩဂုတ် ၁၂**

မန်စီးတီးဂိုးသမား ဒေးဗစ်ဂျိမ်းစ်သည် ပို့စ်မောက် အသင်းနှင့်သဘောတူ ဆေးစစ်ပြီးနောက် စာချုပ်လိုက်ပြီဖြစ်သည်။

**စာချုပ်**

အဆိုပါ ဂိုးသမားအား ပို့စ်မောက်အသင်းက ပြောင်းရွှေ့ကြေး ပေါင် ၁ဒသမ၂သန်းဖြင့် နှစ်နှစ်စာချုပ်လိုက်ခြင်းဖြစ်သည်။ ၎င်းသည် ၂၀၀၄ခုနှစ် ဇန်နဝါရီက ပေါင်နှစ်သန်းဖြင့် မန်စီးတီးအသင်းသို့ ရောက်ရှိလာခြင်းဖြစ်သည်။

ယင်းဂိုးသမားသည် ပို့စ်မောက်အသင်း၏နံပါတ်တစ် ဂိုးသမားနေရာကို လွှဲပြောင်းယူဖွယ်ရှိသည်။

ဂျိမ်းစ်သည် အင်္ဂလန်တောင်ပိုင်း၌ နေထိုင်ပြီး အင်္ဂလန်အသင်းပွဲပေါင်း ၃၄ပွဲပါဝင်ကစားခဲ့သူဖြစ်သည်။

ထို့အပြင် ယခင်က ဝက်ဖို့ဒ်၊ လီဗာပူး၊ အက်စ်တွန်ဗီလာနှင့် ဝက်စ်ဟမ်းအသင်းများတွင်လည်း ကစားခဲ့သူဖြစ်သည်။

ဂျိမ်းစ်သည် ပို့စ်မောက်အသင်းမန်နေဂျာ ဟာရီရက်နက်ပ်လက်ထက်တွင် ဂလင်းဂျွန်ဆင်၊ ဒေးဗစ်သော်မဆင်နှင့် ဆိုးလ်ကင်းဘဲလ်တို့ကို စာချုပ်ခေါ်ယူပြီးနောက် စတုတ္ထမြောက် စာချုပ်ခဲ့သော ကစားသမားဖြစ်သည်။ **(အင်တာနက်)**

# ကမ္ဘာတစ်လွှား အားကစား

## တစ်ဟုန်ထိုးအဟုန်ဖြင့်ကစားမည့် ချယ်လ်ဆီးနှင့် တိုက်စစ် ခံစစ်များနှင့်ကစားမည့် လီဗာပူးတို့ ယနေ့ဆုံပြီ

**စုစည်းတင်ပြသူ**
**မောင်မောင်မြင့်ဆွေ**

ပရီမီယာလိဂ်ရာသီအဖွင့်ပွဲစဉ်ဖြစ်သည့် ကွန်မြူနီတီဒိုင်းပြိုင်ပွဲကို ဩဂုတ်၁၃ရက် **(ယနေ့)**တွင် ပရီမီယာလိဂ် နှစ်နှစ်ဆက်တိုက်သရဖူပိုင်ရှင် ချယ်လ်ဆီးနှင့် အက်ဖ်အေဖလားချန်ပီယံ လီဗာပူးတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

၁၉၀၈ခုနှစ်က စတင်ယှဉ်ပြိုင်ခဲ့သည့် ကွန်မြူနီတီဒိုင်းပြိုင်ပွဲသည် အမည် အမျိုးမျိုးနှင့် ပြောင်းလဲကျင်းပခဲ့ရာ ၁၉၀၈ခုနှစ်မှ ၂၀၀၂ခုနှစ်အထိ ချာရတီဒိုင်းအမည်ဖြင့် ကစားခဲ့ပြီး နောက်ပိုင်း ကွန်မြူနီတီဒိုင်းအမည်နှင့် ယခုတိုင် ကျင်းပခဲ့ခြင်းဖြစ်သည်။

ယခင်က ပရီမီယာလိဂ်ရာသီ အကုန်တွင်ပိတ်ပွဲအဖြစ်လည်းကောင်း၊ ရန်ပုံငွေပွဲအဖြစ်လည်းကောင်း ကျင်းပခဲ့ခြင်းဖြစ်သော်လည်း ၁၉၇၄ ခုနှစ်မှ စတင်ကာ ပရီမီယာလိဂ်ချန်ပီယံနှင့် အက်ဖ်အေဖလားချန်ပီယံတို့ ယှဉ်ပြိုင်ကစားရသည့်ပွဲအဖြစ် ပြောင်းလဲသတ်မှတ်ခဲ့ခြင်းဖြစ်သည်။

**ပွဲကြီးပွဲကောင်း**

ယနေ့ယှဉ်ပြိုင်ကစားမည့် ကွန်မြူနီတီဒိုင်းပြိုင်ပွဲတွင် ချယ်လ်ဆီးနှင့် လီဗာပူးတို့မှာ အစဉ်အလာအရ ပြိုင်ဘက်များဖြစ်သဖြင့် ပွဲကြီးပွဲကောင်း ဖြစ်မည်မှာသေချာသည်။ သမိုင်းကြောင်းအရဥရောပချန်ပီယံဖြစ်ခဲ့သည့် လီဗာပူးတို့ ၂၀၀၅ခုနှစ် ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ၌ ချယ်လ်ဆီးကိုဖြုတ်ချထားခဲ့သည့် မှတ်တမ်းရှိနေသည်။

**ခြေစမ်းပွဲရလဒ်**

လီဗာပူးတို့ မမျှော်လင့်သော ခြေစွမ်းပြတတ်ပြီး ဘင်နီတက်ဇ် နည်းဗျူဟာများကလည်း တစ်ဖက်အသင်းကို အထင်အမြင်လွဲမှားအောင် ပြုလုပ်နိုင်စွမ်းရှိသည်။ လီဗာပူးတို့ အပြောင်းအရွှေ့ကာလအတွင်း လူအင်အား ဖြည့်ဆည်းထားသော်လည်း ခြေစမ်းပွဲရလဒ်မှာမူ အားရဖွယ်မရှိချေ။

ပရီမီယာလိဂ်ပွဲစဉ်များ၌မူ ချယ်လ်ဆီးတို့က လီဗာပူးတို့ကို နာလန်မထူနိုင်အောင်တွေ့တိုင်း အနိုင်ယူထားခဲ့သည်ချည်းဖြစ်ရာ လီဗာပူးတို့ ချယ်လ်ဆီးကိုကျော်လွှားရန် မလွယ်ပါချေ။ ချယ်လ်ဆီးတို့ ယခုနှစ်တွင် ထိပ်တန်း ကမ္ဘာ့ ဘောလုံးသမားများကို ရအောင်ခေါ်ယူနိုင်ခဲ့ရာ ရှက်ဗ်ချင်ကိုနှင့်ဘောလက်တို့ကလည်း သူတို့၏ခြေစွမ်းကို အစွမ်းကုန်ပြရန် ကြိုးစားကြမည်ဖြစ်သည်။

ကမ္ဘာ့ထိပ်တန်း ကစားသမားတွေစုပုံနေသော ချယ်လ်ဆီးတို့ရာသီအကြိုခြေစမ်းပွဲရလဒ်များ အကောင်းချည်းမဟုတ်ချေ။ အမေရိကန်ကလပ်မေဂျာလိဂ် အောစတားအသင်းနှင့် ကစားရာ၌ ချယ်လ်ဆီးတို့တစ်ဂိုး–ဂိုးမရှိနှင့် ရှုံးထားသလို လီဗာပူးတို့ကလည်း ဂျာမနီကလပ် ဘွန်အက်လီဂါအသင်းအက်ဖ်အက်စ်ဗွီမိန့်ဇ်ကို ငါးဂိုး ဂိုးမရှိနှင့် အရှုံးကြီးရှုံးထား၍ ဘင်နီတက်ဇ်မျက်နှာမပြနိုင်အောင် အရှက်ရခဲ့သည့်အဖြစ်က ရှိနေပြန်သည်။

**မခြိမ်းခြောက်နိုင်**

ချယ်လ်ဆီးအသင်းသည် နေရာစုံ၌အင်အားတောင့်တင်းခိုင်မာအောင် အားဖြည့်ထားသော်လည်း ပွဲရလဒ်မကောင်းဘဲရှိနေရာ ချယ်လ်ဆီးကလပ်ဘုတ်အဖွဲ့ ဘဝင်မကျဖြစ်နေသည်။ သို့သော်နည်းပြ မော်ရင်ဟိုက မန်ယူနှင့် အာဆင်နယ်တို့လောက် လီဗာပူးအသင်း မိမိတို့ကိုမခြိမ်းခြောက်နိုင်ကြောင်း၊ ထို့ကြောင့် ခေါင်းထဲထည့်သွင်းစရာမလိုဟုပြောကြားသည်။

ချယ်လ်ဆီးအသင်း တိုက်စစ်ကို ဖွင့်ကစားပြီး အမြန်နှုန်းဖြင့်ကစားသွားမည်ဟု မော်ရင်ဟိုက ပြောကြားသကဲ့သို့ ဘင်နီတက်ဇ်ကလည်း တိုက်စစ်နှင့် ခံစစ်ကို မျှတအောင်ကစားပြီး ဂိုးရအောင်သွင်းယူမည်ဟု ပြောကြားနေသည်။

လီဗာပူးတစ်သင်းလုံး အတက်အဆင်းကစားပြီး ချယ်လ်ဆီးတိုက်စစ်ကိုဟန့်တားကာ တန်ပြန်တိုက်စစ်နှင့် ကစားမည်ဟု ဘင်နီတက်ဇ်က ပြောကြားနေသော်လည်း ချယ်လ်ဆီးကို လီဗာပူးတို့အနိုင်ရရန် အခွင့်အရေး အနည်းငယ်သာရှိသည်။

ချယ်လ်ဆီးအသင်းသည် တစ်ဟုန်ထိုးအဟုန်ဖြင့် ကစားမည်ဟု မော်ရင်ဟိုက ကြွားလုံးထုတ်ထားရာ ယနေ့ပွဲ မည်သို့ အနေအထားရှိမည်ကို ပရီမီယာလိဂ် အကြိုပွဲစဉ်အဖြစ် ရင်ခုန်စွာ ရှုစားရတော့မည်ဖြစ်ပေသည်။ ။ **(အင်တာနက်)**




**ချယ်လ်ဆီးတိုက်စစ်မှူးဒရော့ဘာ၏ ကစားဟန်။**

## မြန်မာ့ရုပ်မြင်သံကြား

**၁၃–၈–၂၀၀၆ရက် (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်
၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၆။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈:၀၅ ၇။ အကပြိုင်ပွဲ
၈:၁၅ ၈။ ရေလှောင်တမံရဲ့နွယ်
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Say it in English

**နေ့လယ်ပိုင်း**

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၃၀ ၄။ မြန်မာရုပ်ရှင် **“တစ်ကျော့နှစ်ကျော့ တေးကိုသီ”** ဝင်းဦး၊ တင်တင်မြ၊ ချိုပြုံး (ဒါရိုက်တာ–ထွန်းညွန့်ဦး)
၁၄:၂၀ ၅။ အထွက်တိုးလို့နေပါမည် စပါးမှာ ဆင်းရွှေလီ
၁၄:၃၀ ၆။ **“အန္တရာယ်ကင်းစေ ဘေးရှင်းစေ”** လူမင်း၊ ဟန်နီထွန်း (ဒါရိုက်တာ–သက်တင်)
၁၄:၄၅ ၇။ International News

**ညပိုင်း**

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use(Volume 5,Lesson 12)
၁၆:၄၅ ၄။ သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(အင်္ဂလိပ်စာ အထူးပြု) [အင်္ဂလိပ်စာ]
၁၇:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၃၀ ၇။ ဆိုကြမယ် ပျော်ကြမယ်
၁၈:၀၀ ၈။ ညနေခင်းသတင်း
၁၈:၃၀ ၉။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၀။ သီရိဂေဟာ
၁၉:၀၀ ၁၁။ Discovery
၁၉:၁၀ ၁၂။ အတီးပြိုင်ပွဲ
၁၉:၂၅ ၁၃။ ၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (မဟာဂီတ) [အခြေခံပညာ ၁၅–၂၀နှစ်] (အမျိုးသား/အမျိုးသမီး)
၁၉:၄၀ ၁၄။ ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်း၊ မိုင်းရယ် ကြက်ဆူ
၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **“မေတ္တာပန်းတိုင်“** (အပိုင်း–၁၀)

# ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပွဲ ပေါက်ခေါင်း၌ကျင်းပ

ပေါက်ခေါင်း ဇူလိုင် ၂၉

**ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပွဲတော်ကို ဇူလိုင် ၂၉ရက် နံနက်ပိုင်းက ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ပြည်–တောင်ငူ ကားလမ်းတစ်လျှောက် မိုင်တိုင်၂၆/၂ မှ ၂၆/၅ အထိ လမ်းဘေးဝဲယာတစ်လျှောက်တွင် ကျင်းပသည်။**

စုပေါင်းစိုက်ပျိုး

**အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ ပြည်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းအေးနှင့်အဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်သိန်း၊ ပေါက်ခေါင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိနှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျေးရွာပြည်သူများစုစုပေါင်း ၁၀၀၀ခန့်သည် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်နှင့် အခြားအရိပ်ရပင် သစ်မျိုးပျိုးပင်ပေါင်း ၁၅၀၀၀ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။** (အောက်ပုံ) (မြို့နယ်သစ်တော)





# ရေစီးဆင်းမှုကောင်းမွန်ရေး တူးဖော်ဆောင်ရွက် ခြံစည်းရိုးကြက်ဆူပင်နှင့် ပျားလိမ္မော်များ ပုသိမ်ကြီး၌ဖြစ်ထွန်း

မန္တလေး ဩဂုတ် ၁၂

**မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်သည် အတွင်းရေးမှူး ဦးမောင်ပုနှင့် ကော်မတီဝင်များ၊ ဌာနမှူးများလိုက်ပါလျက် ဇူလိုင် ၂၆ရက် ညနေ၃နာရီက မန္တလေးမြို့တွင်းရှိ မြို့နယ်အလိုက် လမ်းများနှင့် ရေနုတ်မြောင်းများ ရေစီးဆင်းမှုအခြေအနေ၊ ပုသိမ်ကြီးမြို့နယ် ရေတံခွန်တောင်ဒေသရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ခြံအမှတ်(၁)အတွင်းရှိ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ၊ ချမ်းမြသာစည်မြို့နယ်နှင့် ပြည်ကြီးတံခွန် မြို့နယ်များအတွင်းရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဈေးများသို့သွားရောက်ပြီး ရောင်းဝယ်ဖောက်ကားမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။**

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ် အိုးဘိုရပ်ကွက်သို့ရောက်ရှိပြီး စက်ယန္တရားကြီးများဖြင့် တက်မျှောချောင်းအတွင်းမှ အမှိုက်သရိုက်၊ အညစ်အကြေးများ၊ ပေါင်းမြက်ပင်များဆယ်ယူရှင်းလင်းနေမှုနှင့် တက်မျှောချောင်းအား ရေစီးဆင်းမှုပိုမိုကောင်းမွန်စေရန်အတွက် တူးဖော်ဆောင်ရွက်နေမှုလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး သန့်ရှင်းရေးဌာန ဌာနမှူးနှင့် တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းမှာကြားသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ပုသိမ်ကြီးမြို့နယ် ရေတံခွန်တောင်ဒေသရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ စိုက်ပျိုးရေးနှင့် မွေးမြူရေးခြံအမှတ်(၁)အတွင်း စိုက်ပျိုးထားရှိသော ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်းများ၊ ပျားလိမ္မော်စိုက်ခင်းများ၊ ရာသီအလိုက် ဟင်းသီးဟင်းရွက်စိုက်ခင်းများ ရှင်သန်ဖြစ်ထွန်းမှုအခြေအနေများကိုလည်းကောင်း၊ ဝက်၊ ငါးမွေးမြူရေးလုပ်ငန်းများနှင့် ငါးဆေးထိုး သားဖောက်လုပ်ငန်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆောင်ရွက်သွားရန် ဌာနခွဲမှူးနှင့် ခြံတာဝန်ခံများအား လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် မြို့တော်ဝန်နှင့်အဖွဲ့သည် ချမ်းမြသာစည်မြို့နယ် ၅၇ လမ်း ကံသာယာမြို့သစ်အတွင်းရှိ ၅၇ လမ်းတစ်လျှောက် လမ်းအခြေအနေနှင့် ရပ်ကွက်များမှ ရေနုတ်မြောင်းများ ရေစီးဆင်းနိုင်မှု အခြေအနေများကိုလည်းကောင်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ကံသာယာဈေးအတွင်း ကုန်စည်စီးဆင်းမှုများနှင့် ရောင်းဝယ်ဖောက်ကားနေမှု အခြေအနေများကိုလည်းကောင်း**(အပေါ်ပုံ)**၊ ပြည်ကြီးတံခွန်မြို့နယ် (ဃ)ရပ်ကွက်အတွင်းရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ရန်အောင်ဈေးအတွင်းရှိ ဈေးဆိုင်များ စနစ်တကျတည်ခင်းရောင်းချနေမှုနှင့် ဈေးသန့်ရှင်းရေးလုပ်ငန်းများ၊ ရပ်ကွက်အတွင်းမှရေနုတ်မြောင်းများ ရေစီးဆင်းမှုနှင့် လမ်းအခြေအနေများကိုလည်း ကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ **(သတင်းစဉ်)**

## မြန်မာ့အသံ နားဆင်စရာ

**၁၃၆၈ ခုနှစ်**
**ဝါခေါင်လပြည့်ကျော် ၆ ရက်**
**၁၄–၈–၂၀၀၆ (တနင်္လာနေ့)**

**နံနက်ပိုင်း**

- ၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ဖောဓျင်္ဂသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

**နေ့လယ်ပိုင်း**

- ၁၁း၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (မြန်မာနိုင်ငံမှာ စိုက်ပျိုးရေး စတင်ခဲ့ပုံက)
- ၁၁း၄၀ သုတစုံစွာ သိမှတ်စရာ (အာရုတိုက်၏ ရောဂါ–သိပ္ပံမှူးတင်)
- ၁၂း၀၀ တစ်ပတ်အတွင်း သတင်းပဒေသာ
- ၁၂း၂၅ အားကစားသတင်းပဒေသာ
- ၁၂း၃၅ သီချင်းကြီးပဒေသာ
  - (၁) ကျွန်းလုံးသိမ်ကြုံးသီချင်းခန့်နှင့် သပြေပင်ဝန်းကြိုး–ဥက္ကလာရွှေ+မမိုးကြည်
  - (၂) ရေလှိုင်းကပို (ပတ်ပျိုး)–ကိုလေးမြင့်
- ၁၃း၁၀ ပညာရေးအသံလွှင့်အစီအစဉ် (မူလတန်း–ရသပညာ–ရသပညာပန်းချီအကြောင်း သိကောင်းစရာ)

**ညနေပိုင်း**

- ၁၆း၁၀ မြတ်နိုးစရာ ကျေးရွာတေးကဗျာ
  - (၁) စိန်မြရုံခြယ် အောင်ပင်လယ်
  - (၂) မောင်ဒေါနနှင့် ကွမ်းတောင်ကိုင်
  - (၃) ထွေးညို
- ၁၇း၂၀ တစ်ပတ်အတွင်း သတင်းပဒေသာ
- ၁၇း၄၀ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (ကလေးတို့ဘာသာစကားစွမ်းရည်ဖွံ့ဖြိုးဖို့ အိမ်မှာ ပံ့ပိုးပေးနိုင်မှု)
- ၁၈း၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)
- ၁၉း၁၅ ဆိုင်းအဖွဲ့ ဖျော်ဖြေခန်း (အဆို၊ အက၊ အရေး၊ အတီး ဆုရ ရန်ကုန်တိုင်းမှ ပေါက်ကျော်မဆိုင်းအဖွဲ့)
- ၂၀း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
  - (၁) မေတ္တာစမ်းရေ
  - (၂) အလှသခင်
  - (၃) ပြောရမှာက မိန်းမသား

**တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများပူးပေါင်း၍ ဇူလိုင် ၂၉ ရက်က ရာသီ သီးနှံစိုက်ခင်းအတွင်း မြေပြုပြင်ခြင်းများ စုပေါင်းဆောင်ရွက်ကြစဉ်။** (တိုင်းစည်ပင်)



# ရွှေတောင် မင်းဘူးတန်းလမ်း ရေမြောင်းတူးဖော်လုပ်ငန်းများ သတ်မှတ်ကာလပြီးစီးရေးဆောင်ရွက်

**ရွှေတောင် ဩဂုတ် ၄**

ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်သည် ဇူလိုင် ၃၁ရက်က ရွှေတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဝန်ထမ်းများဆောင်ရွက်သော မင်းဘူးတန်းလမ်းနှင့် ကြာနီကန်လမ်းတို့တွင် အုတ်ရေမြောင်းတူးဖော်မှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းဦးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂)ဦးကျော်လွင်တို့က လုပ်ငန်းဆောင်ရွက်မှုများ ရှင်းလင်းတင်ပြသည်။**(အပေါ်ပုံ)**

ထို့နောက် ညွှန်ကြားရေးမှူးသည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော လုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး အရည်အသွေးပြည့်မီရေးနှင့် သတ်မှတ်ကာလအတွင်း ပြီးစီးရေးတို့ကို အလေးထား ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

**စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း အမှုဆောင်အရာရှိ ဦးကိုကိုနှင့်အင်ဂျင်နီယာမှူး ဦးကျော်မြင့်တို့ ဦးဆောင်၍ စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ အရန် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးသူဈေးသားများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်မှုကို ဇူလိုင်၈ရက်က ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးနိုင် ကြည့်ရှုစစ်ဆေးစဉ်။** (မြို့နယ် စည်ပင်)







**တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကန်တော်ကြီးပျိုးဥယျာဉ်အတွင်း ပျိုးပင်များစိုက်ပျိုးမှု အခြေအနေကို ဇူလိုင်၁၈ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးစန်းမော်ခင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအေးချိုတို့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းဇော်ချစ်နှင့် အင်ဂျင်နီယာမှူး ဦးငွေညွှန့်တို့က ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)

## ခြံစည်းရိုး ကြက်ဆူပင် စုပေါင်းစိုက်ပျိုး

**ခေါင်လန်ဖူး ဇူလိုင် ၂၅**

ကချင်ပြည်နယ် ခေါင်လန်ဖူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ဇူလိုင် ၁၃ရက်က ၂၀၀၆–၂၀၀၇ခု ဘဏ္ဍာရေးနှစ်တွင် ခြံစည်းရိုးကြက်ဆူပင်များ လျာထားချက်ပြည့်မီရေးအတွက် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်းစိုက်ပျိုးကြရာ အမှုဆောင်အရာရှိ ဦးဂျေယော်ယဲ့ဆဲက ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(ပြည်နယ် စည်ပင်)**



# ပဲခူးတိုင်းခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ညှိနှိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များရှင်း

ရေတာရှည် သြဂုတ် ၈

**ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့၊ တောင်ငူခရိုင်အမျိုးသမီးရေးရာအဖွဲ့နှင့် ရေတာရှည်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို သြဂုတ် ၄ ရက် နံနက် ၁၁ နာရီက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။**

ရှေးဦးစွာ ပဲခူးတိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဆွေညွန့်က အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ရည်ရွယ်ချက်၊ ဦးတည်ချက်၊ ရှေ့လုပ်ငန်းစဉ်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အခြေခံရမည့် လုပ်ငန်းစဉ်များ ရှင်းလင်းပြောကြားသည်။ **(အပေါ်ဝဲပုံ)**

ထို့နောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သန်းစိန်က မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဖွဲ့စည်းပုံနှင့် လုပ်ငန်း၏ဆောင်ရွက်မှုများ၊ အဖွဲ့ဝင်အင်အား တိုးချဲ့စည်းရုံးဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့နယ်အဖွဲ့ဝင်များ၏ ရှင်းလင်းတင်ပြမှုများအပေါ် တိုင်းအမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းမှာကြားကြောင်း သိရသည်။

**(အမျိုးသမီးရေးရာ)**

# ကျန်းမာရေးနှင့် ညီညွတ်သော ဟင်းသီးဟင်းရွက်များရောင်းချရေး ရေစကြို၌ ဆောင်ရွက်

**ရေစကြို ဇူလိုင် ၃၁**

ရေစကြိုမြို့နယ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဇော်ဖြိုး၊ဈေးတာဝန်ခံ၊ဈေးဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်း၍ ဇူလိုင် ၁၂ ရက်က မြို့မဈေးကြီး ၁/၂ အတွင်း ပိုးသတ်ဆေးနှင့် ဓာတ်မြေသြဇာပါဝင်မှုများသော ဟင်းသီးဟင်းရွက်နှင့် အသီးအနှံများ ရောင်းချခြင်းများရှိမရှိကို စစ်ဆေးကြပြီး စားသုံးသူများအတွက် သန့်ရှင်းလတ်ဆတ်သော သီးနှံများရောင်းချကြရေး ပိုးသတ်ဆေးနှင့် ဓာတ်မြေသြဇာ ပါဝင်မှုများသော ဟင်းသီးဟင်းရွက်၊ သီးနှံများ ရောင်းချခြင်းမပြုကြရေး၊ကျန်းမာရေးနှင့်ညီညွတ်သော သီးနှံများသာ ရောင်းချကြရန် ပညာပေး ဟောပြောကြခြင်းနှင့် စစ်ဆေးခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။ (၂၅၁)



# မအူပင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့အားဂုဏ်ပြု စတုတ္ထအကြိမ်စာပေညီလာခံ အတွေ့အကြုံရှင်းလင်း

မအူပင် ဇူလိုင် ၃၁

**မြို့နယ်စွမ်းဆောင်ရည် ဒုတိယဆုရ မအူပင်မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့အား ဂုဏ်ပြုခြင်းနှင့် ၂၀၀၆ ခုနှစ် စတုတ္ထအကြိမ်စာပေညီလာခံ အတွေ့အကြုံရှင်းလင်းပွဲအခမ်းအနားကို ဇူလိုင် ၂၂ရက် နံနက်က မအူပင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပသည်။**

### ပြောကြား

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်က ဂုဏ်ပြုအမှာစကားပြောကြားပြီး မအူပင်မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ စတုတ္ထအကြိမ်စာပေညီလာခံ ကိုယ်စားလှယ် ဦးမြင့်သိန်း (ခြင်ကျား၊ မအူပင်)က စာပေညီလာခံ အတွေ့အကြုံများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မအူပင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ မြို့နယ်စွမ်းဆောင်ရည် ဒုတိယရရှိခြင်းအတွက် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဘိုထွန်းက ငွေကျပ်တစ်သောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးက ငွေကျပ်တစ်သောင်း၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်က ငွေကျပ်နှစ်သောင်းကို မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့အား ဂုဏ်ပြုချီးမြှင့်သည်။ **(အပေါ်ပုံ)**

ထို့နောက် မအူပင်မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့က ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် အလှူငွေကျပ် တစ်သောင်းကို ပေးအပ်လှူဒါန်းသည်။

(၄၂၁)

# မူလပေါက်ရောက်ရှင်သန်သော ကြက်ဆူပင်ထိန်းသိမ်းရေးနှင့် တိုးချဲ့ရေး ဂန့်ဂေါခရိုင်၌ ဆောင်ရွက်

**ဂန့်ဂေါ သြဂုတ် ၁**

မကွေးတိုင်း ဂန့်ဂေါခရိုင်အတွင်း မူလပေါက်ရောက်ရှင်သန်ကြီးထွားနေသော ခြံစည်းရိုးကြက်ဆူပင်များ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် တိုးချဲ့ထပ်မံစိုက်ပျိုးရေးတို့ ဆောင်ရွက်လျက်ရှိရာ ဂန့်ဂေါမြို့နယ် လယ်မကျေးရွာအနီးရှိ အမြင့် ၂၅ ပေ၊ လုံးပတ် ၃ ပေ ၈ လက်မရှိ ခြံစည်းရိုးကြက်ဆူပင်ကြီးကို ရေရှည်ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် ဂန့်ဂေါခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှဆွေသည် ဇူလိုင် ၁၇ ရက်က ကွင်းဆင်းစစ်ဆေး ဆောင်ရွက်သည်။ **(ယာပုံ)**

### အောင်မြင်လျက်ရှိ

ဂန့်ဂေါခရိုင်သည် ၂၀၀၆–၂၀၀၇ ခုနှစ်တွင် ခြံစည်းရိုးကြက်ဆူပင် ၁၀၂၂၅ ကေ၌ အပင်ပေါင်း ၁၂၂၇၀၀၀၀ စိုက်ပျိုးရန် လျာထားခဲ့ရာ ယခု ခြံစည်းရိုးကြက်ဆူပင် ၁၀၂၅၄ ဒသမ ၃၆ကေ၌ အပင်ပေါင်း ၁၂၃၀၅၂၄၀ စိုက်ပျိုးခဲ့သဖြင့် ၁၀၀ ဒသမ ၂၈ ရာခိုင်နှုန်း ခြံစည်းရိုးကြက်ဆူပင်များ ရှင်သန်အောင်မြင်လျက်ရှိကြောင်းသိရသည်။ (၂၇၃)



# ပန်းအလှပင်မျိုးစုံ ပြုစုပျိုးထောင်

**လှိုင်လင် သြဂုတ် ၆**

လှိုင်လင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြကန်သာပျိုးဥယျာဉ်အတွင်း ပန်းအလှပင်မျိုးစုံပြုစုပျိုးထောင်ခြင်းကို ဇူလိုင် ၁၀ ရက်က ဆောင်ရွက်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန့်ဇင်သိန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးစိုးနုတို့ကြီးကြပ် ဆောင်ရွက်ကြကြောင်းသိရသည်။

**(နယ်စပ်/စည်ပင်)**



**ပြင်ဦးလွင်မြို့ မြို့ပတ်လမ်း၊ အိမ်တော်လမ်းနှင့် ဒါလီလမ်းဆုံကြားရှိ လမ်းပေါက်များကို ဇူလိုင် ၁၅ ရက်က ပြုပြင်ဖာထေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေ ကြပ်မတ်ဆောင်ရွက်စဉ်။**

(မြို့နယ် စည်ပင်)

# ပညာ့အလင်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့် စာအုပ်စာတမ်းနှင့်ငွေများ ပေးအပ်လှူဒါန်း

**မင်းဘူး ဇူလိုင် ၃၁**

မင်းဘူးမြို့နယ် ကျောက်တန်းကျေးရွာ ပညာ့အလင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်လှစ်ပွဲ၊ စာအုပ်စာတမ်းနှင့်ငွေလှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၁၆ ရက်က အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်စိုး၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် ကျေးရွာဥက္ကဋ္ဌများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဦးမြင့်ဆွေက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယဦးစီးမှူး ဦးကျော်စိုး၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးခင်လတ်တို့က စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးဆောင်ရွက်ခြင်းလုပ်ငန်းစဉ်များကို ဟောပြောကြသည်။

ဆက်လက်၍ စာပေဝါသနာရှင်ပြည်သူများက စာအုပ်မျိုးစုံ ၇၈၅အုပ်နှင့် လှူဒါန်းငွေကျပ် ၈၇၀၀၀ကို ပေးအပ်လှူဒါန်းကြသည်။ အဆိုပါစာကြည့်တိုက် အဆောက်အအုံသစ်သည် သမံတလင်းခင်း၊ သွပ်မိုး၊ အုတ်ကာဖြစ်ပြီး တန်ဖိုးမှာ ငွေကျပ် သိန်း ၂၀ ကျော်ဖြစ်ကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

**ရှမ်းပြည်နယ် ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကော်မတီမှ တောင်ကြီးမြို့ပေါ်ရှိ အခြေခံပညာကျောင်းများသို့ ဇူလိုင်၂၁ရက်က မြို့နယ် ယာဉ်ထိန်းဌာနတာဝန်ခံ ရဲအုပ်မောင်မောင်ဝင်းနှင့်အဖွဲ့ ယာဉ်အန္တရာယ်ကင်းရှင်းရေး ပညာပေး ဟောပြောပြသစဉ်။**

(ခရိုင် ပြန်/ဆက်)



**မကွေးမြို့ ပြည်တော်သာလမ်း တစ်လျှောက် လမ်းဘေး ဝဲယာ ရေမြောင်းဆယ်ယူ ရှင်းလင်းမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဇော်ဝင်းနှင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ရာ ဇူလိုင် ၂၃ ရက်က မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညီဝင်းမြင့် ကြည့်ရှုစစ်ဆေးစဉ်။**

(မြို့နယ်စည်ပင်)





## ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
## ရထားပို့ဆောင်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## ချိပ်ပိတ်တင်ဒါ (Sealed Tender)များခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ (Sealed Tender)များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

**တင်ဒါအမှတ် ၀၈–/မမ/ပြည်တွင်း/သံထည်ပစ္စည်း(CE )**

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| 1. | M/S Plate, Angle, Channel | 1 Lot |
| 2. | H-Beam 450x14x18 (6 Metre) | 63 Nos |

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန် ၂၉–၈–၂၀၀၆ ရက် (အင်္ဂါနေ့) (၁၂:၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၁၄–၈–၂၀၀၆ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား**
**ကုန်သည်လမ်းနှင့် ၅၁ လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၂၉၁၉၈၂၊ ၂၉၁၉၉၄ (၂၀၁၅၅–လိုင်းခွဲ–၆၀၂၊ ၆၁၃)။**

## ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးဦးစီးဌာန၊ ဗဟိုဆေးသိုလှောင်ရေးဌာနသည် သွားစိုက်ခုံနှင့် သွားရောဂါကုပစ္စည်းကိရိယာများကို ဝယ်ယူလိုပါသဖြင့် ချိပ်ပိတ်တင်ဒါများကို တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါပုံစံများကို ဒုတိယညွှန်ကြားရေးမှူး(ဆေးပစ္စည်း)၊ဗဟိုသိုလှောင်ရေးဌာနရုံးခန်း၊ အမှတ်၅၇၊စကားဝါလမ်း၊ ဒဂုံမြို့နယ်တွင် ၁၄–၈–၂၀၀၆ ရက်မှစ၍ ရုံးချိန်အတွင်း ရယူနိုင်ပါသည်။

ချိပ်ပိတ်တင်ဒါများကို ဒုတိယညွှန်ကြားရေးမှူး(ဆေးပစ္စည်း)၊ ဗဟိုဆေးသိုလှောင်ရေးဌာနရုံးခန်းသို့ ၄–၉–၂၀၀၆ ရက်နေ့ မွန်းလွဲ ၂နာရီထက် နောက်မကျစေဘဲ တင်သွင်းရမည်ဖြစ်ပြီး နောက်ကျတင်သွင်းလာသော ချိပ်ပိတ်တင်ဒါများကို လက်ခံမည်မဟုတ်ပါ။

အသေးစိတ်အချက်အလက်များကို ဒုတိယညွှန်ကြားရေးမှူး (ဆေးပစ္စည်း)ဖုန်းအမှတ်–၃၇၁၂၈၄၊ ၃၇၁၉၆၉ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဗဟိုဆေးသိုလှောင်ရေးဌာန၊**
**ကျန်းမာရေးဦးစီးဌာန။**

## ကျေးဇူးဆပ်ပါမည်

ယာဉ်အမှတ် ဘ/၈၉၉၈ ၏ အခွန်ပုံစံ(၁)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

**ဆက်သွယ်ရန်–**
**ဦးမြင့်ဆွေ**
**အမှတ် ၆၂၇၊ စောခွန်ရာဇ်လမ်း**
**(၄၉)ရပ်ကွက်၊**
**ဒဂုံမြို့သစ် (မြောက်ပိုင်း)။**

## မိဘအမည်မှန်

ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း ပထမတန်း(L°)မှ မောင်အုပ်စိုးကျော်၏ မိဘ အမည်မှန်မှာ ဦးအောင်ကျော်စိုး၁၀/မလမ (နိုင်) ၀၆၆၃၇၇နှင့် ဒေါ်သီတာ ၁၀/မလမ(နိုင်)၀၈၃၉၃၉ ဖြစ်ပါကြောင်း။

**ဦးအောင်ကျော်စိုး–ဒေါ်သီတာ။**

## မွေးနေ့ဆုတောင်း

သားသား ထင်အောင်လူ (Gread 6၊ အထက–၁ သန်လျင် )၏ ၁၃–၈–၂၀၀၆ ရက် တွင် ကျရောက်သောမွေးနေ့မှသည် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပြီး နိုင်ငံအကျိုး၊သာသနာအကျိုးကို သယ်ပိုးဆောင်ရွက်နိုင်သူဖြစ်ပါစေ။

**ဖေကြီး – ဦးကျော်မင်းထွန်း**
**မေကြီး – ဒေါ်ဥမ္မာအေးသစ်**
**မမကြီးများ– ပါဂွန်၊ လေးလေး၊**
**သေးသေး၊ အေးအောင်၊ အေးလှိုင်။**

## ကြော်ငြာစာ

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ကွက် အကွက်အမှတ် ၅၀၆၊ ဦးပိုင်အမှတ် ၃၀၊ ၈၅ လမ်း ဘုရားကြီးကျောက်ဆစ်ဓမ္မာရုံမြောက်ဘက်ဘိုးဘပိုင်မြေကွက်အား ဒေါ်အမာတင် နိုင်ငံသားစိစစ်ရေးကတ်အမှတ် ၉/မရတ(နိုင်)၀၂၁၁၀၈က အမှုတွဲအမှတ် ၀၁၃၀/ဘ(ပြောင်း) ၂၀၀၆–၂၀၀၇ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

**ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်းထုချေစေရန်**

## အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၂၂)**
**ရန်ကုန်မြောက်ပိုင်းခရိုင် တရားမရုံးတော်၌**
**၂၀၀၅ခုနှစ်၊ တရားမကြီးမှုအမှတ်–၁၅၁နှင့် ဆက်သွယ်သည့်**
**၂၀၀၆ ခုနှစ်၊ တရားမဇာရီမှုအမှတ်–၂၅၇**

ဒေါ်မိမိခိုင် **နှင့်** ဒေါ်ယုယုလွင်(ခ)ဒေါ်ရီရီမြင့်ပါ၄ဦး
**တရားနိုင်** **တရားရှုံး**

အမှတ်(၁)တရားရှုံး ဒေါ်ယုယုလွင်(ခ)ဒေါ်ရီရီမြင့် အမှတ်–၂၉၊ လေဆိပ်ရိပ်သာလမ်း၊ ၁၀မိုင်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၀၅ ခုနှစ် တရားမကြီးမှုအမှတ်–၁၅၁တွင်ကျရှိသည့် ဒီကရီကိုအတည် ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်မိမိခိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၀၆ခုနှစ် ဩဂုတ်လ၃၁ရက်၊ (၁၃၆၈ခုနှစ် တော်သလင်းလဆန်း၉ရက်)နေ့ မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၀၆ ခုနှစ် ဩဂုတ်လ ၉ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**ဝင်းမြင့်**
**(ခရိုင်တရားသူကြီး)၊**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး။**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၉၆၁၆၃ HI BIRD ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်သန်းသန်းအေး မှတ်ပုံတင်အမှတ် ၉/မရတ(နိုင်)၀၀၉၉၈၆က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့။**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၈၁၃၁၁၊ Honda ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်မိုးသန္တာဦး၊ မှတ်ပုံတင်အမှတ် ၇/ပခန(နိုင်)၂၄၀၉၅၁က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့။**

## အများသိစေရန် သတိပေးကြေညာချက်

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၃၁ရပ်ကွက်၊ လှိုင်သီတာလမ်း အမှတ်(၂၄၅)နေ ဦးခင်လှ ၁၂/သဃက(နိုင်)၀၀၇၃၆၉၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေး ကြေညာအပ်ပါသည်။

၁။ ဦးခင်လှသည် တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက်၊ မြလေးရုံလမ်း၊ တိုက်အမှတ်(၄၇၁/၄၇၃)အခန်းအမှတ်(၂၀၄)နေဦးစိန်လွင် ၁၂/သဃက (နိုင်)၀၆၄၁၉၆အား ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၁၃/၁၀/၀၃နေ့၌ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၆၁၇၆)ဖြင့် ကိုယ်စားလှယ် လွှဲအပ်ခဲ့ပါသည်။

၂။ ဦးခင်လှသည် ဦးစိန်လွင်အား လွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာအား ယနေ့မှစ၍ ရုပ်သိမ်းလိုက်ကြောင်း သတိပေးကြေညာအပ်ပါသည်။

**ဦးခင်လှ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးခင်မောင်ရင် တရားရုံးချုပ်ရှေ့နေ(၅၁၂၃)**
**အမှတ်(၈၅)၊ မြေညီထပ်၊ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၅၃၆၉၉၀။**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၉၄၅၈၈ KENBO 90 ယာဉ်လက်ဝယ်ရှိသူအမည် ဦးကျော်ကျော်ဦး မှတ်ပုံတင်အမှတ် ၉/မရမ(နိုင်)၀၈၁၂၈၇က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့။**

## ရောင်းရန်ကြော်ငြာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)**
**မန္တလေးတိုင်းတရားရုံး**
**၂၀၀၅–ခုနှစ်၊ တရားမဇာရီမှုအမှတ်–၂၄၀(အမ်)**

မြန်မာ့စီးပွားရေးဘဏ် ၁။ ဦးသောင်းကြည်
မိတ္ထီလာမြို့။ **နှင့်** ၂။ ဒေါ်မြတင်
**တရားနိုင်** **တရားရှုံး**

၂၀၀၂ခုနှစ် တရားမကြီးမှု အမှတ်–၉၁တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၆ခုနှစ် စက်တင်ဘာလ၂၅ရက်နေ့၊ (မြန်မာသက္ကရာဇ် ၁၃၆၈ ခုနှစ် သီတင်းကျွတ်လဆန်း ၄ ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

### လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

မိတ္ထီလာမြို့၊ တောမရပ်၊ အကွက်အမှတ်(၈၅၅)ဥယျာဉ်တောင်၊ ဦးပိုင်အမှတ်(အက်ဖ်–၂၈) မြေကွက်အမှတ် (၂၈)၊ မြေချိန်ဧရိယာ ၀ဒသမ၂၄၈ ဧကရှိ မြေနှင့် ယင်းမြေပေါ်ရှိ (၂၇x၂၇)ပေ နှစ်ထပ်တိုက်၊ (၁၈x၁၈)ပေရှိ စက်ရုံ စက်ပစ္စည်းများ (၂၁x၁၂)ပေ တစ်ထပ်တိုက်(၁၆x၁၄)ပေရှိ ဂိုဒေါင် (၁၄x၁၈)ပေ မြေခင်း၊ စက်ပစ္စည်းများ၊ ဆီစက်စပါယ်ရှယ်(၂) မော်တာ။

**လေလံကြမ်းခင်းဈေး– ကျပ် ၅၉ သိန်း**

### ရောင်းချရန်စည်းကမ်းချက်များ

(၁) စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင်မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည် မဟုတ်ပါ။

(၂) လေလံတင်ရောင်းချရမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင် ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်းလာရောက်စုံစမ်းနိုင်သည်။

၂၀၀၆ခုနှစ် ဇူလိုင်လ၃၁ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**စိန်သန်း**
**တွဲဖက်တိုင်းတရားသူကြီး(၄)**
**မန္တလေးတိုင်းတရားရုံး။**

## အမွေခံသား/သမီးအဖြစ်မှ စွန့်လွှတ်ရပ်စဲပြီး သွာနုတ္တသားသမီးများဖြစ်ကြောင်း အများသိစေရန်

ဦးခင်လှ ၁၂/သဃက(နိုင်)၀၀၇၃၆၉ ၏ လွှဲအပ်ချက်အရ–

ဦးခင်လှ၏ သမီးအကြီးဖြစ်သူ မအေးအေးသန်း၊သား မောင်စိန်လွင်နှင့် သမီးငယ် မမြမြသန်း၊ သား မောင်အေးလွင်တို့ လေးဦးသည် အလုပ်အကိုင်ဝင်ငွေရလမ်းမရှိသူ အသက်အရွယ်ကြီးရင့်ပြီး ကျန်းမာရေးမကောင်းမွန်သော ဖခင်ဦးခင်လှအပေါ် ကြမ်းတမ်းရင့်သီးရိုင်းပျစွာ ဆက်ဆံလျက် တရားရုံး၌အမွေမှုစွဲဆိုခြင်း၊ အတူနေပြီး မိသားစုအား ဦးဆောင်ရှာဖွေထောက်ပံ့နေသော ညီအစ်ကို မောင်နှမတစ်ဦးဖြစ်သူ မောင်စိုးလွင်အား ရန်ပြု၍ ပြစ်မှုကြောင်းဖြင့် တရားစွဲဆိုခြင်း၊ အမွေခွဲဝေမရမခြင်း ဖခင်ဦးခင်လှအပေါ် နည်းမျိုးစုံဖြင့် စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်အောင်ဒုက္ခပေးပြီး ရန်သူသဖွယ် ပြုမူဆက်ဆံခြင်းများ ပြုမူခဲ့ကြပါသည်။ ဖခင်ဦးခင်လှသည် ၎င်းတို့၏ ရင့်သီးရိုင်းပျစွာ ရန်သူသဖွယ်ပြုမူဆက်ဆံခံရခြင်းအပေါ် သည်းမခံနိုင်သည့်အဆုံး မိသားစုနေထိုင်ရာ အိမ်နှင့်မြေကို မတန်တဆဈေးဖြင့် ရောင်းချလျက် ၎င်းတို့လေးဦးအား အသိသက်သေများရှေ့တွင် ၎င်းတို့တောင်းဆိုသော အမွေဝေစုတန်ဖိုးကို အပြီးအပြတ်ခွဲဝေပေးအပ် ခဲ့ပြီးဖြစ်ရာ မအေးအေးသန်း၊ မောင်စိန်လွင်၊ မမြမြသန်းနှင့် မောင်အေးလွင်တို့အပေါ် အမွေစားအမွေခံသားသမီးအဖြစ်မှစွန့်လွှတ်၍ သွာနုတ္တသားသမီးများအဖြစ် သတ်မှတ်ပြီး သားငယ် မောင်စိုးလွင်နှင့်အတူ မှီခိုနေထိုင်လျက်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသန်းစိုး(ထွန်း)B.A(Eco),H.G.P, R.L, D.B.L**
**တရားရုံးချုပ်ရှေ့နေ (၅၄၉၃)။**

## ရောင်းရန်ကြော်ငြာ

**(တရားမကျင့်ထုံးကိုဥပဒေ အမိန့်–၂၁၊ နည်းဥပဒေ–၆၆)၊ မန္တလေးတိုင်းတရားရုံး**
**၂၀၀၆ ခုနှစ် တရားမဇာရီမှုအမှတ်–၇၀(အမ်)**

မြန်မာ့စီးပွားရေးဘဏ်(၁) ၁။ ဦးလှရွှေ
မန္တလေးမြို့။ **နှင့်** ၂။ ဒေါ်မြနှင်း
**တရားနိုင်** **တရားရှုံး**

၂၀၀၅ခုနှစ် တရားမကြီးမှု အမှတ်၃၉၆တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၆ခုနှစ် ဩဂုတ်လ ၂၅ရက်နေ့၊ (မြန်မာသက္ကရာဇ် ၁၃၆၈ခုနှစ် တော်သလင်းလဆန်း၃ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

### လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

မိုးကုတ်မြို့ မြို့မရပ်အကွက်အမှတ်(၂၆)ဈေ့တောင်ရပ် ဦးပိုင်(၁၅၅)ဧရိယာ ၀ ဒသမ ၁၂၆ဧကရှိ ဂရန်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ(၃၀x၂၄)ပေရှိ သွပ်မိုးနှစ်ထပ်တိုက်ခံအိမ်နှင့်တွဲလျက် (၃၀ x၁၀)ပေရှိ သွပ်မိုး နံကပ်တစ်ထပ်တိုက် အဆောက်အအုံ။

**လေလံကြမ်းခင်းဈေး ကျပ်သိန်း(၁၄၀)**

### ရောင်းချရန်စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရသိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည် မဟုတ်ပါ။

(၂) လေလံတင်ရောင်းချရမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက် စုံစမ်းနိုင်သည်။

၂၀၀၆ခုနှစ် ဩဂုတ်လ၁ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေး ထိုးထုတ်ပေးလိုက်သည်။

**ချယ်ရီကြည်**
**တွဲဖက်တိုင်းတရားသူကြီး(၅)၊ မန္တလေးတိုင်းတရားရုံး၊ မန္တလေးမြို့။**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၅၀၇၅၀၊ ချန်ဖီး 90 ယာဉ်လက်ဝယ်ရှိသူအမည် ဦးတင်မောင်ထွန်း မှတ်ပုံတင်အမှတ် ၉/မသန(နိုင်)၀၂၄၆၅၃ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊(ခရိုင်ရုံး)၊**
**ကျောက်ဆည်မြို့။**



ညောင်ဦးမြို့ မဏိစည်သူ မြို့မဈေး မီးဘေးလုံခြုံရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ပူးပေါင်းပြီး ဇူလိုင်၂၅ရက်က ဈေးသူဈေးသားများ မီးငြိမ်းသတ်ရေး စနစ်တကျသရုပ်ပြ လေ့ကျင့်ကြစဉ်။

(မြို့နယ် စည်ပင်)

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော်တွင် ကြေပြားများခင်းရန်အတွက် ရန်ကင်းမြို့နယ်(၁၆)ရပ်ကွက် စွန်းလွန်းဂူကျောင်းလမ်း အမှတ်၇(ဘီ)နေ ဦးအေးမြင့်–ဒေါ်မာလာရီ၊သမီး ချမ်းချမ်းအေးမြင့်၊ စွမ်းစွမ်း အေးမြင့်မိသားစုက အလှူတော်ငွေကျပ်၁၂၁၀၀၀ကို ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သီရိသုဓမ္မမဏိဇောတရေ ဦးသန်းထွန်း (ကုံကော် ရွှေပြည်)နှင့် ဒုတိယဥက္ကဋ္ဌ ဦးကိုကိုကြီးတို့ထံ လှူဒါန်းရာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က–ပ)





မော်လမြိုင်မြို့နယ် မရမ်းကုန်းရပ်ရှိ သမိုင်းဝင် ကျိုက်သုတ်စေတီ ပရိဝုဏ်အတွင်း ဘက်စုံပြုပြင်တည်ဆောက်ရန်အတွက် ဇွန် ၂၇ ရက်က စစ်ကဲကုန်းရပ် နေ ဦးအောင်ကြည်–ဒေါ်လှရွှေ သားသမီးမြေးတစ်စုတို့က ငွေကျပ် တစ်သိန်းငါးသောင်းလှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးရွှေရင် လက်ခံယူစဉ်။ (၁၆၈)

## ဒေါ်ရှုအင်
### (သန်လျင်မြို့)
### အသက်(၈၀)

ရန်ကုန်တိုင်း၊ သန်လျင်မြို့၊ မြို့သစ်အနောက်ရပ်ကွက်၊ ဗိုလ်ချုပ်နေဝင်းလမ်း၊ အမှတ် ၁၃၇နေ (ဦးစံနား–ဒေါ်ပို)တို့၏သမီးငယ်၊ (ဦးပြုံးချို)၏ဇနီး၊ ဦးကျော်ရှိန်–ဒေါ်တင်နု၊ (ဦးဟန်ရှိန်)၊ ဒေါ်ကျင်စော–ဦးဌေးမြင့်၊ ဒေါ်စောတင်၊ ဦးရှိန်အောင်၊ ဦးဝင်းအောင်–ဒေါ်အေးအေးလွင်၊ ဦးမင်းအောင်တို့၏မိခင်၊ မောင်ဇော်လင်း၊ မောင်မြတ်သစ်၊ မောင်ရဲအောင်ထက်၊ မောင်ငြိမ်းချမ်းထက်၊ မအိရွှေစင်ထက်တို့၏အဘွားဖြစ်သူ ဒေါ်ရှုအင်(လမြတ်လျှပ်စစ်)သည် ၁၂–၈–၂၀၀၆ရက်(စနေနေ့)ည ၇း၄၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၁၄–၈–၂၀၀၆ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ သန်လျင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

## အမည်ပြောင်း

မိုးညှင်းမြို့နယ် မြို့သစ်ကလေး အထက(ခွဲ) စတုတ္ထတန်းမှ ဦးမြင့်အောင်၏သမီး မခိုင်ယဉ်မွန်အား မှတ်ပုံတင်စာရင်းအရ မကျော့ကျော့ခိုင်မွန်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မကျော့ကျော့ခိုင်မွန်။**

## အမည်ပြောင်း

အဖ ဦးလှထွေး၏သမီး အထက အင်းတိုင် အဋ္ဌမတန်း(A)တွင် ပညာသင်ကြားနေသူ မချိုဇင်ဝင်းအား ယနေ့မှစ၍ မချိုဇင်ဟု ခေါ်ပါရန်။

**မချိုဇင်။**

## ရောင်းရန်ကြော်ငြာ
### (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆)
### မိတ္ထီလာခရိုင်တရားမရုံးတော်၌
### ၂၀၀၅ခုနှစ် တရားမဇာရီမှုအမှတ် – ၇၂

| | | |
|---|---|---|
| မြန်မာ့စီးပွားရေးဘဏ် မိတ္ထီလာမြို့ | **နှင့်** | ၁။ ဦးကျော်မြင့် ၂။ ဦးမြင့်ဇော် |
| **တရားနိုင်** | | **တရားရှုံး** |

မိတ္ထီလာခရိုင်တရားမရုံးတော်၏ ၂၀၀၁ခုနှစ် တရားမကြီးမှု အမှတ် ၁၈၆တွင် ချမှတ်ထားသော ဒီကရီအရ တရားရှုံးများက တရားနိုင်ဘဏ်သို့ ပေးသွင်းရန် ငွေကျပ် ၂၄၂၆၄၉၇ကျပ် ၈၅ပြား (နှစ်ဆယ့်လေးသိန်းနှစ်သောင်းခြောက်ထောင်လေးရာကိုးဆယ့်ခုနစ်ကျပ်နှင့် ရှစ်ဆယ့်ငါးပြားတိတိ)ကို ပေးသွင်းနိုင်ရန်အတွက် အောက်ဖော်ပြပါမရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို ၂၀၀၆ခုနှစ် စက်တင်ဘာ ၁၈ရက် (၁၃၆၈ခုနှစ် တော်သလင်းလပြည့်ကျော် ၁၂ရက်) မွန်းမတည့်မီ နံနက် ၁၀နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

### လေလံရောင်းချမည့်ပစ္စည်းစာရင်း

မိတ္ထီလာမြို့၊ ကျီတော်ကုန်းရပ်ကွက်၊ ကွင်း/အကွက် အမှတ်(၁၇/စ–၁) ဦးပိုင်အမှတ်(၇၄)၊ မြေကွက်အမှတ်(၇၄)၊ ဧရိယာ ၀ ဒသမ ၀၄၃ ဧကရှိမြေနှင့် ယင်းမြေပေါ်ရှိ ၂၇ X၂၇ပေ တစ်ထပ်တိုက်၊ ရှေ့အဖီ ၆ X၉ ပေ၊ ၁၀ X၁၂ပေရှိ ရေလောင်းအိမ်သာ၊ ၆ X၆ X၂၆ပေရှိ ရေစင်၊ ၄ X၄ X၄ပေရှိ အုတ်ကန်။

**လေလံကြမ်းခင်းဈေး – ကျပ် ၄၂ သိန်း။**

### လေလံစည်းကမ်းချက်များ

၁။ ပစ္စည်းတွင် ဖော်ပြသော အချက်အလက်များမှာ တရားနိုင်ဘဏ်က တရားရုံးသို့တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့်စနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံအချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၆ခုနှစ် ဩဂုတ် ၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**မျိုးတင့်**
**ခရိုင်တရားသူကြီး**
**မိတ္ထီလာမြို့။**

## ရောင်းရန်ကြော်ငြာ
### (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)
### မိတ္ထီလာခရိုင်တရားရုံး
### ၂၀၀၆ ခုနှစ် တရားမဇာရီမှုအမှတ်–၁၀/၀၆

| | | |
|---|---|---|
| မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ် မိတ္ထီလာမြို့။ | **နှင့်** | ၁။ ဦးကျော် ၂။ (သား)ဦးသံချောင်း |
| **တရားနိုင်** | | **တရားရှုံး** |

၂၀၀၁ခုနှစ် တရားမကြီးမှုအမှတ် ၁၅၀တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၆ခုနှစ် စက်တင်ဘာ ၁၅ရက် (မြန်မာသက္ကရာဇ် ၁၃၆၈ ခုနှစ် တော်သလင်းလပြည့်ကျော် ၉ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

### လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

မိတ္ထီလာမြို့၊ပြည်သာယာရပ်ကွက်၊အကွက်အမှတ်(ဃ/ပြည်သာယာတောင်) ဦးပိုင်အမှတ်(၁၈၈) မြေချိန်ဧရိယာ ၀ ဒသမ ၀၃၄ ဧကရှိ မြေနှင့် ယင်းမြေကွက်ပေါ်ရှိ ၂၄ X၂၄ ပေရှိ လူနေတစ်ထပ်တိုက်။

**လေလံကြမ်းခင်းဈေး – ကျပ်သိန်း ၄၀။**

### ရောင်းချရန်စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာများတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၆ခုနှစ် ဇူလိုင်လ ၁၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**မေလေးညို**
**ဒုတိယခရိုင်တရားသူကြီး။**

## ဦးရွှေမောင်း (ဝမ်းတွင်း)
### B.Sc, B.Ed
### တိုင်းပညာရေးမှူး(စစ်ဆေးရေး)၊ ရန်ကုန်တိုင်း(ငြိမ်း)
### အသက်(၇၅)နှစ်

ဝမ်းတွင်းမြို့၊ ရေဆုံးရွာနေ (ဦးစံညွန့်–ဒေါ်မိုး)တို့၏သား၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အိမ်အမှတ် ၁၆၃/၄နေ (ဦးဘရီ–ဒေါ်အေးသင်)တို့၏သားသမက်၊ ဒေါ်ခင်ဌေး(ဇော်မှိုင်း၊ ရွှေချိန်သီးလုံချည်)၏ခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီးမြင့်ထွန်း(MEC)–ဒေါ်သန်းသန်းနွယ်၊ ဦးသိန်းမင်းထွန်း(နိုင်ငံခြားဝန်ကြီးဌာန)–ဒေါက်တာမိုးမိုးအောင်(ခေတ္တ–UK)၊ ဒေါက်တာအောင်အောင်(ခေတ္တ–UK)–ဒေါ်ခင်ဖြူဖြူသန်း၊ ကိုသက်နိုင်တို့၏ဖခင်၊ မောင်ငြိမ်းချမ်းစိုး၊ မောင်ကောင်းခံ၊ မောင်ရဲဝင့်ယံ၊ မောင်ရဲပြည့်မာန်၊ မခင်ခြူးလဲ့နွယ်တို့၏အဘိုးသည် ၁၁–၈–၂၀၀၆ရက် (သောကြာနေ့) နံနက် ၁၁း၅၀နာရီတွင် အာရှတော်ဝင်နှလုံးအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၃–၈–၂၀၀၆ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(အိမ်အမှတ် ၁၆၃/၄၊ ဗိုလ်ချုပ်လမ်းနေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဗိုလ်မှူးကြီးတင်ထွဋ် (ငြိမ်း)
### O.T.S°(°26°)
### (ခေတ္တရာအသင်း)
### ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ စက်မှုဆောင်ရွက်မှုလုပ်ငန်း
### အသက်(၆၇)နှစ်

ပြည်မြို့နေ (ဦးဘဉာဏ်–ဒေါ်စောခင်)တို့၏သားကြီး၊ (ဦးကျော်ဦး–ဒေါ်ပန်းယုံ)တို့၏သားသမက်၊ အမှတ် ၂၄၀၊ စရည်းပင်လမ်းသွယ်၊ သုဝဏ္ဏနေ ဒေါ်ခင်ခင်သိမ်း၏ခင်ပွန်း၊ ဦးမျိုးလွင်–ဒေါ်ခင်မိုးမိုးထွဋ်၊ ဒုတိယဗိုလ်မှူးကြီးအောင်ဆန်းဦး–ဒေါ်ခင်တိုးတိုးထွဋ်၊ ဒေါ်ခင်စိုးစိုးထွဋ်၊ ဦးကျော်ဇေယျတင်–ဒေါ်ခင်မျိုးမျိုးထွဋ်တို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၁၀–၈–၂၀၀၆ရက်(ကြာသပတေးနေ့)နံနက် ၈း၃၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၄–၈–၂၀၀၆ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဝမ်းနည်းကြေကွဲခြင်း

ဒုတိယဗိုလ်မှူးကြီးဝင်းမြင့်စိန်(ငြိမ်း) အသက်(၄၉)နှစ်သည် ၁၀–၈–၂၀၀၆ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စစ်တက္ကသိုလ်အမှတ်စဉ်(၂၂)မှ**
**သူငယ်ချင်းများ။**


အများသိစေရန်ကြေညာချက်

## ရောင်းရန်ကြော်ငြာ
### (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆)
### မိတ္ထီလာခရိုင်တရားမရုံးတော်၌
### ၂၀၀၅ခုနှစ် တရားမဇာရီမှုအမှတ် – ၇၉

| | | |
|---|---|---|
| မြန်မာ့စီးပွားရေးဘဏ် မိတ္ထီလာမြို့ | **နှင့်** | ၁။ ဦးဇော်လင်း ၂။ ဒေါ်မြင့်မြင့်သိန်း |
| **တရားနိုင်** | | **တရားရှုံး** |

မိတ္ထီလာခရိုင် တရားမရုံးတော်၏ ၂၀၀၂ခုနှစ် တရားမကြီးမှု အမှတ် ၄၃ တွင်ချမှတ်ထားသော ဒီကရီအရ တရားရှုံးများက တရားနိုင်ဘဏ်သို့ ပေးသွင်းရန် ငွေကျပ် ၂၈၂၀၉၉၉ကျပ် ၆၉ပြား(ကျပ်နှစ်ဆယ့်ရှစ်သိန်းနှစ်သောင်းကိုးရာကိုးဆယ့်ကိုးကျပ်နှင့် ခြောက်ဆယ့်ကိုးပြားတိတိ) ကိုပေးသွင်းနိုင်ရန်အတွက် အောက်ဖော်ပြပါ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို ၂၀၀၆ခုနှစ် စက်တင်ဘာ ၁၈ရက် (၁၃၆၈ခုနှစ် တော်သလင်းလပြည့်ကျော် ၁၂ရက်) မွန်းမတည့်မီ နံနက် ၁၀နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

### လေလံရောင်းချမည့်ပစ္စည်းစာရင်း

မိတ္ထီလာမြို့ ကျီတော်ကုန်းရပ်ကွက်ရှိ အကွက်အမှတ်(၁၇/ဈ) ကျီတော်ကုန်း မြေကွက်အမှတ် ၄၃၊ မြေချိန်ဧရိယာ ၀ ဒသမ ၄၂၈ ဧကရှိမြေနှင့် ၎င်းမြေပေါ်ရှိ ၂၄ X၂၄ပေ၊ အောက် ၁၆ X ၂၄ပေ မြေတိုက်ခန်းပါ တစ်ထပ်တိုက်၊ ၁၂ X ၁၆ပေ ထမင်းစားခန်း၊ ၂၃ X ၂၄ပေ ရက်ကန်းစက်ရုံ၊ ရေကန်နှစ်လုံး၊ ရေစင်၊ ရေချိုးခန်း၊ အဝီစိတွင်းနှင့် စက်ပစ္စည်းများ။

**လေလံကြမ်းခင်းဈေး – ကျပ် ၄၂ သိန်း။**

### လေလံစည်းကမ်းချက်များ

၁။ ပစ္စည်းတွင်ဖော်ပြသော အချက်အလက်များမှာ တရားနိုင်ဘဏ်က တရားရုံးသို့ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့်စနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံအချက်အလက်များကို ရောင်းချသူ အရာရှိထံ လေလံရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၆ခုနှစ် ဩဂုတ် ၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**မျိုးတင့်**
**ခရိုင်တရားသူကြီး**
**မိတ္ထီလာမြို့။**

## ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ တန်ဆောင်းဒါယကာ သမားတော်ကြီး
## ဒဂုန် ဦးဘရှင်
### မျက်စိအထူးကုဆရာကြီး
### (မိုးကုတ်ယောဂီ)
### (သာယာဝတီ၊ စစ်ကွင်း)
### အသက်(၉၆)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ် ၂၄နေ ဒေါ်မြဆွေ၏ခင်ပွန်း၊ (ဦးထွန်းအောင်)–ဒေါ်တင်တင်ရီ၊ ဗိုလ်မှူးမျိုးတင့်အောင်–ဒေါ်မြတ်မြတ်၊ ဦးကြည်ထွန်း–ဒေါ်မျိုးမျိုး(ကေကေ ဓာတ်ပုံနှင့် ဗီဒီယိုလုပ်ငန်း)၊ ဦးထွန်းဝင်း–ဒေါ်ချိုချို (ပိုင် အလှမွေးငါးဥယျာဉ်)တို့၏ ဖခင်၊ မြေး ၁၁ယောက်တို့၏ အဘိုးသည် ၁၂–၈–၂၀၀၆ရက် (စနေနေ့) ညနေ ၃း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄–၈–၂၀၀၆ရက် (တနင်္လာနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ပျဉ်းမနားမြို့နယ်အသင်း
## ဒေါ်စန်းစန်း (ပျဉ်းမနား)
### အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အရှေ့ရွှေဂုံတိုင်လမ်း၊ အောင်ချမ်းသာအိမ်ရာ၊ တိုက် ၄၊ အခန်း ၁၀၄နေ (ဦးသင်–ဒေါ်နှင်း)တို့၏ သမီး၊ (ဗိုလ်ကြီးမောင်ချင်း)၏ဇနီးသည် ၁၁–၈–၂၀၀၆ရက်တွင် ကွယ်လွန်သွားပါ၍ ၁၃–၈–၂၀၀၆ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူအသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်နှိုးဆော်အပ်ပါသည်။

အမှုဆောင်အဖွဲ့။

## ဦးစိန်ထွန်း (မုံရွာ)
### အသက်(၇၆)နှစ်

မုံရွာမြို့၊ဆူးလေကုန်းရပ်၊ပေပင်ကျောင်းလမ်းနေ ဒေါ်တင်အောင်၏ ခင်ပွန်း၊ ဒေါ်နွဲ့နွဲ့–ဦးခင်မောင်ချို၊ ဒေါ်မြင့်မြင့်ဌေး–ဦးမြင့်ဝေ၊ဒေါ်မြင့်မြင့်အေး–ဦးဇော်ဝင်း၊ ဦးသိန်းနိုင်–ဒေါ်သီတာသွင်၊ ဒေါ်ချိုချို–ဦးဇော်ဝင်းထွန်း၊ဦးအောင်အောင်–ဒေါ်ငြိမ်းငြိမ်းမင်းတို့၏ဖခင်၊ မြေး ၁၁ ယောက်တို့၏အဘိုးသည် ၁၂–၈–၂၀၀၆ရက် နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃–၈–၂၀၀၆ရက် ညနေ ၃နာရီတွင် မုံရွာမြို့ ဆားကျင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

## အမည်ပြောင်း

အဖ ဦးဇေယျာမြင့်၏သမီး ပုသိမ်မြို့ အလက(၁) Grade-8(A)မှ မသံစဉ်မြင့်အား မသူသူဟန်ဟု ပြောင်းလဲခေါ်ပါရန်။

**မသူသူဟန်။**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် လရ/၃၀၄၈ ဟွန်ဒါ 90 (MIC)ယာဉ်လက်ဝယ်ရှိသူ အမည် ဒေါ်ခင်ဌေးဝင်း ၁၃/လရန(နိုင်)၀၀၁၂၇၀က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) မိတ္တူပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။**ကညန၊ပြည်နယ်ရုံး၊(လားရှိုး)။**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၁၅၉၄၃ ဟွန်ဒါ C-90 Custom ယာဉ်လက်ဝယ်ရှိသူ အမည် ဦးတင်မောင်လှိုင် ၉/မနမ(နိုင်)၀၆၉၁၄၄က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) မိတ္တူပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး၊(မူဆယ်မြို့)။**

## ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး
## ဦးသန်းမောင် (ရဲမှူး–ငြိမ်း)
### အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ အမှတ် ၄၅၃/၄၅၅၊ မဟာဗန္ဓုလလမ်း၊ ပ–ထပ်၊ ပန်းဘဲတန်းမြို့နယ်နေ (ဦးရွှင်–ဒေါ်အေးခင်)တို့၏သား၊ (ဦးဘိုးခ–ဒေါ်အေး)တို့၏ သားသမက်၊ ဒေါ်ခင်သိန်း၏ခင်ပွန်း၊ ဒေါက်တာဦးစန်းမြင့်–ဒေါ်သန်းရင်(မြစ်ကြီးနား)၊ ဦးမြင့်ဆွေ–ဒေါ်နီနီဝင်း၊ ဒေါ်ခင်စန်းဝင်း၊ ဦးစန်းလွင်၊ ဦးမြင့်လွင်–ဒေါ်နွဲ့နွဲ့ဝေ၊ ဒေါ်တိုးတိုး၊ ဦးဝေလွင်၊ ဦးဇော်မင်း၊ (ဦးဇော်လင်း–ဒေါ်မိမိစော)၊ ဒေါ်မိမိကြူ(ကက–ဝယ်၊ မန်နေဂျာ)၊ ဦးစောနိုင်–ဒေါ်လွင်လွင်မော်တို့၏ဖခင်ကြီး၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၁၁–၈–၂၀၀၆ရက်(သောကြာနေ့) နံနက် ၁၀း၀၆နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၃–၈–၂၀၀၆ရက်(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တ သုဒဿန မဟာထေရ်
### (မဟာကမ္မဋ္ဌာနာစရိယ)
### ကျောက်ဝိုင်းတောရဓမ္မရိပ်သာ၊ ထန်းတပင်မြို့နယ်
### သက်တော်(၉၂)နှစ်၊ သိက္ခာတော်(၅၅)ဝါ

ပဲခူးတိုင်း၊ တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်၊ ကျောက်ဝိုင်းတောရ ဓမ္မရိပ်သာ ပဓာနနာယက ဆရာတော်ကြီးသည် ၁၃၆၈ခုနှစ် ဝါခေါင်လပြည့်ကျော် ၄ရက် (၁၂–၈–၂၀၀၆ရက်) စနေနေ့ နံနက် ၆း၄၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ဆရာတော်ကြီး၏ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၈ခုနှစ် ဝါခေါင်လပြည့်ကျော် ၈ ရက် (၁၆–၈–၂၀၀၆ရက်) ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁နာရီတွင် အန္တိမဈာပနသဘင် ဆင်ယင်ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဈာပနသဘင်ဆင်ယင်ကျင်းပရေးကော်မတီ
ကျောက်ဝိုင်းတောရဓမ္မရိပ်သာ၊ထန်းတပင်မြို့နယ်။

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဦးပညာစက္က
### (ရတနာအောင်မြေကျောင်းတိုက်)
### သက်တော်(၄၂)နှစ်၊ သိက္ခာတော်(၂၂)ဝါ

ငဖဲမြို့နယ်၊ ပဒါန်းကျေးရွာနေ ဦးကျော်မြင့်–ဒေါ်ကြည်တို့၏သားသည် ၁၂–၈–၂၀၀၆ရက် နံနက် ၈နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၄–၈–၂၀၀၆ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ပင့်ဆောင်၍ မီးသင်္ဂြိုဟ်ပါမည်။ [ရတနာအောင်မြေကျောင်းတိုက် ရွှေဟင်္သာလမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်မှကားများ မွန်းတည့်၁၂နာရီတွင် ထွက်ခွာပါမည်။)

ဝေယျာဝစ္စအဖွဲ့၊ရတနာအောင်မြေကျောင်းတိုက်။

## ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး
## ဗိုလ်မှူးတင်မောင်သန်း (ငြိမ်း)
### တပ်မတော်(လေ)
### O.T.S°(°37°)
### အသက်(၇၅)နှစ်

ဒီပဲယင်းမြို့နေ (ဦးဘစိန်–ဒေါ်ရွှေခင်)တို့၏သား၊ ရန်ကုန်မြို့၊ စမ်းချောင်းနေ (ဦးဖေကြီး–ဒေါ်အေးစိန်)တို့၏သားသမက်၊ ဒီပဲယင်းမြို့နေ ဒေါ်ညိုညိုဝင်း၏အစ်ကို၊ ဒုတိယဗိုလ်မှူးကြီးသန်းမြင့်ဦး (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)–ဒေါ်မျိုးကေသီ၊ ဦးဝင်းမော်သန်း–ဒေါ်ကေသီစိန်၊ ဒေါ်ဇင်နွယ်သန့် (နည်းပြ၊ ပါရဂူကျမ်းပြု၊ ပညာရေးဌာန)တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုး၊ ဒေါ်လှလှမြင့်၏ခင်ပွန်းသည် ၁၁–၈–၂၀၀၆ရက် (သောကြာနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃–၈–၂၀၀၆ရက်(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် မန္တလေးမြို့ ၆၂လမ်း၊ ၈/၂/၂၁ နေအိမ်မှ တံခွန်တိုင် တောင်မြင့်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

## ဦးမောင်ကျန်
### (ကျောက်ဖြူမြို့နယ်၊ ကလန်းတဲရွာ)
### အသက်(၆၂)နှစ်

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ကလန်းတဲရွာနေ (ဦးဖိုးစိန်ညို–ဒေါ်ငွေလောင်းဒုံ)တို့၏သား၊ ဒေါ်မိလှခိုင်၏ခင်ပွန်း၊ ဦးကျော်စံ–ဒေါ်လှလှရီ၊ ဦးမြင့်ခိုင်–ဒေါ်လှလှခင်၊ ဦးမြင့်အောင်–ဒေါ်သီတာကြီး၊ မလှလှရွှေ၊ ကိုမြင့်ထွန်း–မနီလာခိုင်တို့၏ဖခင်၊ မေရီကျော်၊ ဖူးပွင့်ကျော်၊ ပုလီ(ခ)သွယ်သွယ်ဇင်၊ မောင်မြတ်မင်းဟိန်း၊ မဇူးဇူးဝေတို့၏အဘိုးသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ၁၂–၈–၂၀၀၆ရက် နံနက် ၇း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄–၈–၂၀၀၆ရက် မွန်းလွဲ ၂နာရီတွင် လှိုင်သာယာမြို့နယ် ထိန်ပင်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (အမှတ် ၂၉၊ ကျွန်းတောကျောင်းလမ်း နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဦးညိုလေး (ဖျာပုံ)
### (ဆန်စက်ဆရာကြီး)
### အသက်(၇၆)နှစ်

ဖျာပုံမြို့၊အမှတ်(၅)ရပ်ကွက်၊၄လမ်း၊ အိမ်အမှတ် ၂၇၊ မြောက်ပိုင်းနေ ဒေါ်ညွန့်ရွှေ၏ခင်ပွန်း၊ ကိုစိုးသိန်း–မတင်တင်ညို၊ ကိုနေဝင်း၊ ကိုခင်ရွှေ၊ ကိုမျိုးအောင်–မဌေးဌေးညို၊ကိုကျော်ဇောတို့၏ဖခင်သည် ၁၂–၈–၂၀၀၆ရက် နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄–၈–၂၀၀၆ရက် မွန်းလွဲ ၁နာရီတွင် ဖျာပုံမြို့ လိပ်ဥကုန်းသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု။

## ဘုရား၊သိမ်၊ကျောင်းဒါယကာကြီး
## ဦးလှထွေး
### အသက်(၆၃)နှစ်

ရန်ကုန်တိုင်း၊တာမွေမြို့နယ်၊ဘယသုဒ္ဓိလမ်း၊ အမှတ် ၇၁၊ ပုသိမ်ညွန့်စံပြရပ်ကွက်နေ ဒေါ်ခင်ထားစိန်၏ခင်ပွန်း၊ ကိုဝင်းနိုင် (ပြည်တွင်းရေကြောင်း)–မသင်းသင်းမော်၊ ကိုအောင်နိုင်၊ ကိုထွန်းထွန်းဝင်း–မသီသီကျော်၊ ကိုရဲထွဋ်နိုင်တို့၏ဖခင်၊မြေးသုံးယောက်တို့၏အဘိုးသည် ၁၁–၈–၂၀၀၆ရက်(သောကြာနေ့) နံနက် ၁း၄၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၁၃–၈–၂၀၀၆ရက်(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၄၅နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## မောင်အောင်သူရလှိုင်
### (အရောင်းဝန်ထမ်း၊ လွယ်ဟိန်းကုမ္ပဏီလီမိတက်)
### အသက်(၂၉)နှစ်

ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်၊ ကျိုက္ကဆံရိပ်သာနေ ဦးဘိုနီ–ဒေါ်မိမိခိုင်တို့၏သား၊ ဦးခင်စန်း–ဒေါ်ခင်ဇေတို့၏ သားသမက်၊ မသက်သက်၏ခင်ပွန်း၊ မောင်အောင်ခန့်ကျော်၊ မောင်မင်းခန့်သော်တို့၏ဖခင်သည် ၁၁–၈–၂၀၀၆ရက် ညနေ ၄း၃၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃–၈–၂၀၀၆ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

**ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။** R. 488

# လှည်းကူးမြို့နယ် သပိတ်ကုန်းကျေးရွာ ဝေဠုဝန်ကျောင်းတိုက်၌ဆောက်လုပ်မည့် သိမ်၊ ဓမ္မာရုံနှင့် နှစ်ထပ်ဆွမ်းစားကျောင်းဆောင်တည်ဆောက်ရေး အလှူတော်ငွေ ပေးအပ်လှူဒါန်း

**ရန်ကုန် ဩဂုတ် ၁၂**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက်၉နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အမှတ်(၉)ရပ်ကွက် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အဆောက်အအုံခန်းမ၌ ကျင်းပသည့် ရန်ကုန်တိုင်း လှည်းကူးမြို့နယ် သပိတ်ကုန်းကျေးရွာ ဝေဠုဝန်ကျောင်းတိုက်၌ ဆောက်လုပ်လှူဒါန်းမည့် သိမ်၊ ဓမ္မာရုံနှင့် နှစ်ထပ်ဆွမ်းစားကျောင်းဆောင် တည်ဆောက်ရေးအတွက် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်ပြီး အလှူတော်ငွေများကို လက်ခံသည်။ စာမျက်နှာ ၁၄ ကော်လံ ၁ ❐



ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တိုင်း လှည်းကူးမြို့နယ် သပိတ်ကုန်းကျေးရွာ ဝေဠုဝန်ကျောင်းတိုက်၌ ဆောက်လုပ်လှူဒါန်းမည့် သိမ်၊ ဓမ္မာရုံနှင့် နှစ်ထပ်ဆွမ်းစားကျောင်းဆောင် တည်ဆောက်ရေးအတွက် အလှူရှင်တစ်ဦးထံမှ လှူဒါန်းငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

## မုတ်သုံလေအားကောင်းမည်

**ရန်ကုန် ဩဂုတ် ၁၂**

လွန်ခဲ့သော ၂၄နာရီအတွင်းက မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်း အောက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်နှင့် မကွေးတိုင်းတို့၌ နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးရွာခဲ့သည်။

ယနေ့နံနက် ၉နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။

ဩဂုတ်၁၃ရက် ညနေအထိ ခန့်မှန်းချက်အရ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့၌ နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးရွာပြီး မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့၌ နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင်၄၀အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားကောင်းမည်ဟု သိရသည်။ **(မြန်မာ့အလင်း)**

## ဩဂုတ် ၁၂ရက်၌ မိုးရွာသွန်းလေသမျှ

| | |
|---|---|
| **ဝမြို့** | ၂ ဒသမ ၉၉ လက်မ |
| **ကသာ** | ၂ ဒသမ ၁၂ လက်မ |
| **ပုသိမ်** | ၁ ဒသမ ၉၇ လက်မ |
| **မော်လမြိုင်** | ၁ ဒသမ ၉၃ လက်မ |
| **ရွှေကျင်** | ၁ ဒသမ ၇၃ လက်မ |
| **ကျောက်ဖြူ** | ၁ ဒသမ ၆၉ လက်မ |
| **ရန်ကုန်(မင်္ဂလာဒုံ)** | ၁ ဒသမ ၆၁ လက်မ |

# ရင်သွေးငယ်များကို ချစ်ပါက မိခင်နို့ရည် တိုက်ကျွေးကြ

**သတင်းမှတ်စု**
**မောင်မောင်မြင့်ဆွေ**



**ရန်ကုန် ဩဂုတ် ၁၂**

ကမ္ဘာပေါ်တွင် မိခင်နို့ရည်နှင့် ချိန်ထိုးနိုင်သော အာဟာရမရှိချေ။ သွေးမှဖြစ်သော၊ မိခင်မေတ္တာဖြင့် ပြည့်ဝနေသော နို့ရည်လောက် ရင်သွေးငယ်အား အာဟာရဓာတ် ပေးစွမ်းနိုင်သည့် နှိုင်းယှဉ်စရာ ပစ္စည်းလည်း ကမ္ဘာပေါ်တွင်မရှိချေ။ နောင်တွင်လည်း ဘယ်သောအခါမျှ ရှိလာမည်လည်း မဟုတ်ပါချေ။

**ထောက်ခံ**

ရင်သွေးငယ် တစ်ဦးအတွက် အာဟာရ ပြည့်ဝခြင်း၊ ကျန်းမာခြင်း၊ ကြီးထွားခြင်း၊ ဉာဏ်ရည်ဖွံ့ဖြိုးခြင်းနှင့် ရောဂါဘယ ကင်းဝေးခြင်းဟူသော အချက်များအားလုံးကို တစ်ပြိုင်နက်တည်း ပေးစွမ်းနိုင်သည်မှာလည်း မိခင်နို့ရည်ပင်ဖြစ်သည်။ ထို့ကြောင့် ရင်သွေးငယ်တစ်ဦး အနေဖြင့် မွေးဖွားပြီး ခြောက်လသားအရွယ်အထိ မိခင်နို့ရည်တစ်မျိုးတည်းကိုသာ တိုက်ကျွေးပါလျှင် မည်သည့် အစာအာဟာရမျှမလို၊ ပြည့်စုံသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အပြည့်အဝထောက်ခံထားသည်။

**တိုက်တွန်း**

တစ်ဖန် မိခင်နို့ရည်သည် ခြောက်လအရွယ် ကလေးငယ်တစ်ဦးအတွက် အသက်ကယ်ဆေးဖြစ်သည်။ မိမိရင်သွေးကို ချစ်မြတ်နိုးလျှင် မိခင်နို့ရည် တစ်မျိုးတည်းကိုသာ ရင်သွေးငယ် စာမျက်နှာ ၆ ကော်လံ ၁ ✡

# ဂရင်းလန်းရေခဲပြင်ကြီး လုံးဝအရည်ပျော်သွားခဲ့သော် ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင် ၂၁ ပေအထိ မြင့်တက်လာနိုင်

**အင်တာနက်အထူးသတင်း**

အော့တဝါ ဩဂုတ် ၁၂

ကနေဒါနိုင်ငံနှင့် ဥရောပတိုက်အကြားရှိ ဂရင်းလန်းရေခဲပြင်ကြီးသည် အရည်ပျော်ကျမှု အလွန်မြန်ဆန်လာနေကြောင်း ဂြိုဟ်တုတိုင်းတာရေးအစီအစဉ်များတွင် ဖော်ပြလျက်ရှိသည်။ (အောက်ပုံ)

**မြင့်တက်မှု**

အဆိုပါ ရေခဲပြင်ကြီးသည် ၂၀၀၄ခုနှစ်မှစ၍ အရည်ပျော်မှု မြန်ဆန်လာကြောင်း နာဆာ၏ ဂြိုဟ်တုမှရရှိသော စာရင်းဇယားများ၌ ဖော်ပြသည်။ ၎င်းရေခဲပြင်ကြီး လုံးဝပျော်ကျပြီး ပျောက်ကွယ်သွားခဲ့သော် ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှုမှာ ၂၁ ပေအထိ ရှိလာနိုင်သည်ဟု ဆိုသည်။

**ဖော်ပြ**

ယင်းရေခဲပြင်ကြီး၏ အရှေ့ဘက်ပိုင်းတွင် အများဆုံးအရည်ပျော်နေခြင်းဖြစ်ကြောင်း နာဆာ၏ ဂြိုဟ်တုမှတစ်ဆင့် လေ့လာနေသော အဆိုပါအဖွဲ့က သိပ္ပံဂျာနယ်တွင် ရေးသားဖော်ပြသည်။ အော်စတင်ရှိ တက္ကဆက်တက္ကသိုလ်မှ ဂျီယန်လီချန်းနှင့်အဖွဲ့က ၂၀၀၂ခုနှစ်ဧပြီလမှ ၂၀၀၅ခုနှစ် နိုဝင်ဘာလအထိ ကမ္ဘာ့ဆွဲအား လစဉ် အပြောင်းအလဲဖြစ်စဉ်များကို လေ့လာစူးစမ်းခဲ့ကြသည်။

ယခုရရှိသော အချက်အလက်များသည် အမေရိကန် အာကာသအေဂျင်စီ (နာဆာ)က ၂၀၀၂ခုနှစ်က လွှတ်တင်ထားသော ကမ္ဘာ့မြေပြင်ဆိုင်ရာ လေ့လာရေးဂြိုဟ်တုမှတစ်ဆင့် ပေးပို့သည့်အချက်အလက်များ ဖြစ်သည်။ စာမျက်နှာ ၆ ကော်လံ ၂ ✻

